# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အောင်မြင်ခြင်းအကြောင်း**

အမျက်ထွက်သောသူကို မေတ္တာတရားဖြင့် အောင်နိုင်ရာ၏။ မကောင်းသောသဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသောသူကို အဟုတ်အမှန်ပြောဆိုခြင်းဖြင့် အောင်ရာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ-၂၂၃)


၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဇွန် ၁၃ ရက်၊ တနင်္လာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၅၂)


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ကျင်းပရန် ပြန်လည်ပြင်ဆင်ရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့်ပတ်သက်၍ အောင်မြင်စွာဆွေးနွေးနိုင်ခဲ့

**ရန်ကုန် ဇွန် ၁၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁) ၏ ညှိနှိုင်းအစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရန်ကုန်ရုံးခွဲ၌ ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံကျင်းပရန်အတွက် ပြန်လည်ပြင်ဆင်ရမည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) အတွက် ထည့်သွင်းစဉ်းစားရမည့် ဆွေးနွေးချက်များအား အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ပြီး ဇူလိုင်လဆန်းတွင် ပြန်လည်တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် အခန်း (၇) နှင့် (၈)တို့တွင် ပါဝင်သော ဆွေးနွေးရန်ကျန်ရှိသည့် အချက်များနှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆွေးနွေးထည့်သွင်းမည့် အထွေထွေအခန်းကဏ္ဍတို့ကို ဆွေးနွေးခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၁ ●**



အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်တစ်နေရာကို တွေ့ရစဉ်

# လုပ်ငန်းခွင်ပျော်ရွှင်ပြီး ကုန်ထုတ်စွမ်းအားရှင်များ၏ဘဝ လှပစေချင်

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-တင်မောင်လွင်၊ မေဦးမိုး**

လစာထုတ်ရက်ဖြစ်သည့်အလျောက် အထည်ချုပ်အလုပ်သမား ကိုခင်မောင်မြင့် စိုးရိမ်မကင်း ဖြစ်နေရပြီ။ တွဲချုပ်ဘဝမှ အထည်ညှပ်ကျွမ်းကျင်သူ ဖြစ်လာသော်လည်း အထည်ချုပ်အလုပ်မှာ အလျော်အစားများက များပြားလွန်းလှသည်။ မိမိပေါ့လျော့မှုကြောင့် ယခုလကုန်တွင် လစာမှ ငွေရှစ်ထောင်နှင့် တစ်သောင်းကြား ဖြတ်ခံရမည်ကို ကြိုသိနေပြီး အလုပ်ပြောင်းလိုစိတ်က ဖြစ်ပေါ်လာသည်။ အထည်ချုပ်လုပ်ငန်းသည် ပို့ကုန်များအနက် နိုင်ငံခြားငွေကို ရှာဖွေပေးနေသည့် ရေပန်းစားလုပ်ငန်းဖြစ်လာခြင်းကို သူမသိပါ။ အထည်ချုပ်လုပ်ကိုင်သူ သူတို့လို အလုပ်သမားများအတွက် အလုပ်အကိုင်က ပေါများသည်။ ရွေးချယ်ပိုင်ခွင့်များလာသည်။

သို့သော် အလုပ်ရှင်အများစုကလည်း ရနိုင်သမျှ လစာ၊ အလျော်အစား၊ ခွင့်သတ်မှတ်ချက်များအားလုံး ခို၍ရသလောက် ခိုကြသည်။ အလုပ်သမားတို့ ဆန္ဒပြမည်ကိုတော့ မလိုလားကြ။ အလုပ်သမားများဘက်က ဆန္ဒထုတ်ဖော်တိုင်း အခွင့်အရေးများ အပြည့်အဝ ရရှိသည်တော့မဟုတ်။ ကိုခင်မောင်မြင့်ဆန္ဒက လုပ်ငန်းခွင်ကောင်းတစ်ခုတွင် မြဲမြံစွာလုပ်ကိုင်ရင်း တည်ငြိမ်စွာဖြင့် ဘဝကိုဖြတ်သန်းလိုခြင်းဖြစ်သည်။ သို့သော် စက်ရုံအလုပ်သမားဘဝသည်

*စာမျက်နှာ ၇ ကော်လံ ၁* ✻

> **❛ အလုပ်ရှင်များနှင့် အလုပ်သမားများအကြား ထိတွေ့မှုအားနည်းခြင်းများကြောင့် အလုပ်သမား အငြင်းပွားမှုဆိုင်ရာများ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း မြင်တွေ့ရ ❜**


KBZ BANK
STRENGTH OF MYANMAR
သင်္ကြန်ထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ရေကြီးရေလျှံ ဘေးအန္တရာယ်

မကြာသေးမီရက်ပိုင်းအတွင်း မြန်မာနိုင်ငံအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် မြို့ရွာအချို့တွင် ရေကြီးရေလျှံခြင်း၊ ကားလမ်း၊ ရထားလမ်းများပေါ် ရေကျော်ခြင်းစသည့်ဖြစ်ရပ်များနှင့်အတူ ရေစီးတွင်မျောပါ၍ လူသေဆုံးမှုအချို့လည်း ရှိခဲ့သည်။

လက်ရှိအခြေအနေတွင် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလျက်ရှိရာ မိုးရွာသွန်းမှုများနှင့်အတူ နေရာဒေသအနှံ့အပြား၌ သဘာဝဘေးအန္တရာယ်တို့ဖြစ်ပေါ်လာနိုင်မှုကို ကြိုတင်သတိပြုကြရန်လိုအပ်လာသည်။ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းလာပြီဆိုပါက ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ အဆောက်အအုံနှင့်သစ်ပင်များပြိုလဲခြင်း၊ ရေစီး၌မျောပါပျက်စီးခြင်း၊ လူနှင့်အိမ်မွေးတိရစ္ဆာန် ကျွဲနွားများ သေကျေပျက်စီးခြင်းတို့ ဖြစ်ပွားလေ့ရှိတတ်သည်။ ဒေသတစ်ခုအတွင်း ရေကြီးရေလျှံဖြစ်ရခြင်းအကြောင်းရင်းများအနက် ရွာသွန်းသောမိုးရေ၏ ထုထည်ပမာဏနှင့် ယင်းဒေသရှိ ချောင်း၊ မြောင်းတို့လိုက်လျောညီထွေစီးဆင်းနိုင်မှုမရှိခြင်း၊ ချောင်း၊ မြောင်းများ ပိတ်ဆို့၊ တိမ်ကောနေခြင်း၊ မြို့ ရွာများတည်ထားပုံ စနစ်မကျခြင်း စသည်တို့ အပါအဝင် အခြားအကြောင်းအရာအမျိုးမျိုးတို့ကြောင့်လည်းဖြစ်ပေါ်နိုင်သည်။

လူနေဒေသမြို့ရွာများ၌ ရေကြီးရေလျှံမှုဖြစ်ပွားရာတွင် လျှံတက်လာသောရေသည် ရေသေအဖြစ်လည်းကောင်း၊ အရှိန်အဟုန်ပြင်းစွာစီးဆင်းနေသော ရေစီးကြောင်းအဖြစ်လည်းကောင်း ဖြစ်နိုင်ပြီး “ရေသေ” သည် လည်းကောင်း၊ “ရေစီး” သည် လည်းကောင်း တစ်နည်းနည်းဖြင့် အန္တရာယ်ဖြစ်နိုင်သည်။ သို့ရာတွင် အရှိန်ပြင်းပြင်းနှင့် စီးဆင်းနေသည့် ရေစီးက ပို၍အန္တရာယ်ဖြစ်နိုင်ခြင်းကြောင့် သတိပြုကြရန်လိုအပ်သည်။

ရေအနက်လေးပေခန့် (ရင်စို့ခန့်)ရှိနေပြီး စီးဆင်းနေသောရေသည် ရေစီးနှုန်း တစ်နာရီလျှင် မိုင် ၂၀ ခန့်ရှိနေမည်ဆိုပါက ရေစီးကြောင်းကို ဖြတ်သန်းသူ လူ၊ တိရစ္ဆာန်၊ ကားစသည်တို့တွင် အန္တရာယ်ကျရောက်နိုင်မည့်အခြေအနေရှိနေပြီဖြစ်သည်။ ရေစီးနှုန်းတစ်နာရီမိုင် ၂၀ ဟုဆို ရာတွင် ရေကိုဖြတ်သန်းနေသူ၏ခြေထောက်များ မြေပြင်တွင် တည်ငြိမ်စွာ မတ်မတ်ရပ်နိုင်ရန် ခဲယဉ်းသည့်အခြေအနေမျိုးဖြစ်ပေါ်နေမည်ဖြစ်သည်။ အကယ်၍ ခြေတစ်လှမ်းလှမ်းပြီးတိုင်း နောက်တစ်လှမ်းလှမ်းနိုင်ရန်အတွက် မိမိခန္ဓာကိုယ်ကိုကြိုးစား ထိန်းမတ်နေရမည်ဆိုပါက အဆိုပါ ရေစီးကို တစ်ဦးတည်း ခြေလွတ်လက်လွတ်ကူးဖြတ်ရန် မသင့်တော့ပေ။ အကယ်၍ ကူးဖြတ်မည်ဆိုပါက ရေစီးအဟုန်တွင် လဲကျမျောပါကာ အသက်ဆုံးရှုံးသွားနိုင်သည့်အတွက် တန်း သို့မဟုတ် ကြိုးစသည်တို့ကို မိမိရရဆုပ်ကိုင်ပြီး တစ်ဦးကိုတစ်ဦးချိတ်ဆက်ဖြတ်ကူးခြင်း၊ အုပ်စုလိုက်မြဲမြံစွာလက်ချင်းချိတ်၍ သတိဖြင့်ဖြတ်ကူးခြင်းတို့ကိုသာ လုပ်ဆောင်ရမည် ဖြစ်သည်။

အလားတူပင် အရှိန်အဟုန်ဖြင့် စီးဆင်းနေသော ရေစီးကို ကားဖြင့် ဖြတ်သန်း မောင်းနှင်ခြင်းသည် အန္တရာယ်ကြီးမားလှသော လုပ်ရပ်တစ်ခုဖြစ်သည်။ ကားသည် ရေထဲ၌ရှိနေစဉ် ရေ၏ဖော့ဂုဏ်သတ္တိကြောင့် ရေစီးတွင် အလွယ်တကူမျောပါသွားနိုင်သည့်အပြင် သဲချောင်းကဲ့သို့သော ချောင်းများအတွင်း ဖြတ်ကူးရာတွင်လည်း ရေစီးအားကြောင့် ဘီးများအောက်ခြေမှ သဲများကို ရေထဲသို့ ယက်ထုတ်လိုက်သကဲ့သို့ မျောပါသွားကာ ကားမှာ ယိုင်လဲမျောပါသွားပြီး သဲများဖုံးလွှမ်းမှုကို ခံရမည်ဖြစ်သကဲ့သို့ ကားထဲမှ လူများလည်း ပြင်ပသို့ အလွယ်တကူမထွက်နိုင်ဘဲ အသက်ဆုံးရှုံးသွားနိုင်သည်။

ယခုနှစ်၏ ရာသီဥတုများကို အယ်နီညိုနှင့်လာနီညာတို့၏ အစွန်းရောက်ရာသီဥတု ဖြစ်စဉ်များက လွှမ်းမိုးနေမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်တို့က ထုတ်ဖော်ပြောကြားထားပြီးဖြစ်သည်။ သို့ဖြစ်သည့်အလျောက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းဖြစ်စဉ်တို့ကို နိုင်ငံတစ်ဝန်းဒေသအနှံ့အပြားတို့၌ မိုးကာလတစ်လျှောက် တွေ့ကြုံကြရဖွယ်ရှိသည်။ ရေကြီးရေလျှံခြင်းနှင့် ရေစီးတို့၏သဘောသဘာဝကို သိနားလည်ကာ သတိဖြင့် ဆင်ခြင်လျက် သဘာဝဘေးအန္တရာယ်ကို ဆင်ခြင်ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။



## (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဇွန် ၁၂**

(၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဇွန် ၂၄၊ ၂၅၊ ၂၆ ရက်တို့တွင် အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ကျန်ရက်များတွင်မူ ပြပွဲဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် ဇွန် ၂၀ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့ လည်းကောင်း၊ (၅၃)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီဖုန်း ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**ထင်သာမြင်သာပြုပြင်စရာ**

## ယင်းတိုင်းဆည်အောက်ရှိ ရေမြောင်းကို ပြန်လည်ပြုပြင် ဖောက်လုပ်ပေးစေလို

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု အင်းရောင်းကျေးရွာ တောင်သူလယ်သမားများအနေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန် ပျိုးထောင်ချိန်ရောက်ရှိပြီဖြစ်၍ ယင်းတိုင်းဆည်အောက်ရှိ ရေကန်နှင့် ဆည်ရေသောက်လယ်များ အတွင်းသို့ စီးဝင်သောရေမြောင်းကို ပြန်လည်ပြုပြင်ဖောက်လုပ်ပေးရန် လယ်သမားများက မျှော်လင့်နေကြကြောင်း သိရသည်။

ယင်းတိုင်းဆည်မှာ ၁၉၇၄-၇၅ ခုနှစ်ကတည်းက အင်းရောင်းကျေးရွာနေပြည်သူများ ကိုယ့်အားကိုယ်ကိုးတူးဖော်တည်ဆောက်ခဲ့ကြကြောင်း အင်းရောင်းကျေးရွာနေပြည်သူတစ်ဦးက ပြောပြသည်။

ယခင်က ယင်းတိုင်းဆည်မြောင်းမှ လွှတ်ပေးသော ရေများကို ရေမြောင်းခွဲ၍ လက်ဘယ်ချောင်း ရေကန်အတွင်းရေများ သိုလှောင်ပြီး လယ်ကိုးကေကိုလည်းကောင်း၊ လယ်ကြီးကန်၊ လက်ပံပင်ကန်နှင့် စိမ့်တွင်းကန်အတွင်း ရေသိုလှောင်ပြီး ဆည်ရေသောက် လယ် ၂၅ကေကို လည်းကောင်း စိုက်ပျိုးနိုင်ခဲ့ရုံသာမက အင်းရောင်းကျေးရွာရှိ ရွာသူရွာသားများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များရေကိုလုံလောက်စွာ သုံးစွဲနိုင်ခဲ့ကြကြောင်း သိရှိရသည်။

သို့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆည်များပြုပြင်ခြင်းလုပ်ငန်းနှင့် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ရေမြောင်းမကြီးမှာ ယခင်ရေမြောင်းထက် သုံးပေခွဲခန့် နိမ့်ကျနေခြင်း၊ ရေမြောင်းအဟောင်းအား ပြုပြင်မပေးခြင်း၊ လယ်ကြီးကန်၊ လက်ပံပင်ကန်နှင့် စိမ့်တွင်းကန်အတွင်း စီးဝင်သော ရေလွှဲမြောင်းဟောင်းကို ပိတ်ပစ်လိုက်ခြင်းတို့ကြောင့် ယခင် စိုက်ပျိုးခဲ့သော ဆည်ရေသောက် လယ်များ စိုက်ပျိုးခွင့်မရသကဲ့သို့ အင်းရောင်းကျေးရွာသူ ရွာသားများလည်း ရေကိုလုံလောက်စွာသုံးစွဲခွင့်မရတော့သဖြင့် အင်းရောင်းကျေးရွာနေ ပြည်သူများမှ ရေမြောင်းအဟောင်းအား ပြန်လည်ပြုပြင်ဖောက်လုပ်ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

**အောင်ကျော်မြင့်**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၆-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၇၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၃၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၉.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၆.၄၉ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၈၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၆.၉၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၅၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဓမ္မသဘင်များ ဆင်ယင်ကျင်းပ



**မော်စကို ဇွန် ၁၂**

သီတဂူတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ (၂၅)ဆက်မြောက် မဟာယာန ဗုဒ္ဓသံဃရာဇာနှင့် ကာမီးကီးယားပြည်နယ် ဗုဒ္ဓဘာသာ ဂိုဏ်းအုပ်ဆရာတော်တို့၏ ပင့်ဖိတ်ချက်အရ သီတဂူဗုဒ္ဓ သာသနာပြုအဖွဲ့နှင့်အတူ ဇွန် ၉ ရက်မှ ၂၃ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သာသနာပြုခရီးကြွရောက်ခဲ့သည်။

ဆရာတော်သည် ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် မော်စကိုမြို့ရှိ မြန်မာနိုင်ငံသံရုံး၌ ရုရှားတရားနာပရိသတ်များကို ကမ္ဘာပေါ်ရှိ ဘာသာကြီးလေးခု၏ အနှစ်သာရများ၊ ဗုဒ္ဓတရားတော်၏ ထူးခြားချက်၊ ဝိပဿနာ အခြေခံလမ်းစဉ်များကို ဟောကြားတော်မူခဲ့ပြီး ရုရှားပရိသတ်များ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားသည်။

ဇွန် ၁၁ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မော်စကိုစွမ်းအင်တက္ကသိုလ်ယဉ်ကျေးမှုခန်းမဆောင် **(အပေါ်ပုံ)** ၌ မြန်မာပညာတော်သင်ကျောင်းသားများအား ဗိုလ်ငါးပါးတရားတော်ကို ဟောကြားပြီး မြန်မာသံအမတ်ကြီးနှင့် ဇနီး၊ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများနှင့် စစ်ဘက်၊ အရပ်ဘက် မြန်မာပညာတော်သင် ကျောင်းသားများ၏ လှူဒါန်းမှုအစုစုကို ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ရေပေးရေး ရက် ၁၀၀ စီမံကိန်း သောက်သုံးရေကန် တူးဖော်ပြုပြင်မှု ရာနှုန်းပြည့်ပြီးစီး

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-မောင်ချစ်ကြည်**

**ကျောက်တော် ဇွန် ၁၂**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ကျေးလက် ရေပေးဝေရေးလုပ်ငန်းများကို ရက် ၁၀၀ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ သတ်မှတ်ထားသည့်လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ကျောက်တော်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်တော်မြို့နယ်အတွင်း ရက် ၁၀၀ စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် မဟာမုနိရွာ၊ တောင်ပေါက်ရွာ၊ ပုဏ္ဏားရွာနှင့် သဲပုံရွာတို့တွင် သောက်သုံးရေကန်များကို ပြုပြင်တူးဖော်နိုင်ရေး သတ်မှတ်ဆောင်ရွက်ခဲ့ရာ ဇွန်လပထမသီတင်းပတ်အတွင်း လုပ်ငန်းများအားလုံး ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဖြစ်သည်။

မဟာမုနိရွာရှိ သောက်သုံးရေကန် ရေဝပ်ဧရိယာသည် တိမ်ကောလာပြီး သောက်သုံးရေစုဆောင်းသိုလှောင်မှု နည်းပါးလာခဲ့သဖြင့် ယင်းရေကန်၏ အလျားပေ ၁၀၀၊ အနံပေ ၁၀၀ အကျယ်အဝန်းအား အနက်သုံးပေအထိ ထပ်မံတူးဖော်ခြင်းလုပ်ငန်းကို ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေကျပ်နှစ်သန်းအကုန်အကျခံကာ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်သဖြင့် မိုးရွာသွန်းမှုကြောင့် သောက်သုံးရေများ စုဆောင်းသိုလှောင်ထားနိုင်ပြီဖြစ်သည်။

ထို့အတူ တောင်ပေါက်ကျေးရွာ၌လည်း သောက်သုံးရေကန်ပြုပြင်မှုလုပ်ငန်းအဖြစ် အလျားပေ ၁၀၀၊ အနံပေ ၁၀၀ ရှိသော သောက်သုံးရေကန်အား အနက်သုံးပေအထိ ထပ်မံတူးဖော်ရေးလုပ်ငန်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ တောင်ပေါက်ကျေးရွာ သောက်သုံးရေကန်အတွက် ရေစုဆောင်းသိုလှောင်မှု ပိုမိုရရှိစေရန် ငွေကျပ်နှစ်သန်း အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ကျောက်တော်မြို့နယ် ပုဏ္ဏားရွာ၌လည်း အလျား ပေ ၁၀၀၊ အနံပေ ၁၀၀ ရှိသော သောက်သုံးရေကန်သည် တဖြည်းဖြည်းတိမ်ကောလာသဖြင့် ပြန်လည်တူးဖော်မှုပြုလုပ်ခဲ့ရာ ရေကန်အနက်သုံးပေအထိ တူးဖော်ကာ ရေသိုလှောင်မှု ပိုမိုများပြားအောင် ဆောင်ရွက်ရေးလုပ်ငန်းမှာလည်း ရာနှုန်းပြည့်ပြီးစီးခဲ့ပြီ ဖြစ်သည်။ ထို့အတူ သဲပုံရွာ၌ရှိသော အကျယ် အလျားပေ ၁၀၀၊ အနံပေ ၁၀၀ အကျယ်အဝန်းရှိသော ရေကန်ကို အနက်သုံးပေအထိ တူးဖော်ရေးလုပ်ငန်းမှာလည်း ရာနှုန်းပြည့် ပြီးစီးခဲ့ပြီဖြစ်ရာ ယခုအခါ မိုးစတင်ရွာသွန်းမှုကြောင့် သောက်သုံးရေများ ပိုမိုစုဆောင်းသိုလှောင်ထားနိုင်ပြီ ဖြစ်သည်။



မဟာမုနိရွာ၊ တောင်ပေါက်ရွာ၊ ပုဏ္ဏားရွာနှင့် သဲပုံရွာတို့၌ သောက်သုံးရေကန်လေးကန် ပြန်လည်တူးဖော်ပြုပြင်မှုကြောင့် ငွေကုန်ကျမှုမှာ ငွေကျပ်ကိုးသန်း ရှိခဲ့ကြောင်း သိရသည်။ ကျောက်တော်မြို့နယ်၌ မြို့ပေါ်ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာပေါင်း ၂၉၄ ရွာရှိရာ သောက်သုံးရေကန်များ ပြုပြင်ထိန်းသိမ်းခြင်း၊ သောက်သုံးရေ ပြတ်လပ်ရှားပါးမှု မရှိစေရန် ကြိုတင်စုဆောင်းခြင်းတို့ကို ကျေးလက်နှင့် မြို့ပေါ်နေပြည်သူများက မိုးရာသီကာလနှင့် မြစ်ရေများ ရေငန်မဝင်မီ အချိန်များတွင် သတိပြုပြီး ပိုမိုစုဆောင်း သိုလှောင်သုံးစွဲနိုင်ကြတော့မည်ဖြစ်သည်။

# စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ဒေသ၌ လွန်ခဲ့သည့် နှစ် ၃၀ ကျော်ကစိုက်ခဲ့သော ကျွန်းစိုက်ခင်းအောင်မြင်

**စဉ့်ကူး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နွယ်ရုံကျေးရွာအုပ်စု ကျည်တောက်ပေါက်ဒေသသည် ရေမြေသဘာဝ ကောင်းမွန်ကာ သဘာဝသစ်တောသစ်ပင်များ ပေါက်ရောက်လျက်ရှိပြီး အမြဲစိမ်းလန်းစိုပြည်မှုများရှိနေခြင်းတို့ကြောင့် ယင်းဒေသ၌ ရာသီဉတုမျှတကောင်းမွန်လျက်ရှိကြောင်း သိရသည်။



ထို့ပြင် လွန်ခဲ့သော နှစ် ၃၀ ကျော်က သစ်တောဦးစီးဌာနနှင့် ဒေသခံပြည်သူတို့ သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်၍ စုပေါင်းစိုက်ပျိုးခဲ့သော တစ်အုပ်တစ်မကျွန်းစိုက်ခင်းကြီးသည် ယခုအခါ ရှင်သန် ဖြစ်ထွန်းအောင်မြင်နေမှုမှာ အထူးအားရဖွယ်ကောင်းလှပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြို့နယ်သစ်တောဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ **(ဓါပုံ)**

အဆိုပါ စဉ့်ကူးကြိုးဝိုင်း အကွက်အမှတ်(၃၀)အတွင်း စိုက်ပျိုးထားသော ကျည်တောက်ပေါက်ဒေသရှိ တစ်အုပ်တစ်မကျွန်းစိုက်ခင်းကို မြို့နယ်သစ်တောဦးစီးဌာနနှင့် ပြည်သူများပူးပေါင်းပြီး ၁၉၈၅ ခုနှစ်က စိုက်ပျိုးခဲ့ကြောင်း၊ ကျွန်းစိုက်ခင်းသက်တမ်းမှာ နှစ်ပေါင်း ၃၁ နှစ်သက်တမ်းဖြစ်ကြောင်း၊ အပင်လုံးပတ်အနေဖြင့် လေးပေခန့်စီ ကြီးထွားလျက်ရှိနေပြီဖြစ်ကြောင်း၊ ကျွန်းပင်ပေါင်း ၁၆၈၆ ပင် စိုက်ပျိုးထားကြောင်း အဆိုပါကျွန်းစိုက်ခင်းမှတ်တမ်းများအရ သိရသည်။

ယခုအခါ စဉ့်ကူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် အဆိုပါကျွန်းစိုက်ခင်းအား ထိန်းသိမ်းပြီး စဉ့်ကူးမြို့ကြိုးဝိုင်း အကွက်အမှတ်(၃၀) အတွင်း သစ်စေ့ထုတ်ဧရိယာ ၂၅ ဧကအဖြစ် ၂၀၀၂ ခုနှစ်မှ စတင်၍ တည်ထောင်သတ်မှတ်ကာ နှစ်စဉ် ကျွန်းမျိုးစေ့လိုအပ်ချက်များ ပြန့်ပွားထုတ်ယူပေးလျက်ရှိကြောင်း၊ ရာသီဉတုမျှတကောင်းမွန်ပြီး သစ်တောသစ်ပင်များဖြင့် အမြဲစိမ်းလန်းစိုပြည်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

## မိုးသီးနှံများစိုက်ပျိုးအောင်မြင်မှု ကွင်းဆင်းစစ်ဆေး

**မိုးညို ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှမြင့်သည် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့်အတူ မိုးညိုမြို့နယ် မိုးသီးနှံဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ မိုးကြိုနှမ်းစိုက်ပျိုးဖြစ်ထွန်းမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဖထွော်အုပ်စု ချဉ်ပေါင်လျှော် စံပြကွက်အား ကြည့်ရှုစစ်ဆေးပြီး လျာထားချက်ကေပြည့်မီရေးနှင့် တစ်ကေအထွက်နှုန်းတိုးတက်ရေးတို့ကို ဝန်ထမ်းများက စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် မှာကြားခဲ့သည်။ ကွင်းဆင်းခရီးစဉ်တွင် ခရိုင်ဦးစီးမှူး ဒေါ်တင်မြလွင်၊ ခရိုင်စက်မှု သီးနှံတာဝန်ခံ ဦးစီးအရာရှိ ဦးနေလင်း၊ မြို့နယ်ဦးစီးမှူး ဦးရွှေအိုး၊ မြို့နယ်စက်မှု သီးနှံတာဝန်ခံ ဒေါ်အေးအေးမြင့်တို့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြင်သစ်နိုင်ငံ၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကာကွယ်ရေး၊ မြေပြင်နှင့် ဝေဟင်လုံခြုံရေးဆိုင်ရာပြပွဲ တက်ရောက်ရန်ထွက်ခွာ



**နေပြည်တော် ဇွန် ၁၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်သမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Jean-Pierre Bosser ၏ ဖိတ်ကြားချက်အရ ပြင်သစ်နိုင်ငံတွင်ကျင်းပမည့် "Eurosatory 2016" သို့တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

**(မြဝတီ)**

# ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ မြန်မာနိုင်ငံ ICT အရည်အသွေးတိုးတက်မြင့်မားရေး ဦးစားပေးဆောင်ရွက်မှုဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဇွန် ၁၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ကိုရီးယားသမ္မတနိုင်ငံ၊ ကုလသမဂ္ဂ၊ အာရှနှင့် ပစိဖိတ်ဒေသ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဌာန "United Nations Asian and Pacific Training Centre for Information and Communication Technology for Development (UN-APCICT)" ၏ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းမြို့တွင် ဇွန် ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသည့် "Regional Forum on ICT Human Capacity Development and Launch of the Women and ICT Frontier Initiative (WIFI)" သို့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်ကို UN-APCICT ၏ ၂၀၃၀ ပြည့်နှစ် လုပ်ငန်းစဉ်အရ အာရှနှင့် ပစိဖိတ်ဒေသတွင်း သတင်းနည်းပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ သတင်းနှင့် နည်းပညာရပ်ဆိုင်ရာ ပြောင်းလဲတိုးတက်မှုများအပေါ် ပြန်လည်သုံးသပ်၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အသိပညာမျှဝေမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါဖိုရမ်တွင် ဒေသတွင်း မိတ်ဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အစိုးရအရာရှိကြီးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားနိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သတင်းနည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းသည် ICT Human Capacity Development for an Inclusive Digital Society အကြောင်းအရာခေါင်းစဉ်ဖြင့် အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ ICT အရည်အသွေး တိုးတက်မြင့်မားရေး ဦးစားပေးဆောင်ရွက်ရန်များနှင့် မဟာဗျူဟာများ၊ UN-APCICT ၏ ကူညီပံ့ပိုးမှုဖြင့် ပြီးခဲ့သည့် ၁၀ နှစ်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ ICT အရည်အသွေး တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ အနာဂတ်အစီအစဉ်များနှင့်စပ်လျဉ်း၍ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး လေးမြို့နယ် ရေကြီးရေလျှံမှု ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေး

**ကျောင်းကုန်း ဇွန် ၁၂**

ဧရာရွှေမြေ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများအဖွဲ့၊ IPSI (ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတမှုဖော်ဆောင်ရေး)တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး လေးမြို့နယ် ရေကြီးရေလျှံမှုကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲကို တိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ "စိန်" ခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဦးဗဟိန်းက အမှာစကားပြောကြားပြီး လူမှုရေးဝန်ကြီး ဒေါက်တာ လှမြတ်သွေးက ထပ်ဆင့်အမှာစကားပြောကြားသည်။

ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတမှုဖော်ဆောင်ရေး အမှုဆောင် ဒါရိုက်တာ ဒေါက်တာသောင်းထွန်းက ကျောင်းကုန်းမြို့နယ်၌ ရေကြီး ရေလျှံမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ ငါးနှင့်စပါး လုပ်ကိုင်သူပဋိပက္ခများ၊ ဗေဒါများပွားများပြီး ရေစီးမှုကိုဟန့်တားကြောင်း၊ လူတစ်ဦးချင်းစီ၏ ကိုယ်စီအသိ ကိုယ်စီတာဝန်နဲ့ လူနေမှုပုံစံတွေကို ဘယ်လိုပြင်ကြမလဲ၊ ဒါးကမြစ်ကမ်းဘေးမှာ ပလတ်စတစ်များ အနှံ့အပြားတွေ့နေရကြောင်း၊ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ရေးဆိုင်ရာများ ဆွေးနွေးရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပရိုဂျက်တာဖြင့် ရေကြီးရေလျှံမှုမှတ်တမ်း ဗီဒီယိုပြသခဲ့ပြီး ကျောင်းကုန်းမြို့နယ် ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ် မင်းမနိုင်ကျေးရွာမှ ဦးဝင်းကြည်က ချောင်းကူးတံတား တည်ဆောက်မှုများကြောင့် မြစ်ချောင်းများကောလာနိုင်ကြောင်း၊ သစ်ပင်များ ချောင်းထဲသို့ လဲကျမှုများကို ရှင်းလင်းခြင်းမရှိကြောင်း၊ ကျုံတာရိုးချောင်းသည် မြေကြီးက ကျောင်းကုန်းမြို့ပိုင်ပြီး အင်းဂရန်က ပန်းတနော်မြို့ကပိုင်ကြောင်း၊ ပိတ်ဆို့မှုကြောင့် ရွာအတော်များများ ရေနစ်မြုပ်ရကြောင်း၊ နာကဆာရေနုတ်မြောင်းမှာ ဒိုက်ဖတ်များ မျောပါပိတ်ဆို့ပြီး လမ်းဖြတ်ကူးလို့ရသည်အထိ ကောလာ၍ ပြန်လည်တူးဖော်ပေးစေလိုကြောင်း ဆွေးနွေးသွားခဲ့ပြီး အစုကြီးရွာမှ ဦးရွှေမောင်းက ဂျုံးဂျုံးကျမြောင်းမှ ရေကြီးရေလျှံမှု ဖြစ်ပေါ်ရခြင်းအကြောင်းမှာ ကျုံပျော်မြို့နယ်ပိုင် ကော့သလန်ချောင်း ပိတ်ဆို့မှုကြောင့် ကျောင်းအိုင်ရွာ၊ အစုကြီးရွာနှင့် ဝက်ချောင်းရွာများ ရေနစ်မြုပ်ရကြောင်း ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကျုံပျော်မြို့နယ် ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်က ရေကြီးရေလျှံမှု တင်ပြဆွေးနွေးခဲ့ပြီး ဓနုဖြူမြို့နယ် ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်များကလည်း ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ပန်းတနော်မြို့နယ် ကိုယ်စားပြု တောင်သူလယ်သမား ကိုယ်စားလှယ်များက ရေကြီးရေလျှံမှု ဆွေးနွေးခဲ့ကြမှုအပေါ် ဆက်လက်လုပ်ဆောင်မည့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

# မြောင်းမြခရိုင်ရုံး၌ ကလေးအလုပ်သမားဆိုင်ရာ ပညာပေးဆွေးနွေး

**မြောင်းမြ ဇွန် ၁၂**

"ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့" အထိမ်းအမှတ်အဖြစ် ဇွန် ၁၂ ရက် နံနက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန မြောင်းမြခရိုင်ရုံး၌ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ ကလေးအလုပ်သမားဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်ရုံးတာဝန်ခံ ဦးမျိုးကျော်ဦး၊ ဦးစီးအရာရှိ (အလုပ်သမားဥပဒေစစ်ဆေးရေး) နှင့် ဒေါ်သန္တာဖြိုး ဦးစီးအရာရှိ (အလုပ်ရုံစစ်ဆေးရေး)တို့သည် မိမိတို့ဦးစီးဌာနမှ စည်းကြပ်သည့် အလုပ်သမားဥပဒေများပါ ကလေး၊ လူရွယ်များအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများကို အသိပညာပေးဆွေးနွေးခဲ့ရာ မြို့နယ်ရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ ပိုင်ရှင်၊ မန်နေဂျာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ )**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇွန် ၁၂**

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည်တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

(မိုး/ဇလ)



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစု ပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ၏ ညှိနှိုင်းအစည်းအဝေးတက်ရောက်သူများ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်

● ရှေ့စုံးမှ

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-( ၂၁ ) ရာစု ပင်လုံအကြိုပြင်ဆင်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက “ဇွန် ၉ ရက်ကနေ ၁၂ ရက်အထိ လေးရက်တာ အစည်းအဝေးမှာ ထိထိရောက်ရောက်နဲ့ အောင်အောင်မြင်မြင်ဖြစ်အောင် ကျင်းပပြုလုပ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တက်ရောက်လာကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ခေါင်းဆောင်ကြီးတွေရော၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နဲ့ ဆပ်ကော်မတီ(၁)မှ ကော်မတီဝင်တွေ အားလုံးဟာ အခုလို Framework Review ပြုလုပ်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုကို သေသေချာချာ စိတ်ရှည်လက်ရှည်နဲ့ ညှိနှိုင်းဆွေးနွေးကြတဲ့အတွက် အောင်အောင်မြင်မြင် ပြီးဆုံးသွားပါပြီ။ ဒါကြောင့် လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံမှာ အားလုံးပါဝင်လာနိုင်ဖို့အတွက် NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း Frame-work သုံးသပ်ဆွေးနွေးပွဲ (Frame- work Review Meeting) မှာ ပါဝင်ဆွေးနွေးနိုင်ဖို့ ထပ်မံဖိတ်ကြားမယ်။ အဖြေတစ်ခုထွက်အောင် လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့အားလုံး ရည်မှန်းထားတဲ့ ကမ္ဘာအရပ်ရပ်က စောင့်ကြည့်မျှော်လင့်နေကြတဲ့ ငြိမ်းချမ်းရေးဆိုတဲ့ ပန်းတိုင်ကြီးကို ဆုပ်ကိုင်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -( ၂၁ ) ရာစု ပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ဒုတိယဥက္ကဋ္ဌ ကရင်အမျိုးသားအစည်းအရုံး (KNU)မှ ပဒိုစောကွယ်ထူးဝင်းက “ကျွန်တော်တို့ လေးရက်မြောက် ဆွေးနွေးပွဲပြီးတဲ့အထိ သောကမရှိဘဲနဲ့ ပွင့်ပွင့်လင်းလင်းနဲ့ ကျွန်တော်တို့တာဝန်ယူရမယ့်အပိုင်းဖြစ်တဲ့ ဆွေးနွေးစဉ်းစားတဲ့နေရာမှာ ပြည့်ပြည့်စုံစုံနဲ့ ဆောင်ရွက်နိုင်ခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ကျွန်တော်တို့ပြောတဲ့ နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်ဖို့ အဓိကကျတာက Framework for Political Dialogue ဖြစ်ပါတယ်။ Frame-work ဟာ အခု ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့အတွက် အဓိကကျတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဖြစ်သလို နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် အစလည်း ဖြစ်ပါတယ်။ ဒါဟာ တစ်တိုင်းပြည်လုံးနဲ့ ဆက်စပ်နေတယ်။ ပြောရမယ်ဆိုရင် နိုင်ငံရေးပြဿနာဆိုတဲ့နေရာမှာ တိုင်းရင်းသားနဲ့ အစိုးရ နှစ်ခုတည်းဖြစ်တဲ့ ပြဿနာမဟုတ်ဘူး။ အခြားအစုအဖွဲ့တွေနဲ့ သက်ဆိုင်တဲ့ အကြောင်းတွေလည်း အများကြီးရှိပါတယ်။ ဆွေးနွေးမှုကတော့ စဉ်းစားသုံးသပ်မှုအပိုင်းမှာ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ခဲ့ပြီးပြီ”ဟု ပြောကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးကို မွန်းလွဲ၁ နာရီတွင် ရုပ်သိမ်းခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်တွင်းပြည်ပ မီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနခွဲ (မှော်ဘီ)စက်ရုံမှ မြွေဆိပ်ဖြေဆေးများ ပြည်ပသို့ တင်ပို့နိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၁၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ စက်မှုဝန်ကြီးဌာနက Family United Power Co., Ltd. သို့ ငှားရမ်းထားသည့် အမှတ် (၃၄) အကြီးစားစက်ရုံ (သာယာဝတီ) သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်း၊ မကောင်းကို ပြည်သူများက ဆုံးဖြတ်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်ကာလတွင် ပုဂ္ဂလိကထုတ်ကုန်များနှင့် အစိုးရထုတ်ကုန်များသည် ဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချရမည်ဖြစ်၍ ဈေးနှုန်းချိုသာကာ အရည်အသွေးကောင်းမွန်သည့်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် Marketing ဆင်း၍ ဈေးကွက်သုတေသနပြုလုပ်ရန် လိုကြောင်းမှာကြားပြီး စက်ရုံအတွင်း ပန်းကန်ထုတ်လုပ်မှုနည်းစဉ် အဆင့်ဆင့်နှင့် စက်ရုံငှားရမ်းကုမ္ပဏီမှ ကြွေပြားထုတ်လုပ်ရန်စက်ပစ္စည်းများ ထပ်မံဝယ်ယူ တပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ရှိ ဆေးဝါးစက်ရုံ (အင်းစိန်)ကြီးကြပ်မှုအောက်ရှိ Oral Rehydration Salt (ORS) ထုတ်လုပ်မှုဌာနသို့ရောက်ရှိပြီး ORS ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကာ လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနခွဲ (မှော်ဘီ)သို့ ရောက်ရှိကာ စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူးက မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်မြင်းများကို မြွေဆိပ်အဆင့်ဆင့်ထိုးသွင်းသည့် အခြေအနေနှင့် မြင်းမှ သွေးပြန်လည်ဖောက်ယူမှုအခြေအနေ၊ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် ရောင်းချမှုအခြေအနေ၊ ပြည်ပသို့ မြွေဆိပ်ဖြေဆေးများ တင်ပို့ရောင်းချရန် စီမံထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြွေဆိပ်ဖြေဆေးများကို အရည်အသွေးကောင်းမွန်ပြီး GMP စနစ်နှင့်အညီ ထုတ်လုပ်ရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့ရမည်ဖြစ်၍ ကျော်လွှားနိုင်အောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် အမှာစာများကို စောင့်မနေဘဲ ဝယ်ယူသုံးစွဲမည့်လုပ်ငန်းရှင်၊ အဖွဲ့အစည်းများထံ သွားရောက်တွေ့ဆုံဆွေးနွေး၍ မိမိထုတ်ကုန်ပစ္စည်းများသုံးစွဲလာအောင် ရှင်းလင်းပြသရမည်ဖြစ်ကြောင်း၊ မိမိတို့ထုတ်လုပ်သည့် ဆေးဝါးများကို ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီအောင် ထုတ်လုပ်ရန်လိုကြောင်း၊ တီထွင်ဆန်းသစ်မှုများကို အမြဲတစေ ဆောင်ရွက်နေရန်လိုကြောင်း မှာကြားပြီး စက်ရုံအတွင်း မြွေဆိပ်ထုတ်လုပ်ရန် မြွေများ မွေးမြူထားရှိသည့် အခြေအနေ၊ မြင်းများအား မြွေဆိပ်ထိုးသွင်းနေမှုအခြေအနေ၊ မြွေဆိပ်ထိုးသွင်းပြီး မြင်းမှ သွေးပြန်လည်ထုတ်ယူမှုအခြေအနေ၊



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဌာနခွဲ (မှော်ဘီ)၌ မြွေဆိပ်ဖြေဆေး စမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်

မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် မြင်း၏ သွေးအားကောင်းမွန်မှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနေသည့်အခြေအနေ၊ စမ်းသပ်ခန်းအတွင်း ကြွက်များအား ဆေးထိုးစမ်းသပ်နေမှုအခြေအနေနှင့် မြင်းများမွေးမြူထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် မီးခံဘိလပ်မြေပြား ထုတ်လုပ်ရေးဌာန (မှော်ဘီ) သို့ ရောက်ရှိပြီး မီးခံဘိလပ်မြေပြားထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းပတ်ဝန်းကျင်တွင် အမျိုးသားပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၁ ရက် ညနေ ၄ နာရီက နတ်ချစ်တောင်အနီး၌ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်စေရေးအတွက် အမျိုးသားပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအသွင်ဖြင့် သစ်တောဝန်ထမ်းမိသားစုများက စုပေါင်း၍ သစ်ပင်များ စိုက်ပျိုးခဲ့ရာ မုံရွာခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းသန်းဦးဆောင်၍ တိုင်းဒေသကြီး/ခရိုင်သစ်တောဝန်ထမ်းများ၊ ယင်းမာပင်ခရိုင်သစ်တောဝန်ထမ်းများ၊ ပုလဲမြို့နယ် သစ်တောဝန်ထမ်းများနှင့် ဆားလင်းကြီးမြို့နယ် သစ်တောဦးစီးမှူး ဦးသိန်းကြိုင်နှင့် သစ်တောဝန်ထမ်းများ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းထွန်းဦးနှင့် စိမ်း/စိုဝန်ထမ်းများက မယ်ဇယ်၊ ခရေ၊ ပိတောက်၊ ယူကလစ်၊ တမာ၊ မန်ကျည်းစသည့် အရိပ်ရသစ်ပင်မျိုးစုံ ၃၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်၍ ရွှေသမင်ခြံသို့သွားရောက်ကာ ရွှေသမင်များအား ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ရွှေသမင်များအား အစာအာဟာရများ ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းတံတားများ တည်ဆောက်လျက်ရှိ

**ဖြူး ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သနပ်ကွင်း၊ ငတိုးခင်လမ်းပေါ်ရှိ သစ်သားတံတားတည်ဆောက်လျက်ရှိကြောင်း သိရသည်။

ဧပြီ ၂၄ ရက်က စတင်တည်ဆောက်ခဲ့ပြီး အရှည်ပေ ၅၀၊ အကျယ် ၁၄ ပေ၊ အမြင့်ခုနစ်ပေရှိသည့် အဆိုပါသစ်သားတံတားတည်ဆောက်ပြီးစီးပါက ဖြူးမြို့နယ် ကညွတ်ကွင်းဒေသအတွင်းရှိ သနပ်ကွင်းကျေးရွာအုပ်စု၊ ငတိုးခင်ကျေးရွာအုပ်စုနှင့် ဇလုပ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေပြည်သူများ သွားလာမှု ပိုမိုလျင်မြန်ချောမွေ့ကောင်းမွန်လာမည်ဖြစ်ကြောင်းသိရသည်။

**ဖြူး-မြင့်ဦး**

# အမာတာကိုလေ့လာခြင်း

**အောင်ထူး**

ထိုင်းနိုင်ငံမှာရှိတဲ့အမာတာကော်ပိုရေးရှင်းရဲ့ နှစ် ၄၀ မြောက်အခမ်းအနားကို တက်ရောက်ဖို့ တစ်နေ့မှာစာရေးသူနဲ့ စီးပွားရေးသံမှူးတို့ ထိုင်းနိုင်ငံအရှေ့တောင်ပိုင်းနားမှာရှိတဲ့ အမာတာနာကွန် စက်မှုဇုန်ကိုရောက်ရှိခဲ့ပါတယ်။ အဲ့ဒီစက်မှုဇုန်အတွင်းရှိ အမာတာရဲတိုက်ကြီးနားမှာ အခမ်းအနားကို ခမ်းနားကြီးကျယ်စွာကျင်းပခဲ့ပါတယ်။ အမာတာရဲ့ အမှုဆောင်အရာရှိချုပ်ကတော့ အမာတာကော်ပိုရေးရှင်းကိုထူထောင်သူ ခွန်ဗစ်ကရွှန်ခရိုမာဒစ်ဖြစ်ပြီး အမာတာအုပ်စုရဲ့ဥက္ကဋ္ဌကတော့ ထိုင်းနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဟောင်းလည်းဖြစ်၊ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းလည်းဖြစ်တဲ့ ဒေါက်တာဆူရင်ပစ်ဆူဝမ်ပဲ ဖြစ်ပါတယ်။

အမာတာရဲ့ အဓိပ္ပာယ်ကတော့ အမရပူရမြို့လိုပါပဲ။ သက္ကတဘာသာစကားနဲ့ သေချင်းကင်းရာ သို့မဟုတ် ထာဝရရှင်သန်ခြင်းပါပဲ။ အမာတာနာခရွန် စက်မှုဇုန်ကြီးဟာ ဗန်ကောက်မြို့ကနေ ၅၇ ကီလိုမီတာဝေးကွာပြီး ထိုင်းနိုင်ငံအရှေ့ဘက်ပင်လယ်ကမ်းခြေအနီးမှာတည်ရှိပါတယ်။ ဒီစက်မှုဇုန်ဟာ ဧက ၁၀၄၀၀ ကျယ်ဝန်းပြီး အမာတာကော်ပိုရေးရှင်းရဲ့အဓိကအကြီးဆုံး လုပ်ငန်းကြီးဖြစ်ပါတယ်။ ဒီစက်မှုဇုန်မှာ ကုမ္ပဏီပေါင်း ၁၀၀၀ ကျော်ကလာရောက်ရင်းနှီးမြှုပ်နှံထားပြီး အလုပ်သမား ၁၅၀၀၀၀ ကိုအလုပ်ပေးထားနိုင်ပါတယ်။ ယင်းကုမ္ပဏီများရဲ့ စုစုပေါင်းထုတ်လုပ်မှု တန်ဖိုးဟာ ထိုင်းနိုင်ငံစုစုပေါင်း တိုင်းပြည်ထုတ်ကုန်ရဲ့ ၂၀ ရာခိုင်နှုန်းမျှရှိတယ်လို့ဆိုပါတယ်။

အမာတာကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ခွန်ဗစ်ကရွှန်ခရိုမာဒစ်နဲ့ သူ့ညီမ အမာတာရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဆွန်ဟာတိုင်းပန်နီချီဝါတို့နဲ့ ဓာတ်ပုံတွဲရိုက်ပြီး အမာတာရဲတိုက်ကြီးဘက်ကို ဆက်လျှောက်ခဲ့ရာ စက်မှုဇုန်မှာ လာရောက်ရင်းနှီးမြှုပ်နှံကြတဲ့ ကုမ္ပဏီတွေရဲ့ပြခန်းတွေကို ပြသထားပါတယ်။ ဒီကုမ္ပဏီတွေထဲမှာ ဖော်ကျွန်းမဂ္ဂဇင်းက ကမ္ဘာ့အကြီးဆုံး စီးပွားရေးလုပ်ငန်းကြီးများစာရင်း (Fortune Global 500) မှာပါဝင်တဲ့ Toyota Motor၊ Cardinal Health၊ BMW Group၊ Nestle၊ BASF၊ Hitachi၊ Sony၊ Pepsico၊ Robert Bosch၊ Posco၊ Idemitsu Kosan၊ Continental၊ Denso၊ Mitsubishi Electric ၊ Bridgestone စတဲ့ကုမ္ပဏီတွေရဲ့ ပြခန်းတွေကိုတွေ့ရပါတယ်။ ဒီပြခန်းတွေအပြင် စက်မှုဇုန်ကို လျှပ်စစ်မီးပေးတဲ့ Amata B Grimm Power Limited ကုမ္ပဏီ၊ စက်မှုဇုန်လုပ်သားတွေကို ပို့ဆောင်ပေးတဲ့ ဘတ်စ်ကားကုမ္ပဏီ၊ စက်မှုဇုန်မှာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုပေးတဲ့ ဗန်ကောက်ဘဏ်အပါအဝင် ဘဏ်လုပ်ငန်းတွေ၊ စက်မှုဇုန်မှာ စက်မှုသုံးရေပံ့ပိုးပြီးစွန့်ထွက်ရေဆိုးတွေကို သန့်စင်တဲ့ကုမ္ပဏီ၊ စက်ရုံများသုံး သဘာဝဓာတ်ငွေ့များ ပံ့ပိုးတဲ့ကုမ္ပဏီ၊ စက်ရုံတွေရဲ့လုံခြုံရေးကို ဆောင်ရွက်ပေးတဲ့ Amata Facility Services Company၊ သိုလှောင်ရုံ၊ ထုပ်ပိုးမှုနဲ့ ပို့ဆောင်မှုပြုလုပ်ပေးတဲ့ Vantec Amata Logistics(Thailand) Co., Ltd. ၊ တယ်လီဖုန်း၊ အင်တာနက်တွေကို ဝန်ဆောင်မှုပေးတဲ့ NTT ကုမ္ပဏီပြခန်းတွေကိုလည်း တွေ့ရပါတယ်။

အမာတာနာကွန်စက်မှုဇုန်မှာ လျှပ်စစ်ဓာတ်အားကို ထိုင်းနိုင်ငံအစိုးရပိုင် The Provincial Electricity Authority of Thailand (PEA) ကရရှိတဲ့ အပြင် Amata B Grimm Power Limited လို့ခေါ်တဲ့ တစ်သီးပုဂ္ဂလကုမ္ပဏီကလည်းရရှိပါတယ်။ ဒီကုမ္ပဏီဟာ B.Grimm Group ၊ Sumitomo Corporation နဲ့ Amata Corporation PCL တို့ ဖက်စပ်ထူထောင်ထားရှိပြီး စက်မှုဇုန်ကထွက်တဲ့ အမှိုက်တွေကို လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ အသုံးချတဲ့စီမံချက်ကိုလည်း ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

စက်မှုဇုန်မှ ဆက်သွယ်ရေလမ်းပန်းတွေဟာ အရေးပါတာမို့ ထိုင်းနိုင်ငံရဲ့စံချိန်စံညွှန်းအတိုင်း အနည်းဆုံး ၂၁ တန်ခံနိုင်ဝန်ရှိတဲ့လမ်းတွေကို ဖောက်လုပ်ပေးထားပါတယ်။ လမ်းခွဲတွေဟာ ၂၅ မီတာကျယ်တဲ့ ယာဉ်နှစ်စီးသွားလမ်းတွေဖြစ်ပြီး ယခုအခါမှာမီတာ ၅၀ ကျယ်တဲ့လမ်းတွေအဖြစ် တိုးချဲ့ဖောက်လုပ်နေတယ်လို့ သိရပါတယ်။ စက်မှုဇုန်အတွင်းလမ်းမကြီးတွေကတော့ ကားခြောက်စီးကနေ ၁၀ စီး

> **အမာတာကော်ပိုရေးရှင်းအနေနဲ့ စက်မှုဇုန်တွေ တိုးချဲ့တည်ဆောက်ဖို့ မျက်စိကျနေတဲ့ နိုင်ငံနှစ်ခုကတော့ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံဖြစ်ပါတယ်။ သူတို့အနေနဲ့ စီးပွားရေး တိုးတက်မှုအများဆုံးရနိုင်တဲ့ နိုင်ငံတွေလို့ သတ်မှတ်ပါတယ်။ အမာတာရဲ့ ထိုင်းနိုင်ငံပြင်ပမှာ စက်မှုဇုန်ထူထောင်ရန်ကြိုးပမ်းမှုဟာ ဗီယက်နမ်မှာတော့ အောင်မြင်သွားပါပြီ**

အထိယှဉ်ပြီးသွားလို့ရတဲ့ လမ်းတွေဖြစ်ပါတယ်။ စက်မှုဇုန်အတွင်းမှာ လမ်းကီလိုမီတာ ၁၀၀ လောက်ဖောက်ထားပြီး ဥယျာဉ်တွေ၊ သစ်ပင်တွေ၊ အစိမ်းရောင်အခင်းတွေ၊ လူသွားလမ်းတွေကိုလည်း ဖောက်လုပ်ပေးထားတယ်လို့ဆိုပါတယ်။

အမာတာကော်ပိုရေးရှင်းဟာ စက်မှုဇုန်တွေမှာ လုပ်ငန်းထူထောင်သူတွေအတွက် လိုလေသေးမရှိရအောင် perfect city များအဖြစ် ထူထောင်ပေးထားပါတယ်။ စက်မှုဇုန်တွေကို ဘိုးဘွားပိုင်မြေလို အပြီးအပိုင်ဝယ်လို့ရသလို စက်ရုံတွေလည်း ငှားရမ်းလုပ်ကိုင်နိုင်ပါတယ်။ လုပ်ငန်းစတင်ထူထောင်ချင်ရင် ညှိနှိုင်းမဟာဗျူဟာစီမံကိန်းရေးဆွဲပေးမယ့် ဝန်ဆောင်မှုလည်းရှိပါတယ်။

အမာတာစက်မှုဇုန်နားမှာ Makro လို ဟိုက်ပါမတ်ကက်ကြီးတွေ၊ ဗန်ကောက်ဆေးရုံလိုဆေးရုံတွေလည်း တွေ့ရပါတယ်။ ကာဆက်စပ်တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ဆာတစ်ကာဆက် ဘာသာစုံကျောင်း၊ ဝိုင်အမ်စီအေ၊ ထိုင်း-ဂျာမန် အင်စတီကျူစတဲ့ကျောင်းတွေလည်းရှိပြီး အပန်းဖြေဂေါက်ရိုက် ကစားနိုင်အောင်အမာတာစပရင်း ဂေါက်ကလပ်လည်းရှိပါတယ်။

ဒီအခမ်းအနားမှာ အမှုဆောင်အရာရှိချုပ် ခွန်ဗစ်ကရွှန်ခရိုမာဒစ်က ၎င်းအနေနဲ့ ၁၉၇၅ခုနှစ်က ထိုင်ဝမ်မှာ ပညာသင်ပြီးပြန်လာတော့ အမေဆီကပိုက်ဆံချေးပြီး ကုမ္ပဏီထောင်တဲ့အကြောင်း၊ အမာတာစက်မှုဇုန်ကို ၁၉၈၉ခုနှစ်မှ စတင်ထူထောင်ခဲ့ကြောင်း၊ ၁၉၉၇ခုနှစ်မှာ ထိုင်းစတော့အိတ်ချိန်းမှာစာရင်းဝင်တဲ့ အများပိုင်ကုမ္ပဏီတစ်ခုဖြစ်လာကြောင်း၊ နှစ်(၄၀)မြောက်ချိန်မှာတော့ အမာတာဟာ ထိုင်းနိုင်ငံရဲ့ ဦးဆောင်ကုမ္ပဏီကြီးဖြစ်လာကြောင်း ပြောပါတယ်။ သူဟာခရီးသွားတာကို အလွန်ဝါသနာပါပြီး ကမ္ဘာတစ်ဝန်း ဝေးလံတဲ့နေရာတွေကို သွားခဲ့ကြောင်း၊ ခရီးသွားရတာအခက်ခဲဆုံးဖြစ်တဲ့ မြန်မာနိုင်ငံကိုဧရာဝတီမြစ်ဖျားကနေ မော်တော်၊ လှေတွေနဲ့စုန်ဆင်းပြီး သွားဖူးခဲ့ကြောင်း၊ မြန်မာနိုင်ငံဟာ သူ့အတွက်ဆွဲဆောင်မှုအရှိဆုံးတိုင်းပြည်ဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

အမာတာကော်ပိုရေးရှင်းဟာ အခုအချိန်မှာ ကမ္ဘာ့ရှေ့ဆောင် စက်မှုဇုန်ကုမ္ပဏီတစ်ခုဖြစ်လာပါတယ်။ ၂၀၁၆ခုနှစ် ဧပြီလက အမာတာကော်ပိုရေးရှင်းကို ကမ္ဘာ့စီးပွားရေးဖိုရမ် (World Economic Forum-WEF) က East Asia Global Growth Company (GGC) တစ်ခုအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ဒီလိုရွေးချယ်မှုဟာ ကမ္ဘာ့စီးပွားရေးမှာ ဦးဆောင်မှုပေးနိုင်တဲ့ ကုမ္ပဏီများကိုသာ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

အမာတာကော်ပိုရေးရှင်းအနေနဲ့ စက်မှုဇုန်တွေ တိုးချဲ့တည်ဆောက်ဖို့ မျက်စိကျနေတဲ့ နိုင်ငံနှစ်ခုကတော့ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံဖြစ်ပါတယ်။ သူတို့အနေနဲ့ စီးပွားရေးတိုးတက်မှုအများဆုံးရနိုင်တဲ့ နိုင်ငံတွေလို့ သတ်မှတ်ပါတယ်။ အမာတာရဲ့ ထိုင်းနိုင်ငံပြင်ပမှာ စက်မှုဇုန်ထူထောင်ရန် ကြိုးပမ်းမှုဟာ ဗီယက်နမ်မှာတော့ အောင်မြင်သွားပါပြီ။ ဗီယက်နမ်နိုင်ငံ ဘန်ဟွာမြို့မှာဧက ၇၀၀ ရှိတဲ့ ဘက်စုံစက်မှုဇုန်တစ်ရပ်ကို ထူထောင်နိုင်ခဲ့ပါတယ်။ ဒီစက်မှုဇုန်ဟာ ဗီယက်နမ်ရဲ့ တောင်နဲ့မြောက်ကို ဆက်သွယ်ထားတဲ့ အမြန်လမ်းမကြီး အမှတ် (၁) အနီးမှာရှိပါတယ်။ ဒီစက်မှုဇုန်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံ မြှုပ်နှံမှာဖြစ်ပြီး ဗီယက်နမ်နိုင်ငံသား ၃၅၀၀၀ ကိုအလုပ်ရရှိစေလိမ့်မယ်လို့ဆိုပါတယ်။ အမာတာကော်ပိုရေးရှင်းအနေနဲ့ မြန်မာနိုင်ငံမှာ စက်မှုဇုန်ထူထောင်နိုင်ဖို့ကြိုးစားနေဆဲ ဖြစ်ပါတယ်။ သူတို့ရဲ့စက်မှုဇုန် သဘောတရားကတော့ လုပ်ငန်းထူထောင်ဖို့ တစ်နေရာတည်းမှာ အကုန်ရစေရမယ်ဆိုတဲ့ ပြီးပြည့်စုံတဲ့ Perfect City Concept ပဲဖြစ်ပါတယ်။ သူတို့ရဲ့စက်မှုဇုန် မြန်မာနိုင်ငံမှာ ထူထောင်ဖြစ်ခဲ့ရင် အမာတာရဲ့ အချိတ်အဆက်များကတစ်ဆင့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများဟာ မြန်မာနိုင်ငံမှာ အခြေချလာနိုင်မယ်။ မြန်မာနိုင်ငံသားများကိုလည်း အလုပ်အကိုင်များ ဖန်တီးပေးလာနိုင်စေမယ်။ မြန်မာနိုင်ငံရဲ့စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ကိုလည်း သိသာစွာတိုးတက်စေပြီး ဆင်းရဲနွမ်းပါးမှုများကို လျော့နည်းသက်သာစေလိမ့်မယ်လို့ အမာတာကော်ပိုရှင်းရဲ့ နှစ် ၄၀ မြောက်အခမ်းအနားကို တက်ရောက်ရင်းအတွေးဝင်လာမိခဲ့ပါတယ်။

## နေပြည်တော်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်စာရေးဝန်ထမ်း သား၊သမီးများအား ပညာသင်စရိတ်ထောက်ပံ့

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော်ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်စာရေးဝန်ထမ်း သား၊ သမီးများကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာသင်စရိတ်နှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၂ရက် နံနက် ၁၀ နာရီက နေပြည်တော်တိုင်းရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုအောင်က အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်စာရေးဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်နေသူနှင့် အခြေခံပညာထက်၊ လယ်၊ မူ တက်ရောက်နေသော ကျောင်းသားကျောင်းသူများကို တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်နှင့် ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး စိုးဝင်းတို့က ပေးအပ်ချီးမြှင့်ခဲ့ပြီး တက္ကသိုလ်တက်ရောက်သူနှင့် အခြေခံပညာထက်၊ လယ်၊ မူတက်ရောက်နေသော ကျောင်းသားကျောင်းသူများအတွက် သင်ထောက်ကူပစ္စည်းများကို တိုင်းတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်မိမိခိုင်နှင့် ဒုတိုင်းရဲတပ်ဖွဲ့မှူး၏ ဇနီး ဒေါ်ခင်အုန်းမြင့်တို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## အင်္ဂပူမြို့နယ်ကံဆည်ကျေးရွာတွင် အခမဲ့ဆေးဝါးကုသ



**အင်္ဂပူ ဇွန် ၁၂**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ပန်းတင်ကျေးရွာအုပ်စု ကံဆည်ကျေးရွာရှိ မင်္ဂလာစိတ္တသုခကျောင်းတိုက်တွင် ဇွန် ၉ ရက်က ဧရာသီရိကျန်းမာရေးစောင့်ရှောက်မှုအသင်းနှင့် နှစ်ဖက်လုပရဟိတအဖွဲ့တို့ ပူးပေါင်းပြီးလူနာများအား (အခမဲ့) ဆေးဝါးကုသခဲ့ကြောင်း သိရသည်။

အဆိုပါဆေးဝါး (အခမဲ့) ကုသခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးအောင်မြင့်စိုး ဦးဆောင်မှုဖြင့် မဲဇလီကုန်းတိုက်နယ်ဆရာဝန် ဒေါက်တာပြည့်ဖြိုးနိုင် နှင့်ကျန်းမာရေးဝန်ထမ်းများက ဆေးဝါးကုသပေးပြီး ရန်ကုန်မြို့နေ ဆေးအလှူရှင် ဦးတုစိန်- ဒေါ်သိန်းအေးမိသားစုနှင့် ကိုမိုးနှင်း-မခင်မာဝင်း ရတနာရွှေဆိုင်မိသားစု တို့ကဆေးဝါးများ လှူဒါန်းခဲ့ရာဆေးကုသရာသို့ ပန်းတင်ကျေးရွာ၊ ကံဆည်ကျေးရွာ၊ ကွမ်းသီးတောကျေးရွာ၊ ဇောင်းတန်းကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ လာရောက်ကုသခဲ့ကြောင်းသိရသည်။

**မန်းကျော်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီး တောင်စလင်းတိုက်သစ်တွင် အခမဲ့ တရုတ်စကားပြောသင်တန်းဆင်း

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့ ခင်နှင်းပညာဒါနဖောင်ဒေးရှင်းမှ ဦးစီးဖွင့်လှစ်သည့်အခမဲ့ တရုတ်စကားပြောသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က မန္တလေးမြို့ ၃၂လမ်း၊ ၆၁×၆၂ လမ်းကြားရှိ တောင်စလင်း တိုက်သစ်လေးထပ်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဆရာကြီးဦးပိုမြင့်က မြန်မာ-တရုတ်ဆက်ဆံ ရေးတိုးတက်ရန် လုပ်ဆောင်ဖို့လိုကြောင်း၊ တရုတ်-မြန်မာချစ်ကြည်ရေးပိုမိုခိုင်မြဲစေရေးနှင့်နိုင်ငံအချင်းချင်း၊ လူမျိုးအချင်း ချင်း ချစ်ကြည်ရေးနှင့်ထူးချွန်သင်တန်းသူသင်တန်းသားများ၊ တရုတ်နိုင်ငံသို့ စေလွှတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဦးခင်မောင်ထွန်း( ခင်မောင်နှင်းကျောက်ပန်းတောင်း)က သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့ရုံးစိုက်တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စီဝန်ချုပ်ရုံးမှ ဒုတိယကောင်စီဝန်ချုပ် မစ္စတာ ကျင်ရိလင်နှင့် မန္တလေးတိုင်းဒေသကြီး မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ FITC ဖူကျင်ကျောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာဦး ထွန်းနိုင်တို့က တရုတ်-မြန်မာချစ်ကြည်ရေး၊ ဘာသာစကားတတ်မြောက်လျှင် ပိုမိုထက်မြက်နိုင်ကြောင်း ပြောကြားသည်။

ထို့နောက်သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

*** ရှေ့ဖုံးမှ**

ထင်သလောက် မလွယ်ကူသေးဟုသူယူဆသည်။

“ကျွန်တော်က မလိုဘဲနဲ့ ပြဿနာမဖြစ်ချင်ဘူး။ ဒါကြောင့် အလုပ်ကတော့ မမြဲဘူး။ ဒါပေမယ့် အခွင့်အရေး တောင်းဆိုနေသူတွေကိုယ်တိုင်လည်း အလုပ်ရှင်တွေနဲ့ အမြဲကတောက်ကဆတ်ဖြစ်နေရလို့ အလုပ်က မကြာခဏပြုတ်ကြရတာနဲ့ယှဉ်ရင် အလုပ်စဝင်ကတည်းက ညှိညှိနှိုင်းနှိုင်းနဲ့ သဘောတူညီထားရတာကို ပိုကြိုက်တယ်။ ဆန္ဒပြတဲ့ အလုပ်သမားတွေကို ကိုယ်ချင်းစာတယ်။ သူတို့အတွက် ရပိုင်ခွင့်တွေ ရစေလိုတယ်။ ဒါပေမယ့် ဥပဒေနဲ့ စည်းနဲ့ဘောင်နဲ့ မှန်မှန်ကန်ကန် ညှိနှိုင်းပေးတာက ပိုအကျိုးရှိမယ်ထင်လို့ ကျွန်တော် စက်ရုံခုနစ်ရုံပြောင်းခဲ့ပေမယ့် ဘယ်တော့မှ ဆန္ဒပြ ပြဿနာဖြစ်တဲ့အထဲ ဝင်မပါခဲ့ဘူး”ဟု ရွှေပြည်သာတံတားအနီး စက်ရုံတစ်ရုံ၌ အလုပ်လုပ်ကိုင်နေသည့် ကိုခင်မောင်မြင့်က ပြောသည်။

အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများသည် စီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းလာသည်နှင့်အမျှ ဖြစ်စဉ်များ ပိုမိုများပြားလာသည်ကို မြင်တွေ့ရသည်။

နှစ်အလိုက် အငြင်းပွားမှုဆိုင်ရာ ဖြေရှင်းညှိနှိုင်းမှုများကို လေ့လာကြည့်သည့်အခါ ၂၀၁၂ခုနှစ်တွင် ခုံသမာဓိအဖွဲ့မှဖြေရှင်းပေးခဲ့ဖူးသည့် အမှုပေါင်း ၅၆ မှုရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၁၃၃ မှု၊ ၂၀၁၄ ခုနှစ်တွင် ၁၂၂ မှု၊ ၂၀၁၅ ခုနှစ်တွင် ၁၆၇ မှုနှင့် ယခုနှစ်ဝက်တာကာလအတွင်း ၁၃၄ မှုအထိရှိနေကြောင်း ခုံသမာဓိအဖွဲ့၏ စာရင်းဇယားများအရ သိရသည်။

ထို့ပြင် ခုံသမာဓိကောင်စီအထိ တက်ရောက်ခဲ့ရသည့် အလုပ်ရှင်-အလုပ်သမား အငြင်းပွားမှုဆိုင်ရာများတွင် ၂၀၁၂ ခုနှစ်တွင် ၁၈ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၅၄ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၄၂ ကြိမ်၊ ၂၀၁၅ခုနှစ်တွင် ၇၅ ကြိမ်နှင့် ယခုနှစ်ဝက်အတွင်း ၅၈ ကြိမ်ခန့်အထိ ဖြစ်ပွားခဲ့ကြောင်း ခုံသမာဓိကောင်စီမှတ်တမ်းများအရ သိရသည်။

“အလုပ်သမား အခွင့်အရေးဆိုင်ရာဥပဒေတွေ၊ နည်းဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေက ရှိထားပြီးသားပါ။ ကျွန်တော်တို့ ဝန်ကြီးဌာနက အလုပ်သမားတွေကို စက်ရုံ အလုပ်ရုံတွေအထိ သွားရောက်ပြီး ပညာပေးခဲ့သလို အလုပ်ရှင်တွေ၊ အုပ်ချုပ်စီမံသူတွေကိုလည်း နားလည်အောင် ရှင်းပြခဲ့ပါတယ်။ ဒါပေမယ့် အလုပ်ရှင်တွေရော၊ အလုပ်သမားနှစ်ဖက်စလုံးတွေမှာ ဥပဒေနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်မှု အားနည်း နေတာမြင်တွေ့ရပါတယ်။ ဒီမိုကရေစီစနစ်ကို အကောင်ထည်ဖော်နေတဲ့နေရာမှာ အလုပ်ရှင်တွေရော၊ အလုပ်သမားတွေပါ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေရော၊ အလုပ်သမားအရေး ဆောင်ရွက်ပေးကြတဲ့ တက်ကြွလှုပ်ရှားသူတွေပါအလုပ်သမားရေးရာဥပဒေတွေကို ကောင်းစွာသိထားဖို့လိုအပ်နေပြီး လိုအပ်ရင် ဝန်ကြီးဌာနရဲ့သက်ဆိုင်ရာဌာနအသီးသီးမှာ တိုင်ကြားနိုင်တယ်ဆိုတာ သိထားရမယ်”ဟု အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်းက ပြောသည်။

အထည်ချုပ်လုပ်ငန်းသို့ ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံလိုကြသူ အများစုမှာလည်း အလုပ်သမားများ မကြာခဏ ဆန္ဒပြမည့်အရေးကို စိုးရိမ်မှုတွေရှိနေသော်လည်း မှန်ကန်မျှတသည့် လုပ်ခလစာနှင့် ခံစားခွင့်များကိုသာ ပေးအပ်မည်ဆိုပါက အလုပ်သမားတွေနှင့် ပြေလည်မှုရရှိစေနိုင်သည့်အပြင် အလုပ်သမားတွေ၏ ကျွမ်းကျင်မှုများကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ဖို့အတွက် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်အသင်းမှ ကူညီရန်အသင့်ရှိနေကြောင်း အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

ထို့ပြင် အလုပ်ရှင်၊ အလုပ်သမားအကြား အဓိကအရေးကြီးဆုံးဖြစ်သည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို သေချာစွာနားလည်သဘောပေါက်ပြီး အပြန်အလှန်ညှိနှိုင်းချုပ်ဆိုခြင်းသည် အလွန်အရေးကြီးကြောင်း သိရသည်။

“အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီမှုစာချုပ်က အလွန်အရေးကြီးပါတယ်။ အလုပ်ရှင်တွေကအလုပ်သမားတွေကို အလုပ်လုပ်ဖို့အတွက်ခန့်အပ်ပြီး ရက် ၃၀ အတွင်း စာချုပ်ချုပ်ဆိုပေးရမှာ ဖြစ်ပါတယ်။ အနည်းဆုံး အခကြေးငွေဆိုင်ရာအပါအဝင် လုပ်ငန်းအမျိုးအစား၊ အလုပ်ချိန်၊ နားရက်၊ အလုပ်ပိတ်ရက်နဲ့ ခွင့်သတ်မှတ်ချက်၊ အချိန်ပိုဆင်းခြင်းတွေနဲ့ လုပ်ငန်းခွင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ အလုပ်နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းအားလုံး စာချုပ်မှာထည့်သွင်းရပါတယ်။ ဒါ့အပြင် အလုပ်ရှင်တွေရဲ့ ဝတ္တရားတွေ၊ အလုပ်သမားတွေရဲ့ ဝတ္တရားတွေအားလုံးကို ညှိနှိုင်းပြဋ္ဌာန်းရမယ်လို့ သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ လက်ရှိမှာ ပထမဆုံးအနေနဲ့ ပလိပ်မြို့အနီး အထည်ချုပ်စက်ရုံတစ်ရုံကို စာချုပ်နဲ့ကိုက်ညီမှုမရှိလို့ အရေးယူဖို့ ပြင်ဆင်နေပါပြီ။ ထို့အတူပါပဲ အလုပ်သမားတွေဘက်ကလည်း စာချုပ်ချုပ်စဉ်ကတည်းက မိမိတောင်းဆိုလိုတာတွေ၊ မိမိရပိုင်ခွင့်တွေနဲ့ အခက်အခဲတွေကို ကြိုတင်ပြောကြားထည့်သွင်းဖို့ လိုပါတယ်။ ပြဿနာတစ်ခုဖြစ်လာရင် ကျွန်တော်တို့ဆီမှာ ဥပဒေအရ No work, no pay ဖြစ်တာကြောင့် အလုပ်မလုပ်ရင် လုပ်ခဆုံးရှုံးရမှာဖြစ်သလို အလုပ်ရှင်တွေဘက်ကလည်း အများကြီးနစ်နာနိုင်တာကို သတိချပ်စေချင်ပါတယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ရှင်းပြသည်။



စစ်ကိုင်းမြို့နယ်အတွင်းရှိ သစ်အချောထည်စက်ရုံ မန်နေဂျာတစ်ဦးနှင့် ဦးခိုင်မင်းအပါအဝင် စက်ရုံအလုပ်သမား ၁၂၈ ဦးတို့အကြား အငြင်းပွားမှုတစ်ခု မေလ အတွင်းက ဖြစ်ပွားခဲ့သည်။ ယင်းဖြစ်စဉ်တွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီးခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့ အဆင့်ဆင့်ညှိနှိုင်း ဆောင်ရွက်ပေးသော်လည်း အလုပ်သမားများက နေပြည်တော်သို့ လမ်းလျှောက်ဆန္ဒထုတ်ဖော် သွားရောက်သဖြင့် ဥပဒေအရ ထိန်းသိမ်းအရေးယူခြင်းကို ခံခဲ့ရသည်။

“နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုအဆင့်ဆင့်တွေကို ကျွန်တော်တို့ ဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ အဖွဲ့အစည်းတွေက ကြိုးပမ်းခဲ့ပေမယ့် အားနည်းချက်တွေအများကြီး မြင်ရပါတယ်။ ဥပမာပြောရရင် အလုပ်ရှင်တွေဘက်ကလည်း အလုပ်သမားတွေကို စနစ်တကျ စီမံ ကွပ်ကဲနိုင်တဲ့ မြန်မာလူမျိုး မန်နေဂျာခန့်အပ်ဖို့ လိုအပ်သလို လုပ်ငန်းခွင်စည်းမျဉ်းကုန်ထုတ်စွမ်းအားကျဆင်းခြင်း၊ စက်ရုံပြင်ပ ဆန္ဒပြမှုများကြောင့် လုပ်ခလစာဆုံးရှုံးခြင်းတို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း ကျဆင်းလာစေနိုင်ကြောင်း သိရသည်။

“ပြဿနာဖြစ်လာရင် အလုပ်ရှင်တွေက အလုပ်ပိတ်လို့မရသလို အလုပ်သမားတွေကလည်း လမ်းပေါ်ထွက်ချင်တိုင်း ထွက်လို့မရပါဘူး။ လူမှုရေးတရားမျှတမှုကို ဒီမိုကရေစီနည်းလမ်းတကျ တောင်းဆိုတတ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအပြင် ဆက်စပ်လုပ်ကိုင်ကြရမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေ၊ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကလည်း ပူးပေါင်းဖို့လိုအပ်ပါတယ်။ ဥပမာပြောရရင် စက်ရုံပြင်ပထွက်ရင် ဖြစ်လာနိုင်မယ့် ပြစ်ဒဏ်တွေ၊ ဥပဒေတွေအကြောင်းကိုလည်း အလုပ်သမားတွေနားလည်အောင် ရှင်းလင်းပြောကြား ပညာပေးမှုတွေ လိုအပ်နေပါတယ်။ အလုပ်ရှင်တွေဘက်က လိုက်လျောသင့်တာတွေ လိုက်လျောပေးနိုင်ဖို့နဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနဲ့ကိုက်ညီတဲ့ ခိုင်းစေမှုတွေဖြစ်လာအောင် စီမံခန့်ခွဲမှုနေရာတွေမှာလည်း မြန်မာလူမျိုးတွေက ကြားခံရှိနေသင့်တယ်”ဟု ဦးဝင်းရှိန်က ပြောသည်။

“အလုပ်ရှင်တွေက ပြဿနာဖြစ်လာရင် ကိုယ်တိုင်ဖြေရှင်းဖို့ထက် မန်နေဂျာလောက်ပဲလွှတ်ပြီး ရှင်းပါတယ်။ ကျွန်တော်တို့ လိုလားချက်တွေကို မန်နေဂျာအဆင့်က ဖြေရှင်းပေးနိုင်တာ အများကြီးမရှိပါဘူး။ တောင်းဆိုတိုင်း၊ အငြင်းပွားတိုင်း အဆင်မပြေမှုတွေရှိနေတဲ့အတွက် အလုပ်သမားတွေက လမ်းပေါ်ထွက်တဲ့အထိ ဖြစ်လာတာမျိုးလည်း ရှိပါတယ်။ အပြန်အလှန်နားလည်မှုရှိရင် ဒီလောက်ထိ ဖြစ်မလာပါဘူး။



ဒဂုံဆိပ်ကမ်းမြို့နယ် Asia Dragon အထည်ချုပ်စက်ရုံ၌ ဇွန် ၃၀ ရက်က အလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးစဉ်

တွေ တိကျစွာထုတ်ပြန်တာ အားနည်းတာလည်းပါတယ်။ အငြင်းပွားမှုဖျန်ဖြေစဉ်မှာ အလုပ်သမားတွေကို အလုပ်ထုတ်ခဲ့တာကလည်း အလုပ်သမားအဖွဲ့အစည်း ဥပဒေနဲ့ မညီညွတ်ခဲ့ဘူး။ အလုပ်ကနေ ခွင့်မဲ့ပျက်ကွက်တာတွေကိုလည်း အရေးယူသတိပေးတာ မရှိခဲ့ဘူး။ အလုပ်သမားတွေဘက်ကလည်း အားနည်းချက်တွေ အများကြီးတွေ့ရတယ်။ စက်ရုံဝင်ပေါက်ပိတ်ပြီး ဆန္ဒပြကြတာ၊ အငြင်းပွားမှုဥပဒေတွေကို ချိုးဖောက်တာ၊ အလုပ် စည်းကမ်းဖောက်တာ၊ သပိတ်စစ်ကြောင်းနဲ့ ချီတက်ဆန္ဒပြရာမှာ သက်ဆိုင်ရာကို ခွင့်ပြုချက်မတင်တာ၊ ခုံသမာဓိအဖွဲ့ဆုံးဖြတ်ချက်မချခင် ဆက်လက်သပိတ်မှောက်တာ၊ အမှုကြားနာတာတွေမှာ လာရောက်ဖြေရှင်းတာမျိုးမလုပ်ခဲ့တာ၊ သက်ဆိုင်ရာမြို့နယ်ရုံးတွေကို ကြုံတွေ့နေရတဲ့ အချက်အလက်တွေ တင်ပြတိုင်ကြားမှု အားနည်းတာတွေ ရှိခဲ့တယ်။ ဒါကြောင့်လည်း အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေဟာ အင်အားသုံးသလောက် အကျိုးမများခဲ့ဘဲ ဟာကွက်တွေဖြစ်လာခဲ့ရတယ်။ ဒါတွေကို ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး စေ့စေ့စီးစီးသာ မျက်နှာစုံညီဖြေရှင်းနိုင်ခဲ့ရင် နှစ်ဦးနှစ်ဖက်နစ်နာမှုအနည်းဆုံးဖြစ်မယ်လို့ ကျွန်တော်ထင်တယ်”ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထောက်ပြသည်။

ဆန္ဒထုတ်ဖော်မှုများသည် အပြုသဘောဆောင်သည့် ထုတ်ဖော်မှုများဖြစ်သင့်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါက အကောင်းဆုံး ဖြေရှင်းနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း အလုပ်သမားအရေး ဆောင်ရွက်နေသူတစ်ဦးဖြစ်သည့် ကိုဇလက ပြောကြားသည်။ အလုပ်သမားတွေကလည်း အလုပ်သမားအခွင့်အရေးများနှင့် အလုပ်သမားစည်းမျဉ်း စည်းကမ်းများကိုသိရှိကာ မိမိတို့ဆန္ဒကိုထုတ်ဖော်ခွင့်ရရန် ကြိုးပမ်းသင့်ကြောင်း အကြံပြုသည်။

“ဖြစ်စဉ်တွေအများစုမှာ ရက်ကြာလာတာနဲ့ တောင်းဆိုချက်တွေ တိုးလာတာတွေ့ရပါတယ်။ ညှိရင်းနဲ့ အဆင်မပြေမှုတွေက ပိုဖြစ်လာတယ်။ အလုပ်သမား ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေဟာ အမှန်တကယ် ကိုယ်စားပြုကြဖို့ လိုအပ်ပြီး ဦးဆောင်နေသူတွေရဲ့ဆုံးဖြတ်ချက်မှန်ကန်ဖို့ကလည်း အရေးကြီးပါတယ်။ မှားယွင်းတဲ့ ဦးဆောင်မှုတွေ မဖြစ်စေလိုသလို ဖြေရှင်းကြတဲ့အခါမှာ အများစုက ရပိုင်ခွင့် ဖြစ်သင့်တာတွေထက် ခံစားချက်တွေကို ဦးစားပေးတင်ပြတဲ့အခါ အချက်အလက်တင်ပြတာတွေ အားနည်းလာတာကို မြင်တွေ့ရတယ်”ဟု အလုပ်သမားအရေး လေ့လာသူ ဥပဒေပညာရှင်တစ်ဦးက ထောက်ပြသည်။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများကြောင့် လုပ်ငန်းခွင်ကျွန်တော်တို့ဘက်မှာလည်း တောင်းဆိုမှုတွေမှာ တင်ပြပုံအားနည်းချက်တွေ ရှိနေတယ်လို့ ထင်ပါတယ်”ဟု ၂၀၁၅ ခုနှစ်က တိုင်ရီစက်ရုံအငြင်းပွားမှုတွင် ပါဝင်ခဲ့သည့် အလုပ်သမားတစ်ဦးက သူ့အမြင်ကို ပြောသည်။

အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြစ်ပွားရသည့် အခြေခံအကြောင်းရင်းများကို လေ့လာကြည့်သည့်အခါ အလုပ်သမားများအပေါ် စီမံခန့်ခွဲမှုအားနည်းခြင်း၊ အလုပ်ခွင်စည်းကမ်းများ၊ သဘောတူညီစာချုပ်များကို အပြန်အလှန် ညှိနှိုင်းချုပ်ဆိုမှုအားနည်းခြင်း၊ လုပ်ငန်းခွင်ဆက်ဆံရေးတွင် ပွင့်လင်းမြင်သာမှုနှင့် တရားမျှတမှုအားနည်းခြင်း၊ ဥပဒေပါသတ်မှတ်အလုပ်ချိန်ထက် ပိုမိုခိုင်းစေခြင်း၊ လုပ်အား၊ ကျွမ်းကျင်မှုနှင့် ညီမျှသည့် လုပ်ခလစာရရှိမှု အားနည်းခြင်း၊ လုပ်ငန်းခွင်သာယာရေးနှင့် သက်သာချောင်ချိရေး ဆောင်ရွက်မှုအားနည်းခြင်း၊ အလုပ်သမားရေးရာ ဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို သိရှိမှုအားနည်းခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အပြန်အလှန်ယုံကြည်မှု အားနည်းခြင်း၊ ပြင်ပစည်းရုံးလှုံ့ဆော်မှုများရှိခြင်း၊ အလုပ်သမားအချင်းချင်း ခွဲခြားဆက်ဆံခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များ ကွဲပြားခြင်းကြောင့် အပြန်အလှန် ယုံကြည်လေးစားမှု အားနည်းလာခြင်းနှင့် အလုပ်ရှင်တွေနှင့် အလုပ်သမားများအကြား ထိတွေ့မှုအားနည်းခြင်းများကြောင့် အလုပ်သမားအငြင်းပွားမှုဆိုင်ရာများ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း မြင်တွေ့ရသည်။

“အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား၊ CSO တွေရော အားလုံးပူးပေါင်းပြီး အဖြေရှာကြဖို့ လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး မဆုံးတဲ့တောင်းဆိုမှုတွေ၊ ကန့်သတ်မှုတွေကြောင့် ကုန်ထုတ်စွမ်းအားတွေ ကျဆင်းလာမယ်ဆိုရင် နိုင်ငံအတွက်လည်း ထိခိုက်သလို အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုနဲ့ စားဝတ်နေရေးတွေအတွက်လည်း ထိခိုက်ရပါတယ်။ နောက်ဆုံး အခုလို စီးပွားရေး ဦးမော့လာခါစမှာ အလုပ်သမားအရေး ပြဿနာတွေ၊ စိန်ခေါ်မှုတွေကိုကျော်လွှားဖို့၊ ဝိုင်းဝန်းပူးပေါင်းဖို့ လိုအပ်နေပါတယ်။ ကျွန်တော်တို့ အီးယူအနေနဲ့လည်း Smart Myanmar စီမံချက်တွေလုပ်ပြီး လုပ်ငန်းခွင်ပိုမိုသာယာအောင် ပူးပေါင်းနေပါတယ်။ ကျွန်တော်တို့အမြင်ပြောရရင် သာယာတဲ့လုပ်ငန်းခွင်ဖြစ်ဖို့ ဦးစားပေးဆောင်ရွက်စေချင်တယ်”ဟု ဥရောပသမဂ္ဂ သံအမတ်ကြီး ရိုလန်ကိုဘီယာက ပြောသည်။

မည်သို့ပင်ဆိုစေ အလုပ်သမားတို့၏ လုပ်ငန်းခွင်အိမ်ပြန်ခရီးများ သာယာလှပ၍ အပူအပင်ကင်းသည့် ကုန်ထုတ်စွမ်းအားရှင်များအဖြစ် မြင်တွေ့လိုလှပေပြီ။

## ရက် ၁၀၀ စီမံချက် အရှိန်မြင့်လာသော နယ်စပ်ဒေသ

လွယ်ဂျယ် ဇွန် ၁၂

နယ်စပ်ဒေသများသည် မှုခင်းပေါင်းစုံဖြစ်ပွားတတ်သည့် နေရာများဖြစ်သည်။ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်မှု၊ ရာဇဝတ်မှု၊ ပြစ်မှုကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်မှုစသည်ဖြင့် မှုခင်းများစွာ ဖြစ်ပွားလျက်ရှိရာ ရက် ၁၀၀ စီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ချက်များကြောင့် ဒေသခံပြည်သူများအတွက် အကျိုးကျေးဇူးများ ရရှိခံစားကြရသည်။ ဇွန် ၁၁ ရက်နံနက် ၁၀ နာရီခွဲက ကချင်ပြည်နယ် လွယ်ဂျယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ အုပ်ချုပ်ရေးမှူး ဦးလွင်ဦး၊ မိုးမောက်မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးမောင်ငယ်၊ လွယ်ဂျယ်နယ်မြေရဲစခန်းမှူး ဒုရဲမှူးတင်အောင်နှင့် တပ်ဖွဲ့ဝင်များက ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာရက် ၁၀၀ စီမံချက်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ဆောင်ရွက်မည့်အစီအစဉ်များကို အထူးအလေးအထားဆောင်ရွက်လျက်ရှိပြီး ပြည်သူများ ပူးပေါင်းပါဝင်လာကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

# ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းဖွင့်

**နေပြည်တော် ဇွန် ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ဥပဏ္ဍိတ္ထမ္ဘာကအဖွဲ့က ဦးဆောင်၍ဖွင့်လှစ်သော ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက်က မြို့ဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ မဟာသီဟနာဒဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ဘဒ္ဒန္တ အာစိဏ္ဏက သြဝါဒကထာ မိန့်ကြားတော်မူသည်။ ဗုဒ္ဓဓမ္မယဉ်ကျေးမှုကျောင်းသို့ ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၃၀၀ ကျော် တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး အခြေခံဗုဒ္ဓယဉ်ကျေးမှု ဘာသာရပ်၊ ဗုဒ္ဓဝင်ဘာသာရပ်၊ လူမှုရေးကျင့်ဝတ်ဘာသာရပ်နှင့် ၃၈ ဖြာမင်္ဂလာတရားတော်ဘာသာရပ်များ သင်ကြားမည်ဖြစ်သည်။

**တင်ထွန်းတာ(တပ်ကုန်း)**

◆ ***ကျောဖုံးမှ***

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ငှက်ကြီးကွင်းကျေးရွာ အုပ်စုထိန်သေးကုန်း။ မြေပြာတံတား၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ဘန့်ဘွေးကုန်း- ဂျိတ္တော ဆက်သွယ်သော တာလမ်းနှင့် အလက(ခွဲ)ဘန့်ဘွေးကုန်းကျောင်းဆင်းလမ်းကျိုးပြတ်ခဲ့ပြီး မကျီးကုန်းကျေးရွာအုပ်စု အင်ပင်-ညောင်ခြေထောက်လမ်းဖောက်ချောင်းတံတားအနီး ချဉ်းကပ်တာ ကျိုးပြတ်မှုနှင့် ဖောက်ချောင်းတံတား ယိုင်နဲ့သွားကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်အောင်မြို့နယ် ငှက်ကြီး ကွင်းကျေးရွာအုပ်စု ဂုံမင်းကျေးရွာအနီးနှင့်ငါးဘတ်ကျကျေးရွာအုပ်စု နီပဆေးကုန်းကျေးရွာသို့ ဆက်သွယ်ထားသော စိမ်ချောင်းရိုးသစ်သားတံတား ရေမျောပါပျက်စီးသွားခဲ့ပြီး ဆက်သွယ်သွားလာနိုင်ရေးအတွက် ယာယီဝါးတံတားဖြင့် စီစဉ်ထားကြောင်း သိရှိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်အောင်မြို့နယ် ကွမ်းတော ကျေးရွာအုပ်စု ကွမ်းတော-တဲကြီးကုန်းကျေးရွာချင်းဆက်လမ်း ပက်မခမ်းချောင်းအနီး ချောင်းရေလျှံမှုကြောင့် တာ ၁၂ ပေခန့် ကျိုးပြတ်မှုဖြစ်ပွားခဲ့ရာ ဇွန် ၁၂ ရက်တွင် အဆိုပါ ကျိုးပြတ်ခဲ့သောနေရာမှာ ၁၆၃ ပေ ခန့် ရေတိုက်စား၍ ထပ်မံကျိုးပြတ်ခဲ့ခြင်းကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းတို့က သွားရောက်ကြည့်ရှု၍ လမ်းအား အမြန်ဆုံး ပြန်လည်ကောင်းမွန်စွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ဝင်းဗိုလ်**

# လူရည်ချွန်ကြီးများနှင့် မျိုးဆက်သစ်လူရည်ချွန်များ အာဟာရဒါနနှင့်ဆေးဝါးများလှူဒါန်း

**မန္တလေး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ခြေရှိ သစ္စာဝေဒဂူ မိုးကုတ်ဝိပဿနာရိပ်သာ၌ မှီတင်းနေထိုင် ပညာသင်ကြားလျက်ရှိသော ခိုကိုးရာမဲ့ ကျောင်းသား ကျောင်းသူများအား အာဟာရဆေးဝါးများနှင့် သန်ချဆေးများ တိုက်ကျွေးခြင်း၊ နေ့လယ်စာ ကျွေးမွေးခြင်း၊ ကျောင်းတိုက်ဆရာတော်နှင့် စာသင်စာချဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ အလှူငွေလှူဒါန်းခြင်းတို့ကို ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများနှင့် ၂၀၁၃ ခုနှစ်က ပြန်လည်ရွေးချယ်ခဲ့သည့် မျိုးဆက်သစ် လူရည်ချွန်များ စုပေါင်း၍ ဇွန် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်းရှိ မဟာနှစ်ဆန်ဗုဒ္ဓေသစ္စာရဘုရားနှင့် ဗောဓိသစ္စာရဘုရားဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သစ္စာဝေဒဂူ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ၊ လူငယ်ယဉ်ကျေးမှု သာသနာပြုဆရာတော် ဘဒ္ဒန္တ ခေမာစာရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူကြပြီး ဆရာတော်က လူရည်ချွန်များအား သြဝါဒများ ဆက်လက်မိန့်ကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မျိုးဆက်သစ် လူရည်ချွန်များက စုပေါင်းထည့်ဝင်လှူဒါန်းသည့် အလှူငွေကျပ်ခြောက်သိန်းကို ရေစက်ချလှူဒါန်းကာ ဆရာတော်နှင့် ရဟန်းသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အနယ်နယ်အရပ်ရပ်မှ သစ္စာဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ရိပ်သာ၌ နေထိုင်၍ ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်အား ဆေးဝါးများတိုက်ကျွေးခြင်းနှင့် နေ့လယ်စာကျွေးမွေးခဲ့ကြသည်။

သစ္စာဝေဒဂူ မိုးကုတ်ဝိပဿနာ မဂ္ဂင်ရိပ်သာသည် အနယ်နယ်အရပ်ရပ်မှ ခိုကိုးရာမဲ့ ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်အား အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားပေးခြင်း၊ ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ အသိပညာဗဟုသုတများ သင်ကြားပေးခြင်း၊ စားဝတ်နေရေး ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း အစရှိသည်တို့ကို ဆောင်ရွက်ပေးနေသော ပရဟိတ ကျောင်းတော်ကြီးဖြစ်သည်။

**တင်မောင်-အေးမြ(မန်းကိုယ်ပွား)**





# ဘူးသီးတောင်၌ မိုးသည်းထန်စွာရွာသွန်း လမ်းတံတားများပျက်စီး

**ဘူးသီးတောင် ဇွန် ၁၂**

ဘူးသီးတောင်မြို့နယ်တွင် ဇွန် ၁၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းတိုက်စားပြီး ဂူတာပြင်ကျေးရွာအုပ်စု အတွင်းလမ်းနှင့် တံတားများပျက်စီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ထိုသို့ ရေတိုက်စားမှုကြောင့် ကျောက်စာတိုင်ကျေးရွာရှိ အလျားပေ ၁၀၀ ၊ အနံခြောက်ပေ၊ အမြင့် ၁၅ ပေရှိ သစ်သားချောင်းကူးတံတားမှာ ရေတိုက်စားမှုနှင့်အတူ မျောပါသွားပြီး ယင်းကျေးရွာနှစ်ရွာသို့ ဆက်သွယ်ထားသည့် အလျား ၁၀ ပေ၊ အနံခြောက်ပေ၊ အမြင့်ငါးပေရှိ ရေကျော်တံတားငယ် နှစ်စင်းမှာလည်း လုံးဝပျက်စီးသွားခဲ့ရာ ထိုကျေးရွာနှစ်ရွာသို့ ဆက်သွယ်ထားသည့် မြေသားလမ်းမှာလည်း ရေတိုက်စားမှုကြောင့် ၅၀ ရာခိုင်နှုန်းခန့်ပျက်စီးခဲ့ကာ ဂူတာပြင်ကျေးရွာအုပ်စုအတွင်းရှိ သရက်တောင်ကျေးရွာအနီး အငူမော်လမ်းမကြီးပေါ်ရှိ ကျောက် များမှာ ပေ ၄၀ ခန့် ရေတိုက်စားမှုကြောင့် မျောပါပျက်စီးသွားခဲ့ကြောင်း သိရှိရသည်။

**တောင်ကုတ်**

တောင်ကုတ်ချောင်းအတွင်း မိုးကြီးရေလျှံ၍ တစ်မြို့နယ်လုံးနီးပါး ဇွန် ၁၀ ရက် ည ၁၂ နာရီမှစ၍ ရေလွှမ်းမိုးလျက်ရှိသည်။ ဇွန် ၁၁ ရက် ညနေ ၆ နာရီခန့်တွင် တောင်ကုတ်မြို့နယ် ဝက်ကျိတ်ကျေးရွာအောက်ပိုင်းနေ ဒေါ်ဖြူဖြူ(၄၂နှစ်)၊ ဒေါ်ဖြူဖြူလွင်(၄၇ နှစ်)၊ မဦးလှကျော်ခင်(၁၉နှစ်)၊ မချိုချိုစန်း(ခ)ဇီးကွက်မ(၂၀နှစ်)တို့ လေးဦးသည် ညနေတွင် ရေထပ်တက်လာမည်ကို စိုးရိမ်သဖြင့် ဝက်ကျိတ်ကျေးရွာအောက်ပိုင်းနှင့် အထက်ပိုင်းကြားရှိ ရေလျှံနေသော ပေ ၁၅၀ ခန့် အကျယ်ရှိသည့် လယ်ကွင်းပြင်အားဖြတ်၍ ဝက်ကျိတ်ကျေးရွာအထက်ပိုင်းရှိ အမကမူလွန်ကျောင်းသို့ဖြတ်ကူးစဉ် ရေစီးဖြင့်မျောပါပျောက်ဆုံးကြောင်း သိရသည်။

၎င်းတို့လေးဦးအား ဇွန် ၁၂ ရက် နံနက် ၉ နာရီက တောင်ကုတ်မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများစုပေါင်း၍ ရှာဖွေရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ၎င်းရွာနှင့် ပေ ၂၀၀ ခန့်ဝေးသည့် ခနိတောထဲမှ အလောင်းသုံးလောင်းအား လည်းကောင်း၊ နံနက်၉ နာရီ ၂၅ မိနစ်တွင် ဝက်ကျိတ်ကျေးရွာနှင့် ပေ ၃၀၀ ခန့်ဝေးသည့် ခနိတောထဲမှ အလောင်းတစ်လောင်းအား လည်းကောင်း ထပ်မံရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တာပေါင်ကျိုး၍ ရေများဝင်ရောက်

**နတ်တလင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ဇီးပင်ကွေ့အုပ်စု သူဌေးကုန်း ရေထိန်းတံခါးအထက် တာပွန်လယ်ကွင်းသို့ ရေသွယ်ယူသော ကရင်မချောင်ရိုးရှိ ရေသွယ်တူးမြောင်းမှာ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လည်းကောင်း၊ တောင်ကျချောင်းရေ ဆင်းလာမှုကြောင့် လည်းကောင်း၊ ရေထိန်းတံခါးများ၏ရှေ့တွင် ဒိုက်များ ပိတ်ဆို့နေမှုကြောင့် လည်းကောင်း၊ ဇွန် ၁၂ ရက် နံနက်ပိုင်းမှစ၍ ကျိုးပေါက်သွားခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဌေး ဦးဆောင်ပြီး သုံးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊လယ်သမားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက လယ်များနှင့် ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုမရှိစေရန် အမြန်ဆုံး ဆောင်ရွက်နေကြောင်း သိရသည်။ မြောက်ပိုင်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်မင်းထွဋ်က တာပွန်၊ ရှမ်းကျောင်း၊ တာကျိုးစတဲ့ လယ်တွေကတော့ လောလောဆယ် ရေဝင်နေပါပြီ၊ တာပွန်လေးဒေါင့်ကွင်း ရပ်ကွက်ထဲမှာလည်း ရေဝင်ရောက်နေပြီ၊ ယခုကျိုးတဲ့ ရေသွယ်မြောင်းပေါက်ကို ပိတ်နိုင်မယ်ဆိုရင် စပါးကြဲပက်ခင်းများနဲ့ပျိုးခင်းတွေ မပျက်စီးလောက်ပါဘူး၊ ရက်ကြာသွားရင် စပါးခင်းတွေပျက်စီးနိုင်ပါတယ်၊ မိုးကတော့ ပြတ်တယ်မရှိဘူး၊ ရွာနေတော့ ခန့်မှန်းရတာ ခက်ပါတယ်''ဟု ပြောသည်၊

''မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း ရေနုတ်အားကောင်းအောင် ကရင်မချောင်ရိုးကို ပြန်လည်တူးဖော်ရန် ဆည်မြောင်းဌာနကိုတင်ပြထားပြီးဖြစ်ပါတယ်။ တာပေါင်ကျိုးရတာက မိုးရေနဲ့တောင်ကျချောင်းရေရောပြီး ဆင်းလာတော့ ရေထိန်းတံခါးတွေရှေ့မှာ ဒိုက်တွေပိတ်ဆို့နေတာကို အများစုပေါင်းပြီးရှင်းလင်းတယ်။ တာပေါင်ကိုလည်း ပြန်လည်ပြင်ဆင်ဖို့လုပ်ဆောင်ပါတယ်၊ မွန်းလွဲပိုင်းမှာ ပေါင်ဆယ်ပြီးလုနီးပါးဖြစ်နေပါပြီ'' ဟု ပြောသည်။ အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သူဌေးကုန်း၊ ကျန်တော၊ ချောင်းသုံးခွ၊ ကြခတ်တန်းစတဲ့လယ်ကွင်းတွေမှာ ရေများဝင် ရောက်လျက်ရှိကြောင်း သိရသည်



**(ဝ၆၂)**

# ရေး-ထားဝယ်လမ်းပိုင်း၌ မလွှဲတောင်ပြိုကျမှုဖြစ်

**ရေး ဇွန် ၁၂**

ရေးမြို့နယ် ခေါဇာနယ်မြေပိုင် မလွှဲတောင်တွင် ဇွန် ၁၁ ရက် ည ၁၁ နာရီခွဲခန့်က မိုးရွာသွန်းမှုကြောင့် တောင်ပြိုကျ၍ ရေး-ထားဝယ်သွား ကားလမ်းမိုင်တိုင်အမှတ် (၁၂၃/၄)နှင့် (၁၂၃/၅)အကြားတွင် အမြင့်ပေ လေးပေခန့်၊ အကျယ် ပေ ၃၀ ခန့်၊ အလျားအရှည်ပေ ၂၀၀ ခန့် တောင်ကမ်းပါးပြိုကျပြီး ကားလမ်းမပေါ်တွင် မြေကြီးများ ပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

တောင်ကမ်းပါးယံ ပြိုကျမှုဖြစ်ပွားသည့်နေရာ၌ ဇွန် ၁၁ ရက် ည ၁၂ နာရီခန့်မှစ၍ ခေါဇာမြို့ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးကျော်ဆွေ ဦးဆောင်လျက် လမ်းလုပ်သား ၃၀၊ ဒေသခံကျေးရွာသူကျေးရွာသား ၂၀ တို့နှင့်အတူ ဆောက်လုပ်ရေးဦးစီးဌာနမှ မြေတူးဘော်ဒိုဇာ နှစ်စီးဖြင့် ကားလမ်းမပေါ်ရှိမြေကြီးများအား စတင်ရှင်းလင်းဖယ်ရှားခဲ့ပြီး စတင်မြေ ပြိုကျစဉ် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သော်လည်း ဇွန် ၁၂ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် ယာဉ်များပုံမှန်သွားလာနိုင်ပြီ ဖြစ်သည်။

**နေမျိုးထွဋ်(ရေး)**

# ဝဲကြီးဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းဖြင့် လယ်မြေများကို ဆည်ရေပေးဝေမည်

**မြင့်နိုင် (ပြည်)**

ဝဲကြီးရေလှောင်တမံစီမံကိန်းသည် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ဧရာဝတီမြစ်ဝှမ်းပေါ် အထက်ပိုင်းဒေသတွင် ဘက်စုံစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာစီမံချက် (Master Plan) ရေးဆွဲရန် ၁၉၇၈ ခုနှစ် ဖေဖော်ဝါရီလမှ ၁၉၇၉ ခုနှစ် စက်တင်ဘာလအတွင်း စူးစမ်းလေ့လာမှုပြုခဲ့စဉ်က ပါဝင်ခဲ့သည့် စီမံကိန်းလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ဤစီမံကိန်းကို ၁၉၉၈ ခုနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပေါင်းတည်မြို့နယ်အတွင်း စိုက်ပျိုးရေ ဖူလုံရေးအတွက် ဝဲကြီးချောင်းပေါ်တွင် ရေလှောင်တမံတစ်ခု တည်ဆောက်၍ လယ်မြေ ဧရိယာ ဧက ၄၅၀၀၀ကို ဆည်ရေပေးဝေနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်ပါသည်။

ဝဲကြီးရေလှောင်တမံသည် ပေါင်းတည်မြို့နယ် ဖောင်အိုင်ကျေးရွာအထက် တစ်မိုင်ခန့်အကွာတွင် တည်ဆောက်ထားသည့် မြေသားရေလှောင်တမံ အမျိုးအစားဖြစ်ပြီးကန်ရေပြည့်ရေလှောင်ပမာဏကေပေ ၂၅၂၀၀၀ ရှိပါသည်။

ဆည်ရေသောက်စနစ်တွင် တူးမြောင်းမကြီးပေတိုင် ၄ ဒသမ ၈၂ မိုင်၊ လက်တံမြောင်း ၃၂ မြောင်း၊ အရှည် ၁၃၂ ဒသမ ၉၃ မိုင်နှင့် တူးမြောင်းအဆောက်အအုံ ၉၁၃ ခုတို့ ထည့်သွင်းတည်ဆောက်ထားပါသည်။ တူးမြောင်းမကြီးသည် အရှည်ပေ ၃၅၀၀၊ အနက်ပေ ၅၀ ရှိသောကျောက်တောင်ကြောကြီးနှင့် အရှည်ပေ ၄၀၀၀၊ အနက် ၅၅ ပေရှိသော သဲသောင်ကြောကြီးကို ဖြတ်သန်းဖောက်လုပ်ခဲ့ရပါသည်။ ဆည်ရေ သောက်စနစ်တစ်ခုလုံးကို ၂၀၀၀ ခုနှစ် မှ ၂၀၀၁ ခုနှစ်အတွင်း တစ်နှစ်သာအချိန်ယူ၍ ပြီးစီးအောင်ဆောင်ရွက်ကာ ၂၀၀၁ ခုနှစ်မှစတင်၍ မိုးစပါးဖြည့်စွက်ရေ၊ အောင်ရေနှင့် နွေစပါးတို့အတွက် ရေစတင်ပေးဝေခဲ့ပါသည်။

ဤဆည်ရေသောက်စနစ်ကြီးသည် ၁၅ နှစ်ကျော်ကြာမိုးစပါးနှင့်နွေစပါးတို့အတွက် တစ်နှစ်ပတ်လုံး ရေပေးဝေနေရခြင်း၊ ထိရောက်သော အထူးပြင်ဆင်မှုများ မပြုလုပ်နိုင်ခဲ့ခြင်း၊ နှစ်စဉ်ရန်ပုံငွေမလုံလောက်မှု စသည်တို့ကြောင့် မြေသားမြောင်းများအတွင်းသဲနုန်းပို့ချခြင်း၊ ရေမှော်နှင့် သစ်ပင်ငယ်များပေါက်ရောက်လာခြင်း၊ မြောင်းပေါင်နိမ့်ကျလာပြီး သတ်မှတ်ရေသယ်အားအတိုင်း မသယ်နိုင်ခြင်းများ ဖြစ်ပေါ်လာရပါသည်။

အာဆီယံ - ဂျပန် နှစ် (၄၀) ပြည့်ထိပ်သီးဆွေးနွေးပွဲနှင့် (၅) ကြိမ်မြောက် မဲခေါင် - ဂျပန် ထိပ်သီးဆွေးနွေးပွဲများတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရဘက်မှ ပဲခူးအနောက်ခြမ်းဒေသ ဆည်ရေပေးဝေမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက်အကူအညီဖွံ့ဖြိုးရေးချေးငွေ (Official Development Assistance) LOAN ရယူရန်ဆွေးနွေးခဲ့သည်ကို (JICA) မှ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ကာ စူးစမ်းလေ့လာမှုများကို တစ်နှစ်ကျော်ပြုလုပ်ခဲ့ပြီး ချေးငွေအကူအညီပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ပဲခူးတိုင်းအနောက်ခြမ်းရှိ မြောက်နဝင်း၊ တောင်နဝင်း၊ ဝဲကြီးနှင့် တောင်ညို ဆည်ရေသောက်စနစ်များကို အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်း (Rehabilitation) များကို သုံးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ဧပြီလမှစတင်၍ ရက် ၁၀၀ အတွင်း တူးမြောင်းမကြီးအရှည် ၄ ဒသမ ၈၂ မိုင်၊ လက်ဝဲတူးမြောင်းမကြီးအရှည် ၁၄ ဒသမ ၈၂ မိုင်၊ လက်ဝဲလက်တံ (၁) မှ (၈) အထိနှင့် လက်ယာတူးမြောင်းမကြီးအရှည် နှစ်မိုင်အတွင်း ကျန်ရှိသည့် မြေကြီးလုပ်ငန်း၊ ကွန်ကရစ်လိုင်နင်စီခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအခါတွင်ရက် ၁၀၀ စီမံကိန်း၏ မြေကြီးလုပ်ငန်း ၃၅ ရာခိုင်နှုန်း၊ ကွန်ကရစ်လုပ်ငန်း ၄၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ရက် ၁၀၀ စီမံကိန်း၏ ၃၉ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါသည်။ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း



တူးမြောင်းမကြီး လုပ်ငန်းဆောင်ရွက်နေစဉ်

ပေါင်းတည်မြို့နယ်မှ ဒေသခံပြည်သူတို့ တောင်းဆိုမှုအရ ယခုနှစ်အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးမှုအခက်အခဲကြုံတွေ့နေရခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန် ရေအခက်အခဲများကို ဖြေရှင်းသည့်အနေဖြင့် ပေါင်းတည်မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်ပူးပေါင်း၍ တူးမြောင်းမကြီး၊ လက်ယာတူးမြောင်းမကြီး၊ လက်ယာလက်တံ (၃) နှင့် (၄) တို့မှ သောက်သုံးရေကို ဧပြီ ၁၃ ရက်မှ ၂၃ ရက်အထိ ယာယီပေးဝေခဲ့ပါသည်။ သောက်သုံးရေရှားပါးသည့် မှတ်တိုင်တိုက်နယ်၊ နွားခြံကုန်းကျေးရွာအုပ်စု၊ လယ်ဦးစုကျေးရွာအုပ်စုများနှင့် ပေါင်းတည်မြို့ စည်ပင်သာယာရေကန်အတွင်းသို့ နွားသတ်ချောင်းရိုးမှတစ်ဆင့် သောက်သုံးရေဖြည့်တင်းပေးခဲ့ပြီး ယခုနှစ်အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့မှု၊ ရေရှားပါးမှုဒဏ် ခံရသည့် ဒေသများကို အကျိုးပြုဆောင်ရွက်ပေးခဲ့ပါသည်။

မန်ကျီးကိုင်းကျေးရွာမှ တောင်သူဦးသန်းနိုင်ဦးက လက်ဝဲလက်တံအမှတ်(၄) မြောင်းပေါင်အား မြေနီကျောက်စရစ်လမ်းခင်း၍ ကျေးရွာချင်းဆက်လမ်းအဖြစ် ဆောင်ရွက်ပေးမှုကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း၊ လိုအပ်သောနေရာများတွင် လှည်းကူးတံတားများ ထပ်မံတည်ဆောက်ပေးစေလိုကြောင်း တင်ပြပါသည်။

ထို့ပြင် လက်ဝဲတူးမြောင်းမကြီးပေါင်ပေါ်တွင် မြေနီကျောက်စရစ်လမ်းခင်းပေးခြင်းနှင့် တူးမြောင်းဖြတ်တံတားများ တည်ဆောက်ပေးသည့်အတွက် ဇီးပင်လှကျေးရွာအုပ်စု၊ ငွေပေါ၊ မြေနီကုန်းကျေးရွာမှ တောင်သူဦးသန်းအောင်၊ ဦးကျော်ဝင်းနှင့် ဦးမိုးဝင်းတို့က ကျေးဇူးတင်ရှိကြောင်း ဝမ်းပန်းတသာကျေးဇူးတင်စကား ပြောကြားခဲ့သည့်အတွက် လုပ်ငန်းခွင်ဆောင်ရွက်ခဲ့သည့်ဝန်ထမ်းများမှာ ဝမ်းသာပီတိဖြာရပါသည်။ ထပ်မံ၍လည်း လက်ဝဲလက်တံ (၃) နှင့် (၄) ကြားတွင် လက်ဝဲတူးမြောင်းမကြီးကိုဖြတ်သန်း၍ တစ်ဖက်ကမ်းရှိလယ်ယာများသို့ သွားရောက်လုပ်ကိုင်နိုင်ရန်အတွက် တံတားတစ်စင်းဆောက်လုပ်ပေးရန် တောင်းခံအကြံပြုထားပါသည်။

ဤသို့ဒေသခံပြည်သူတို့၏ ပူးပေါင်းပါဝင်မှု၊ အကြံပြုမှုနှင့် ပြည်သူတို့၏ စိတ်ပါဝင်စားစွာ အကူအညီပေးမှုတို့အပြင် ဤစီမံကိန်းပြီးစီးသွားပါကလည်း ဆည်ရေသောက်စနစ်များသည် ဒေသခံပြည်သူတို့၏ အကျိုးအတွက် တည်ဆောက်ထားပြီး ကိုယ်ပိုင်ပစ္စည်းသဖွယ် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်စသည့် စိတ်နေစိတ်ထားများ ယခင်ကနှင့်မတူ ပြောင်းလဲလာကြသည်ကို ဝမ်းသာကြည်နူးစွာ တွေ့မြင်ရပါသည်။

ရက် ၁၀၀ အစီအစဉ်ဖြင့် တူးမြောင်းများ အဆင့်မြှင့်တင်ပြီးစီးသွားပါက တူးမြောင်းမကြီးနှင့် လက်ဝဲရေသောက်စနစ် စုစုပေါင်းရေသောက်ဧရိယာ ၁၀၆၀၆ ဧကကို မိုးစပါးပျိုးထောင်ရေ၊ ဖြည့်စွက်ရေနှင့် အောင်ရေများကို စတင်ပေးဝေနိုင်မည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် မတ်လတွင် လုပ်ငန်းအားလုံးပြီးစီးသွားပြီး ဆည်ရေသောက်စနစ်တစ်ခုလုံးကို အပြည့်အဝရေပေးဝေနိုင်မည်ဖြစ်သဖြင့် နှစ်စဉ်နွေစပါး ၁၉၄၄၅ ဧကစိုက်ပျိုးနေရာမှ ၃၃၀၆၈ ဧကအထိ တိုးတက်စိုက်ပျိုးလာနိုင်မည် ဖြစ်ပါသည်။ မိုးစပါးဧက ၃၃၀၆၈ ဧကကိုလည်း ယခင်ကထက်ပိုမိုပြည့်ဝစွာ ဖြည့်စွက်ရေ၊ အောင်ရေပေးနိုင်မည့်အပြင် နွေစပါးဧက ၁၃၆၂၃ ဧကကိုထပ်မံပိုမိုစိုက်ပျိုးလာနိုင်ပြီး ပေါင်းတည်မြို့နယ်အတွင်း ပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ကို တွေးမြင်၍ ကြည်နူးပီတိဖြစ်ရပါတော့သည်။

---

## သံတွဲမြို့နယ်အတွင်း ရွှေလှေကျေးရွာတွင် ဇွန် ၁၂ ရက်တွင် ရေများပြန်လည်ကျဆင်း

**သံတွဲ ဇွန် ၁၂**

သံတွဲမြို့နယ်အတွင်း ဇွန် ၁၀ ရက်က မိုးသည်းထန်စွာရွာသဖြင့် ည ၁၂ နာရီခန့်က သူဌေးချောင်းရေများမြင့်တက်ကာ ရွှေလှေကျေးရွာအုပ်စုနှင့် ရေကောက်ကျေးရွာအုပ်စုတို့တွင် ရေအမြင့် ခုနစ်ပေခန့် နစ်မြုပ်မှုဖြစ်ပေါ်ခဲ့ပြီး ဇွန် ၁၁ ရက်ည ၁၂နာရီခန့်မှစ၍ ရေများပြန်လည်ကျဆင်းသွားရာ ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် ရေများအားလုံး ကျဆင်းသွားပြီးဖြစ်ကြောင်း သိရသည်။



အဆိုပါ ရေကြီးနစ်မြုပ်မှုကြောင့် ရွှေလှေကျေးရွာအုပ်စု ပေါက်တောကျေးရွာတွင် ပျဉ်ခင်းလူနေအိမ်ငါးလုံးနှင့်ရေကောက်ကျေးရွာအုပ်စု၊ရေကောက်ကျေးရွာတွင် အိမ်ခြေ ၃၀ ခန့်၊ ပုရစ်တောကျေးရွာတွင် အိမ်ခြေ ၁၂၀ ခန့်နှင့် စာသင်ကျောင်းတစ်ကျောင်း ရေစီးဖြင့် မျောပါသွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းခိုင်နှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များမှ သွားရောက်ကာကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန် / ဆက်)**

---

## စိုက်ပျိုးရေးထွက်ကုန်များနှင့် သွင်းအားစုများ ရောင်းချရေး တရုတ်နှင့် လက်မှတ်ရေးထိုး

**ရန်ကုန် ဇွန် ၁၂**

တရုတ်နိုင်ငံထုတ်သွင်းအားစုနှင့် ပိုးသတ်ဆေး အမည်တံဆိပ်အသစ်များ တင်သွင်းခြင်း၊ မြန်မာ့ကောက်ပဲသီးနှံများ တရုတ်ပြည်သို့ရောင်းချရာတွင် ပူးပေါင်းခြင်းတို့လုပ်ဆောင်ရန် မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်အသင်းနှင့် တရုတ်နိုင်ငံ ကောက်ပဲသီးနှံကာကွယ်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။


ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ဇွန် ၈ ရက်ကကျင်းပသည့် နိုင်ငံတကာစိုက်ပျိုးရေးကုန်စည်ပြပွဲနှင့် ကောက်ပဲသီးနှံများ ထိန်းသိမ်းခြင်းဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံစိုက်ပျိုးရေးနှင့်ပတ်သက်သော ရောင်းကုန်များတွင် ပူးပေါင်းဆောင်ရွက်သွားရန်ဆိုသည့်အချက်များလည်း ပါဝင်သည်။

“သူတို့ဘက်ကပစ္စည်းတွေကို ဒီဘက်မှာဈေးကွက်ချဲ့တဲ့သဘောပါပဲ။ ကိုယ့်ဘက်ကလည်း သူတို့တရုတ်ဘက်မှာဈေးကွက်ချဲ့မယ်ဆိုရင် သူတို့ကကူညီပေးမယ်။ လုပ်ဆောင်ပေးမယ်။ ပြီးတော့သူတို့ကမြန်မာနိုင်ငံမှာ ဓာတ်မြေဩဇာတွေကို သုံးစွဲပုံသုံးစွဲနည်းနဲ့ စနစ်တကျသုံးစွဲနည်းတွေကိုလည်း သင်တန်းပေးတာတွေ လုပ်ဆောင်ပေးသွားဖို့ပါ” ဟု မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။

အဆိုပါဖိုရမ်တွင် တရုတ်နိုင်ငံကောက်ပဲသီးနှံကာကွယ်ရေးအဖွဲ့အပြင် တရုတ်နိုက်ထရိုဂျင်မြေဩဇာလုပ်ငန်းရှင်အသင်းနှင့် အိန္ဒိယ၏အခြေခံဓာတုပစ္စည်းဆိုးဆေးများနှင့် အလှကုန်ပို့ကုန်မြှင့်တင်ရေးကောင်စီ၊ အိန္ဒိယပိုးသတ်ဆေးထုတ်လုပ်သူနှင့် ရေးဆွဲသူများအသင်းတို့လည်း တက်ရောက်ခဲ့သည်။ ယခုနှစ်အတွင်း ဈေးကွက်မြှင့်တင်ခြင်း၊ အပြန်အလှန်ကုန်သွယ်ခြင်းစသော လုပ်ငန်းများကိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်မွန် (AMIA)**

# ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ၌ အင်္ဂလန်နှင့်ရုရှား ပရိသတ်များခိုက်ရန်ဖြစ်ပွား



**ပါရီ ဇွန် ၁၂**

ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲ၌ ပရိသတ်များ ခိုက်ရန်ဖြစ်ပွားမှုကြောင်း ထိခိုက်ရန်ဖြစ်ပွားမှုများ စနေနေ့က ပြင်သစ်နိုင်ငံ၏ ဒုတိယမြို့တစ်မြို့သို့ ကူးစက်ရောက်ရှိသွားခဲ့သည်။ ပြိုင်ပွဲကြီးဖြစ်မြောက်အောင် ထောက်ခံအားပေးသူများက လူထုငြိမ်သက်အောင် ထိန်းချုပ်သည့်နည်းလမ်းများအပေါ် သံသယဖြစ်ကြသည်။ မာဆေးမြို့ရှိ ဘောလုံးကွင်း၌ ဗြိတိန်နှင့်ရုရှားပရိသတ်ရာပေါင်းများစွာတို့သည် ဘီယာပုလင်းများ၊ ထိုင်ခုံများဖြင့် တစ်ဖက်နှင့်တစ်ဖက်ပစ်ပေါက်ခဲ့ကြသည့်အတွက် အဓိကရုဏ်းနှိမ်နင်းသည့်ရဲများက မျက်ရည်ယိုဗုံးများဖြင့် နှိမ်နင်းခဲ့ကြသည်။

နောက်ပိုင်းတွင် ယင်းအဖြစ်အပျက်ကြောင့် ဥရောပဘောလုံးအဖွဲ့ချုပ်က ပြစ်ဒဏ်ချမှတ်နိုင်သည်။ ရုရှားနှင့် အင်္ဂလန်အသင်းတို့ တစ်ဂိုးစီသရေကျကာ ပွဲပြီးဆုံးပြီးနောက် ရုရှားပရိသတ်များက အင်္ဂလန်ပရိသတ်များနှင့်ခိုက်ရန်ဖြစ်ပွားခဲ့သည်။

မျက်နှာဖုံးစွပ်ထားသည့် ရုရှားပရိသတ်အချို့က တခြားပရိသတ်များနှင့် ထိုးကြိတ်နေစဉ် ဖခင်တစ်ဦးက ၎င်း၏သားဖြစ်သူ ထိခိုက်မှုမရှိစေရေး ကြိုးပမ်းသည့် ပုံပေါ်ထွက်လာပြီးနောက် အာဏာပိုင်များက ပရိသတ်များကြား ဝင်ရောက်ဖျန်ဖြေပေးမှုအားနည်းခြင်းကို ပရိသတ်အချို့က ဒေါသထွက်ခဲ့ကြသည်။

ရုရှားအသင်းသည် ယခုအခါ ပရိသတ်များအတွင်း ပဋိပက္ခခိုက်ရန်ဖြစ်ပွားမှုကြောင့် ၎င်းတို့လက်ခံရမည့်ရလဒ်ကို စိတ်မသက်မသာဖြင့် စောင့်ဆိုင်းနေရသည်။ ရုရှားအသင်းသည် ပိုလန်နိုင်ငံ၌ပြုလုပ်သည့် ယူရို ၂၀၁၂ ခုနှစ်ပြိုင်ပွဲ ကျင်းပခဲ့စဉ်ကလည်း ပရိသတ်များကြား ခိုက်ရန်ဖြစ်ပွားမှုကြောင့် ခြောက်မှတ်နုတ်ခံရပြီး တခြားပြစ်ဒဏ်များလည်း ချမှတ်ခြင်းခံရသည်။

(ရိုက်တာ)


## အမေရိကန်အဆိုတော်တစ်ဦး အမှတ်တရလက်မှတ်ရေးထိုးစဉ် ပစ်သတ်ခံရ

**ဖလော်ရီဒါ ဇွန် ၁၂**

အမေရိကန်တောင်ပိုင်း ဖလော်ရီဒါ၌ ဂီတဖျော်ဖြေပွဲအပြီး အမေရိကန်ပေါ့ပ်အဆိုတော်တစ်ဦး အမှတ်တရလက်မှတ်ရေးထိုးစဉ် ပစ်သတ်ခံရသည်။ အသက် ၂၂ နှစ်အရွယ်ရှိ အမေရိကန်ပေါ့ပ်အဆိုတော် ခရစ်စတီးနားဂရင်မီကို လူငယ်တစ်ဦးက သောကြာနေ့ညတွင် အော်လန်ဒို၌ ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ၏ အစ်ကိုဖြစ်သူက သေနတ်သမားဟု သံသယရှိသူမှာ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခဲ့သည်ဟု ယူဆရကြောင်း ပြောကြားသည်။

ပေါ့ပ်အဆိုတော်ကို ဆေးရုံသို့အလျင်အမြန်ပို့ဆောင်ခဲ့သော်လည်း စနေနေ့နံနက်ပိုင်းက သေဆုံးခဲ့သည်။ ဆယ်ကျော်သက်အဆိုတော်တစ်ဦးဖြစ်သူ ဂရင်မီသည် ၂၀၁၄ ခုနှစ် NBC မှ သီချင်းဆိုပြိုင်ပွဲတွင် ဆုရရှိခဲ့ရာမှ စတင်၍ နာမည်ကြီးလာသူဖြစ်သည်။ ရဲများက ပေါ့ပ်အဆိုတော် ပစ်သတ်ခံရခြင်းကို သိရှိနိုင်ရေး ၎င်း၏ ကွန်ပျူတာနှင့် မိုဘိုင်းဖုန်းများကို စစ်ဆေးကြည့်ရှုမည်ဟု ပြောသည်။

**(အင်န်အိတ်ချ်ကေ)**



## အာဖရိက၏ အစိမ်းရောင်စီးပွားရေးကို ကင်ညာဦးဆောင်နိုင်လိမ့်မည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်မှပြော

**နိုင်ရိုဘီ ဇွန် ၁၂**

ကင်ညာသည် အာဖရိကတိုက်၏ အစိမ်းရောင်ဘဏ္ဍာရေးဖွံ့ဖြိုးမှုကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဟု ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်က ပြောခဲ့သည်။ ကုလသမဂ္ဂအစိမ်းရောင်ဘဏ္ဍာရေးမှ အမှုဆောင်အရာရှိဒါရိုက်တာတစ်ဦးဖြစ်သူ အာချင်စတင်နီယာက နိုင်ရိုဘီ၌ကျင်းပသော ဘဏ္ဍာရေးဖိုရမ်တစ်ခုတွင် ကင်ညာသည် နိုင်ငံတကာမှဖွဲ့စည်းထားသော ဘဏ္ဍာရေးအတွက်အထောက်အကူပြု အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး တက်ကြွသောဘဏ္ဍာရေးကဏ္ဍတစ်ခုအဖြစ် ဖွံ့ဖြိုးလာပြီဖြစ်ကြောင်း ပြောခဲ့သည်။

ကင်ညာအတွက် ရှေ့ဆက်ရမည့် ကြီးမားသောခြေလှမ်းမှာ အစိမ်းရောင်ဘဏ္ဍာရေးကို ဆက်လက်ထိန်းသိမ်းထားရေးအတွက် အသစ်တီထွင်ထားသော ကမ္ဘာလုံးဆိုင်ရာစင်တာတစ်ခု ဖြစ်လာနိုင်ရေးဖြစ်သည်ဟု စတင်နီယာက ပြောခဲ့သည်။

ကင်ညာသည် အာဖရိကတိုက်နှင့် ကင်ညာ၏ အကျိုးစီးပွားတို့အတွက် ဘဏ္ဍာရေးကဏ္ဍတွင် အဓိကဦးဆောင်နိုင်သောနိုင်ငံတစ်ခုအဖြစ် ကောင်းစွာတည်ရှိလိမ့်မည်ဟုလည်း စတင်နီယာက ပြောခဲ့သည်။ ကင်ညာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များမှာ အရှေ့အာဖရိကဈေးကွက်တွင် အသက်ဝင်နေပြီဖြစ်သည်။

အစိုးရသာလျှင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ အရေးပါမှုတို့ကို အလေးထားခြင်းဖြင့် အစိမ်းရောင်ဘဏ္ဍာရေးဖွံ့ဖြိုးမှုကို အစပျိုးပေးနိုင်သူဖြစ်ကြောင်း စတင်နီယာက ပြောခဲ့သည်။

အစိမ်းရောင်ဘဏ္ဍာရေးလုပ်ငန်းကို ထိန်းသိမ်းရန်အတွက် လိုအပ်သောရင်းနှီးမြှုပ်နှံမှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍလည်းပါဝင်ကြောင်း ပြောခဲ့သည်။ ယင်းအပြင် ကင်ညာ၏ အစိမ်းရောင်စွမ်းအင်မူဝါဒနှင့် အခြေခံအဆောက်အအုံများမှာ လျင်မြန်စွာပြောင်းလဲလျက်ရှိကြောင်းလည်း ပြောခဲ့သည်။

ဆယ်စုနှစ်တစ်စုအတွင်း နိုင်ငံ၏စွမ်းအင်ကဏ္ဍမှာ အသွင်ပြောင်းလဲလာခဲ့ပြီး စွမ်းအင်ကဏ္ဍအသစ်သည် ပုဂ္ဂလိကကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာကို ဆွဲဆောင်နိုင်ရန် စီစဉ်လျက်ရှိသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ ပြောကြားချက်အရ အာဖရိကတွင် စွမ်းအင်ရရှိရန်အတွက် စွမ်းအင်ကဏ္ဍအသစ်ပေါ်ထွက်လာပြီဖြစ်သည်။

**(ဆင်ဟွာ)**

## ကိတ်ပ်တောင်းတွင် အိမ်တစ်လုံးမီးလောင်၊ ကိုးဦးသေဆုံး

**ကိတ်ပ်တောင်း ဇွန် ၁၂**

ကိတ်တောင်း မစ်ချယ်ပလိန်းတွင် အိမ်တစ်လုံးမီးလောင်ခဲ့ရာ လူကိုးဦးသေဆုံးခဲ့သည့်အတွက် ၎င်းအနေဖြင့် အလွန်အမင်းစိတ်မကောင်းဖြစ်ရကြောင်း တောင်အာဖရိကသမ္မတဂျကော့ဘ်ဇူးမားက စနေနေ့တွင် ပြောခဲ့သည်။

ယင်းဖြစ်ရပ်အပေါ် အံ့သြထိတ်လန့်ပြီး အလွန်ဝမ်းနည်းမိကြောင်း ပြောခဲ့သည်။ ဝမ်းနည်းဖွယ်ကောင်းသောအချိန်ကို ခက်ခက်ခဲခဲကျော်ဖြတ်နေစဉ်အတွင်း မိသားစု၊ ဆွေမျိုးများနှင့်ထပ်တူဝမ်းနည်းကြောင်းကို မီးဘေးခံစားခဲ့ရသည့် မိသားစုဝင်ဆွေမျိုးများသို့ ပေးပို့ခဲ့ကြောင်း စသည်ဖြင့် ဇူးမားက ပြောထားသည်။

မီးလောင်မှုကြောင့် သေဆုံးသူများမှာ ကလေးငယ်များအများစုဖြစ်ပြီး မီးလောင်ဒဏ်ရာရသူများကို ဆေးရုံသို့တင်ပို့ထားကြောင်း သိရသည်။ မီးလောင်ရသည့်အကြောင်းရင်းကို ယခုအချိန်ထိ မသိရသေးကြောင်းနှင့် စုံစမ်းမှုများပြုလုပ်နေကြောင်း သိရသည်။ ယင်းမီးဘေးသည် နှစ်ပေါင်းများစွာအတွင်း အလွန် ကြေကွဲဖွယ်ဖြစ်ရပ်ဖြစ်ကြောင်း ရဲများက ပြောသည်။

**(ဆင်ဟွာ)**

## ဒမတ်စကတ်ဆင်ခြေဖုံးတွင် အသေခံကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား လူ ၂၀ သေဆုံး


**ဒမတ်စကတ် ဇွန် ၁၂**

စနေနေ့က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်ဆင်ခြေဖုံးတွင် အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အိုင်အက်စ်စစ်သွေးကြွများ၏လက်ချက်ဖြစ်နိုင်ကြောင်း ဆိုထားသည်။ ယင်းပေါက်ကွဲမှုတွင် အနည်းဆုံး လူ ၂၀ သေဆုံးခဲ့ကြောင်း စောင့်ကြည့်အဖွဲ့များက ပြောသည်။

နိုင်ငံပိုင်ရုပ်သံတွင် ဆာရီဒါဇီနက် ဘာသာရေးအဆောက်အအုံအနီး ပျက်စီးနေသောအပိုင်းအစများကိုရိုက်ပြထားသည်။ အဆိုပါနေရာတွင် အိုင်အက်စ်အကြမ်းဖက်သမားများက ကားဗုံးတိုက်ခိုက်မှုသုံးခုပြုလုပ်ခဲ့ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာရသူအရေအတွက် ပို၍မြင့်တက်လာနိုင်ကြောင်း နိုင်ငံပိုင်ရုပ်သံတွင် ဆက်လက်ဖော်ပြထားသည်။

နိုင်ငံပိုင်သတင်းမီဒီယာက အနည်းဆုံး လူရှစ်ဦးသေဆုံးကြောင်း ဖော်ပြခဲ့သော်လည်း ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က သေဆုံးသူဦးရေမှာ ၂၀ အထိမြင့်တက်လာပြီး အရပ်သား ၁၃ ဦးပါဝင်ကြောင်း၊ အခြားထိခိုက်သူများမှာ အစိုးရထောက်ခံသည့်အဖွဲ့ဝင်များဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)



# ဇီကာကြောင့် ဘရာဇီးအိုလံပစ်ပွဲ အလှမ်းဝေးရတော့မည်လား

ကလျာမိုးမြင့်



အမေရိကနိုင်ငံများတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ပြင်းထန်လာပြီး ကိုယ်ဝန်ဆောင်ချိန်ရောဂါကူးစက်မှုကြောင့် ဖြစ်ပွားနိုင်သည့် ကလေးမွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်များကို သိပ္ပံနည်းကျ ကူညီဖြေရှင်းမှုများပြောလာချိန်တွင် ပြည်သူ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူအချို့က ရီယို၌ကျင်းပမည့် ၂၀၁၆ နွေရာသီအိုလံပစ်ပြိုင်ပွဲကြီးကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလာကြသည်။

အမှန်စင်စစ်အားဖြင့် ပြည်သူအများကို တုန်လှုပ်ကြေကွဲစေမည့် ကျန်းမာရေးဆောင်ရွက်မှုမျိုးကို အိုလံပစ်ပြိုင်ပွဲကြီးအား ရွှေ့ဆိုင်းလိုက်ရသည်အထိ လွန်ကဲစွာဆောင်ရွက်ရန် ခိုင်လုံသောအကြောင်းပြချက်မရှိဟု ထင်မိသည်။ ဇီကာဗိုင်းရပ်စ်ကြောင့် လူအချို့၌ ပြင်းထန်သော အကျိုးတရားများ ဖြစ်လာနိုင်သော်လည်း ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူတိုင်း ရောဂါလက္ခဏာများ တွေ့ကြုံခံစားရမည်တော့ မဟုတ်ပေ။

**မမွေးဖွားရသေးသည့် ကလေးငယ်ကိုပါ ခြိမ်းခြောက်နေသည့် အန္တရာယ်ကြောင့် လူတို့သည် ဇီကာဖြစ်ပွားမှုကို အခြားသော အန္တရာယ်များထက် ပိုမိုစိုးရိမ်ကြောက်လန့်ကြသည်ဆိုသော်ငြားလည်း ဇီကာကဲ့သို့ပင် မွေးဖွားမှုချို့ယွင်းချက် ဖြစ်ပေါ်စေသည့် ဂျိုက်သိုးရောဂါကြောင့် အိုလံပစ်ပွဲတော်ကို ဖျက်သိမ်းခြင်းမျိုးကား မရှိခဲ့ဖူးပေ**

ဇီကာဗိုင်းရပ်စ်သည် ကလေးမွေးဖွားမှုဆိုင်ရာ ချို့ယွင်းချက်နှင့် အထင်အရှားဆက်စပ်နေကြောင်းကို မကြာသေးမီက ပေါ်ထွက်လာသည့် သိပ္ပံနည်းကျအထောက်အထားများက ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ရောဂါကူးစက်မှုနှုန်းကို လျှော့ချနိုင်မည့် ကာကွယ်ဆောင်ရွက်နိုင်မှုများလည်း ရှိနေခဲ့ပြီဖြစ်သည်။

ဇီကာသည် ကြောက်စရာကောင်းသောရောဂါဖြစ်ပြီး အဖျားကြီးခြင်း၊ မွေးဖွားမှုဆိုင်ရာချွတ်ယွင်းခြင်းနှင့် သန္ဓေသားသေဆုံးခြင်းများကို ဖြစ်ပွားစေနိုင်ပါသည်။ သို့သော် အိုလံပစ်ပွဲတော်သို့ သွားရောက်လျှင် ကြုံတွေ့ရမည့် ကျန်းမာရေးအန္တရာယ် အနည်းအကျဉ်းထက် ပြည်သူများနေ့စဉ်နှင့်အမျှ ရင်ဆိုင်နေရသည့် ကျန်းမာရေးထိခိုက်မှုများစွာရှိလေသည်။ ဘရာဇီးနိုင်ငံရှိ လမ်းများပေါ်တွင် ယာဉ်တိုက်မှုကြောင့် နေ့စဉ်လူပေါင်း ၄၀၀၀၀ ခန့် အသက်ဆုံးရှုံးနေကြသည်။ အားကစားသမားများနှင့် ပရိသတ်များသည် မော်တော်ယာဉ်များအသုံးပြု၍ သွားလာနေခြင်းကို ပိတ်ပင်တားဆီးသင့်ပါသလား။

မမွေးဖွားရသေးသည့် ကလေးငယ်ကိုပါ ခြိမ်းခြောက်နေသည့် အန္တရာယ်ကြောင့် လူတို့သည် ဇီကာဖြစ်ပွားမှုကို အခြားသော အန္တရာယ်များထက် ပိုမိုစိုးရိမ်ကြောက်လန့်ကြသည်ဆိုသော်ငြားလည်း ဇီကာကဲ့သို့ပင် မွေးဖွားမှုချို့ယွင်းချက်ဖြစ်ပေါ်စေသည့် ဂျိုက်သိုးရောဂါကြောင့် အိုလံပစ်ပွဲတော်ကို ဖျက်သိမ်းခြင်းမျိုးကား မရှိခဲ့ဖူးပေ။

နိုင်ငံနှင့်အဝန်း ဆက်သွယ်ချိတ်ဆက်မှုများရှိနေသည့် ကမ္ဘာကြီးတွင် ရောဂါပိုးရှိနေသော ခရီးသည်များသည် နိုင်ငံအသီးသီးမှ ထွက်ခွာလာခဲ့ကြပြီး ဆက်လက်၍လည်း မြန်မြန်ဆန်ဆန် ထွက်ခွာနေလိမ့်ဦးမည်ဖြစ်သည်ဟူသော အချက်ကို ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိပေ။ ရောဂါပိုးအနေဖြင့် အိုလံပစ်ပွဲတော်ကို ဂရုစိုက်လိမ့်မည်မဟုတ်ဘဲ ဆက်လက်ဖြစ်ပွားနေမည်သာဖြစ်သည်။ သို့သော် ဇီကာအန္တရာယ်ကျရောက်နေသည့် နေရာဒေသများသို့ ကြိမ်ဖန်များစွာ ခရီးသွားလာခြင်းကိုကား သတိပြုရပေမည်။

သို့သော်လည်း ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူတစ်ဦးချင်းစီသည် ၎င်းတို့တွေ့ကြုံဆက်ဆံရသူတိုင်းကို ရောဂါကူးစက်စေမည်တော့မဟုတ်ပေ။ ရောဂါပိုးသယ်ဆောင်လာသည့် ခြင်အကိုက်ခံရခြင်း သို့မဟုတ် အကာအကွယ်မဲ့လိင်ဆက်ဆံခြင်းက သာ ရောဂါပိုးကူးစက်စေမည်ဖြစ်သည်။

အိုလံပစ်အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများအတွက်မူ သတိပေးတားမြစ်ချက်တစ်ခုဖြင့် ၎င်းတို့အား ဖယ်ရှားလိုက်ရန် မဖြစ်နိုင်ပေ။ ယခုလို အရည်အသွေးပြည့်မီသည့် ယှဉ်ပြိုင်ပွဲကြီးတစ်ခုကို ဆင်နွှဲရန် နှစ်ချီ၍ အချိန်ယူပြင်ဆင်ခဲ့ရသည်မဟုတ်ပါလား။ ထို့ပြင် ပွဲတော်ဖျက်သိမ်းရလျှင် ဘရာဇီးနိုင်ငံ၏ စီးပွားရေးတွင် မလိုလားအပ်သော ရိုက်ခတ်မှုများ ဝင်ရောက် လာနိုင်သည်။

အားကစားပြိုင်ပွဲကြီး နှောင့်နှေးကြန့်ကြာသွားခြင်းသည် ကမ္ဘာ့အကောင်းဆုံး မျိုးဆက်သစ်အားကစားသမားများကို စိတ်နှလုံးကြေကွဲစေမည်ဖြစ်ပြီး အိုလံပစ်အားကစားပွဲတော်နှင့်ပတ်သက်၍ မျှော်လင့်ခဲ့သမျှ စိတ်ကူးယဉ်အိပ်မက်တို့ တစ်စစီပြိုလဲရတော့မည်သာ။ ဇီကာဗိုင်းရပ်စ်ပြန့်ပွားမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် တစ်နေ့တခြားစိုးရိမ်ပူပန်လျက်ရှိသည်။ (WHO)အဖွဲ့၏ အကြီးအကဲ ဒေါက်တာမာဂရက်ချန်က လူထုအင်အားငါးသိန်းခန့်ကို ကြိုတင်နေရာချထားမှုပြုလုပ်ရန် အစီအစဉ်ရေးဆွဲလျက်ရှိသည့် ၂၀၁၆ နွေရာသီအိုလံပစ်အားကစားပွဲတော်ကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ ကျင်းပမည့်အစီအစဉ်ကို ရွှေ့ဆိုင်းမည်ဟု ခြွင်းချက်မရှိ လက်ခံယုံကြည်လျက်ရှိသည်။ ဇီကာအကြောင်း ပို၍သိရှိလာလေလေ၊ ယင်း၏အန္တရာယ်ကို ပို၍စိုးရိမ်ဖွယ်ရာကောင်းလေလေဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံ၌ ပြောဆိုခဲ့သည်။

စီးပွားရေးအရ ရုန်းကန်ယှဉ်ပြိုင်နေရပြီး ဘရာဇီးအစိုးရအနေဖြင့် အကျင့်ပျက်ခြစားသည်ဟူသော စွပ်စွဲမှုများရှိနေချိန်တွင် ဩဂုတ်လ ၅ ရက်နေ့ ရီယိုဒီဂျနေရိုး၌ စတင်ကျင်းပမည့် အိုလံပစ်ပွဲတော်က နိုင်ငံအတွက် များစွာမြှင့်တင်ပေးမည်ဖြစ်သည်။ အိုလံပစ်ပွဲတော်တက်ရောက်မည့်သူများစွာကို ထို့ထက်ပို၍ တက်ရောက်လာစေရန် ဆွဲဆောင်နိုင်ရေးအတွက် အစိုးရသည် ဇွန်လ ၁ ရက်မှစတင်ကာ နိုင်ငံအတွင်း ခရီးသွားလာမည့်သူများအတွက် ဗီဇာလိုအပ်ချက်များကို ယာယီအားဖြင့် အခွင့်အလမ်းရရှိအောင် လုပ်ဆောင်ပေးလျက်ရှိသည်။

သို့သော်လည်း ယခုအချိန်ထိ ဇီကာဗိုင်းရပ်စ်နှင့် ဇီကာဗိုင်းရပ်စ်ကို ကြောက်ရွံ့ထိတ်လန့်မှုတို့သည် လျင်မြန်စွာလွှမ်းမိုးပျံ့နှံ့လျက်ရှိနေပြီး တောင်အမေရိကနိုင်ငံများသို့ သယ်ယူပို့ဆောင်ရေး ခရီးသွားခများကျဆင်းစေခဲ့ပြီဖြစ်လေသည်။ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဘရာဇီးနှင့်အခြားနိုင်ငံများမှ ပြိုင်ပွဲဝင်အားကစားသမားများက ၎င်းတို့၏ စိုးရိမ်ကြောင့်ကြမှုများကို ဖွင့်ဟပြောဆိုလာကြသည်။ ကင်ညာနိုင်ငံမှ အိုလံပစ်အားကစားကော်မတီခေါင်းဆောင် ကစ်ပ်ချိုကီနိုက အကယ်၍ ဇီကာဗိုင်းရပ်စ်သည် နိုင်ငံအတွင်းကပ် ရောဂါဆိုးအဆင့်သို့ ရောက်ရှိနေခဲ့ပြီဆိုပါက ၎င်းတို့နိုင်ငံမှ အားကစားသမားများကို ဘရာဇီးသို့စေလွှတ်ရန် မစွန့်စားရဲဟုဆိုသည်။

နိုင်ငံတကာအိုလံပစ်ကော်မတီ (IOC) က ၂၀၁၆ အိုလံပစ်ပွဲတော်ကို



ဖျက်သိမ်းရန်ဆုံးဖြတ်ချက်ချလိုက်လျှင် ကမ္ဘာ့သမိုင်း၌ ခြောက်ကြိမ်မြောက်ပွဲတော်ဖျက်သိမ်းမှုများအနက် ကျန်းမာရေးပြဿနာကြောင့် ဖျက်သိမ်းရသည့် ပထမဆုံးသောဖြစ်ရပ်ဟုဆိုရပေမည်။ အိုလံပစ်အားကစားပွဲတော်များကို ၁၉၁၆ ခုနှစ်က ဘာလင်၌ တစ်ကြိမ်၊ ၁၉၄၀ တွင် တိုကျိုနှင့်စက်ပရို၌ တစ်ကြိမ်၊ ၁၉၄၄ တွင် လန်ဒန်၊ ကော်တီနာဒ်အမ်ပက်ဇိုနှင့် အီတလီတို့တွင် နိုင်ငံတကာစစ်ပွဲများကြောင့် ဖျက်သိမ်းခဲ့ရသည်။

အိုလံပစ်အားကစားပွဲတော်ဖြစ်မြောက်ရေးအတွက် ဘရာဇီးနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကုန်ကျမည်ဖြစ်ပြီး လတ်တလောတွင် ၎င်းအနေဖြင့် ဖြေကြားလိုခြင်းမရှိသော မေးခွန်းပေါင်းများစွာကို ရင်ဆိုင်နေရသည်။

**ကိုးကား-ဂူဂဲလ်**

## ဖလော်ရီဒါ နိုက်ကလပ်ပစ်ခတ်မှု လူ ၅၀ခန့်သေဆုံးပြီး ၅၃ဦးဒဏ်ရာရရှိ

**ဝါရှင်တန် ဇွန် ၁၂**

ဖလော်ရီဒါပြည်နယ် အိုလန်ဒိုမြို့ရှိ နိုက်ကလပ်တစ်ခု၌ ဇွန် ၁၂ရက် နံနက်ပိုင်းက ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၅၀ခန့်သေဆုံးပြီး ၅၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြား သည်။

ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် သေနတ်သမားတစ်ဦးကို အဆိုပါ နိုက်ကလပ်ထဲတွင် အလောင်းအဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ သေနတ်သမားသည် ယင်းတိုက်ခိုက်မှုအတွက် ကြိုတင်ပြင်ဆင်ထားဖွယ်ရှိပြီး ၎င်းမှာ ချေမှုန်းရေးအမျိုးအစား လက်နက်တစ်လက်နှင့်ခြောက်လုံးပြူးပစ္စတို သေနတ်တစ်လက်ကိုလည်း ဆောင်ထားကြောင်း အိုလန်ဒို ရဲအကြီးအကဲဂျွန်မီနာက သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားသည်။ ယင်းပစ်ခတ်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုလုပ်ရပ်တစ်ခုအဖြစ် မိမိတို့စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု အမေရိကန်ဗဟိုထောက်လှမ်းရေးပြောရေးဆိုခွင့်ရှိသူ ဒန်နီဘဲန်ခ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ ပစ်ခတ်မှုသည် ဇွန်၁၂ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်က စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကာ သံသယရှိသူနှင့် နိုက်ကလပ်အပြင်ဘက်တာဝန်ကျအရာရှိတစ်ဦးအကြား ထိပ်တိုက်ရင်ဆိုင်မှု တစ်ခါဖြစ်ပွားခဲ့ပြီးနောက် သံသယရှိသူက ပစ်ခတ်မှုဆက်လက်လုပ်ဆောင်ရန် နိုက်ကလပ်ထဲဝင်ပြီး ဓားစာခံများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ပစ်ခတ်မှုစတင်ဖြစ်ပွားခဲ့ပြီးနောက် ၃နာရီခန့်အကြာတွင် ရဲတပ်ဖွဲ့ဝင်များက ဓားစာခံများကို ကယ်တင်ရန် ကြိုးစားရင်း သံသယရှိသူကို သေနတ်ဖြင့်ပစ်သတ်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အမေရိကန်ဒရုန်း စစ်ဆင်ရေးကို ဂျာမနီတွင် ဆန့်ကျင်ဆန္ဒပြ

**ဘာလင် ဇွန် ၁၂**

အမေရိကန်ဒရုန်းစစ်ဆင်ရေးကို ဆန့်ကျင်ဆန္ဒပြသည့် လူအုပ်ကြီးသည် ဂျာမနီအနောက်တောင်ပိုင်းရှိ အမေရိကန်လေတပ်အခြေစိုက်စခန်း ပတ်ပတ်လည်တွင် စနေနေ့က စုဝေးဆန္ဒပြခဲ့ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဥရောပတွင် အမေရိကန်လေတပ်ဌာနချုပ်အဖြစ် သတ်မှတ်ထားသော ဂျာမနီအနောက်တောင်ပိုင်းရှိ အမေရိကန်လေတပ်အခြေစိုက်စခန်းကို လူပေါင်း ၃၄၀၀၀ ခန့် ဝိုင်းဝန်းပိတ်ဆို့ခဲ့ကြောင်း ရဲအဖွဲ့က ခန့်မှန်းခဲ့ သည်။ ဂျာမနီတွင် ဒရုန်းယာဉ်အသုံးပြုမှုအပေါ် အငြင်းပွားဖွယ်များမြင့်တက်နေသည်။ စစ်ပွဲအတွင်း ဒရုန်းယာဉ်တစ်စင်းက ဒုံးကျည်ကို ပထမဆုံးပစ်လွှတ်ခဲ့သည့်အချိန်မှစ၍ နှစ်ပေါင်း ၁၅ နှစ်နီးပါးကြာအောင် အမေရိကန် တို့သည် စစ်ရေးဆိုင်ရာ အစီအစဉ်များကို ချဲ့ထွင်မှုများ ပြုလုပ်လာခဲ့ကြသည်။

**(ရိုက်တာ)**

# ဘိုကလေး၌ ရေစပ်အနီး ဘဲစာကျွေးစဉ် မိကျောင်းကိုက်၍ အမျိုးသမီးတစ်ဦးသေဆုံး

**ဘိုကလေး ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာအုပ်စု ဆင်အိုင်ကျေးရွာ၌အမျိုးသမီးတစ်ဦးကို မိကျောင်းကိုက်ချီသွားသည်။

ယင်းကျေးရွာ၌ နေထိုင်ပြီး လယ်ယာလုပ် ဘဲမွေးသူ ကိုဇော်မင်းနိုင်၏ ဇနီး မခိုင်ခိုင်ဦး(၂၉ နှစ်)သည် ဇွန် ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲက ချောင်းထဲ ရေစပ်အနီး ဘဲခြံတွင် ဘဲစာကျွေးပြီး ဘဲစာပုံးကို ရေစပ်သို့ ဆင်းအဆေးတွင် မိကျောင်းကိုက်ချီသွားခြင်းဖြစ်သည်။



**မိန်းမလှကျွန်း ဘေးမဲ့တောမှ မိကျောင်းတစ်ကောင်ကို တွေ့ရစဉ်**

ယခုကဲ့သို့ မိကျောင်းကိုက်မှု ဖြစ်စဉ်မျိုး နှစ်စဉ်ဖြစ်ပွားခဲ့ရာ ၂၀၁၃ ခုနှစ်တွင် ရွှေပြည်အေးကျေးရွာမှ တတိယတန်းကျောင်းသားတစ်ဦးနှင့် ၂၀၁၄ ခုနှစ်တွင်လည်း ဆတ်ကျွန်းရန်မခကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကိုရင်လေး တစ်ပါး၊ ၂၀၁၅ ခုနှစ်တွင် ဆတ်ကျွန်း ရေကမြင်းကျေးရွာမှ ကိုကုလားကြီးတို့ မိကျောင်းကိုက်ခံခဲ့ရသည်။ သို့ဖြစ်၍ သတိပြုနေထိုင်ရန်လိုကြောင်း ယင်းကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ဘိုကလေးမြို့ မိန်းမလှကျွန်း သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှလည်း ယခင်နှစ်ကတည်းက မိကျောင်းအန္တရာယ်ရှိသည်၊ ရေထဲမဆင်းရ ဆိုင်းဘုတ်များ စိုက်ထူထားကြောင်း သိရသည်။

မိကျောင်း ကိုက်ချီခံရသူတွင် သားယောကျ်ားလေးနှစ်ဦး ကျန်နေခဲ့ရာ သားအကြီးလေးမှာ သုံးနှစ်ကျော်ရှိပြီး အငယ်လေး မှာ ၄၈ ရက်သား ကလေးဖြစ်သည်။

**ငွေးနိုင်(ဘိုကလေး)**

# ကျောင်းဆရာမနေအိမ်မှ ရွှေထည်ပစ္စည်းနှင့် ငွေများ ခိုးယူလာသူအား ရထားရဲတပ်ဖွဲ့က ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၂**

လက်ပံတန်းဘူတာယာဒ်ဝင်းအတွင်း ရဲအုပ်ကျော်ကျော်ခိုင်နှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက်က မှုခင်းကျဆင်းရေးတာဝန်ဆောင်ရွက်နေစဉ် ဦးတင့်ဇော်ဟိန်း မီးရထားဝန်ထမ်းလိုင်းခန်း ပဲခူးဘူတာကြီးနေသူက ဖုန်းဖြင့်ဆက်သွယ်၍ အစ်မဖြစ်သူ ဒေါ်စန်းဌေး ကျောင်းဆရာမ(အမကပြ) ကျောက်ပန်းတောင်း မြို့နယ်နေသူ၏ နေအိမ်မှ ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်နှစ်ကွင်း၊ ငွေကျပ် ၁၄၇၀၀၀ (၄၆၀၀၀၀ ပါ ဘဏ်စာအုပ်တစ်အုပ်နှင့် မှတ်ပုံတင်တစ်ခု စုစုပေါင်းတန်ဖိုး ၇၁၀၀၀၀၀ ကျော်ခန့်) ပျောက်ဆုံးသွားခဲ့ပြီး ခိုးယူသွားသည့်သူမှာ အမှတ်(၆၂)အစုန် ပခုက္ကူ-ရန်ကုန် ရထားဖြင့် စီးနင်းလိုက်ပါသွားခဲ့ကြောင်း သတင်းရရှိသဖြင့် ကူညီစုံစမ်းပေးပါရန် အကြောင်းကြားလာခဲ့သည်။

အထက်ပါအကြောင်းကြားချက်အရ ရဲအုပ်ကျော်ကျော်ခိုင်နှင့် အဖွဲ့သည် အမှတ်(၆၂)အစုန် ပခုက္ကူ-ရန်ကုန် ရထား လက်ပံတန်းဘူတာသို့ ဆိုက်ရောက်စဉ် ခရီးသည်များ လက်မှတ်သိမ်းဂိတ်၌ စောင့်ဆိုင်း၍ စစ်ဆေးရှာဖွေခဲ့ရာ ပစ္စည်းများခိုးယူသူ အောင်ကိုမင်း ဆင်အိုင်ရွာမကျေးရွာ ကြို့ကုန်းကျေးရွာအုပ်စု မင်းလှမြို့နယ်နေသူအား ပျောက်ဆုံးသွားသော ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ အောင်ကိုမင်းအား သက်သေခံပစ္စည်းများနှင့်အတူ ကျောက်ပန်းတောင်းမြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်၌ လူသတ်မှုဖြစ်ပွား

**ကော့သောင်း ဇွန် ၁၂**

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်တွင် ဇွန် ၁၁ ရက် ညပိုင်းက လူသတ်မှု တစ်ခုဖြစ်ပွားကြောင်း သိရသည်။

ယနေ့ နံနက် ၂ နာရီခန့်တွင် အေးရိပ်ငြိမ်ရပ်ကွက် ဓူဝံ ၄ လမ်းနေ မဝါ (မျောက်ချီးခါးဆိုင်)တွင် ဆိုင်ပိုင်ရှင် မဝါဆိုသူ၏ ခင်ပွန်းဖြစ်သူ ဦးသိန်းလွင်အား လူနှစ်ဦးက အိမ်ပေါ်သို့တက်လာပြီး ချွန်ထက်သည့်အရာဖြင့် ဝဲဘက်ရင်ညွန့်သို့ ထိုးသွင်းခဲ့ရာ ဦးသိန်းလွင် သေဆုံးသဖြင့် မြို့မရဲတပ်ဖွဲ့သို့ အကြောင်းကြား တိုင်တန်းချက်အရ ရဲအုပ် အောင်ဇော်မင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးပြီး သေဆုံးသူ၏ဇနီး မဝါက ပြစ်မှုကျူးလွန်သူများအား မြင်လျှင်မှတ်မိကြောင်း ပြောဆိုသဖြင့် မြို့နယ်ရဲစခန်းမှတ်တမ်းများအရ ဖြစ်နိုင်ခြေရှိသည့် ၂၀၁၅ခုနှစ်အတွင်းက ခြေချုပ်နှင့်ခံဝန်ဥပဒေအရ အရေးယူဆောင်ရွက်ထားခြင်းခံရသူ ရွှေပြည်သာရပ်ကွက်နေ မြင့်နိုင်(ခ)အောင်ထွန်းဦး၏ မှတ်တမ်းဓာတ်ပုံအားပြသခဲ့ရာ ဓားဖြင့်ထိုးသွားသူသည် မြင့်နိုင်ဖြစ်ကြောင်း၊ သေဆုံးသူနှင့် လွန်ခဲ့သော ၃ ရက်ခန့်က စကားများသူသည်လည်း မြင့်နိုင်ဖြစ်ကြောင်း စုံစမ်းသိရှိရပြီး ၎င်းနှင့်အတူ တွဲသွားတွဲလာနေသူမှာ အေးရိပ်ငြိမ်ရပ်ကွက်နေသူ ကျော်နိုင်ဖြစ်ကြောင်း သိရသည် မြင့်နိုင်၏နေအိမ်ကို ရဲတပ်ဖွဲ့ဝင်များရှာဖွေရာ မိသားစုလိုက်တိမ်းရှောင်လျက်ရှိသဖြင့် ကျော်နိုင်နေထိုင်ရာ နေအိမ်သို့ ဆက်လက်ရှာဖွေခဲ့ရာ ကျော်နိုင်အား ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်က မြင့်နိုင်ဝတ်ဆင်ခဲ့သည့် သွေးစွန်းသည့်အင်္ကျီကို အိမ်နောက်ဘက်ရှိ မြောင်းစပ်တွင် သိမ်းဆည်းရမိသည်။

မြင့်နိုင်အား ဆက်လက်စုံစမ်းခဲ့ရာ ၎င်း၏ဇနီးဖြစ်သူ မစန်းဝင်း၏ အစ်မတော်စပ်သူ ရွှေပြည်သာရပ်ကွက် ဗိုလ်အောင်ကျော်လမ်းသွယ် လေးခန်းတွဲတန်းလျား၌ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့ရာ မြင့်နိုင်အား ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်က အသုံးပြုခဲ့သော စကေဘာကို သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့နှစ်ဦးက ပြစ်မှုကျူးလွန်ခဲ့ကြောင်းဝန်ခံ၍ လွန်ခဲ့သော ၃ ရက်ခန့်က မြင့်နိုင်နှင့် ဦးသိန်းလွင်တို့ စကားများစဉ် မြင့်နိုင်၏နားတွင် ဒဏ်ရာရရှိခဲ့သည်ကို မကျေနပ်သဖြင့် ယခုကဲ့သို့ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်လှစ်ပြီး ၂ နာရီခွဲအကြာတွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ညဉ့်ဦးပန်းနှိပ်စက်သည့် ခင်ပွန်းဖြစ်သူအား အိပ်ပျော်နေစဉ် ဓားဖြင့်ခုတ်၍ သေဆုံးမှုဖြစ်

**ထန်းတပင် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် အရက်သောက်စားမူးယစ်နေသည့် ခင်ပွန်းဖြစ်သူအား ဇနီးဖြစ်သူက ဓားဖြင့်ခုတ်သတ်ခဲ့မှု ဇွန် ၈ ရက်က ဖြစ်ပွားခဲ့သည်။

ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ပဲပုတ်ကျေးရွာနေ စိန်လွင်(၄၆ နှစ်)သည် အခင်းဖြစ်သည့်နေ့ နံနက် ၈ နာရီခန့်ကတည်းက မူးယစ်ကာ သားဖြစ်သူ မောင်မျိုးကိုကို (၁၈ နှစ်) အား ရိုက်နှက်ခြင်း၊ နေအိမ်၌မွေးမြူထားသော ဝက်သုံးကောင်ကို ရိုက်သတ်ခြင်းအပြင် ဇနီးဖြစ်သူ မတုတ်(ခ) မသန်းစိန် (၄၇ နှစ်)အား ရဲတင်းဖြင့် ထုခဲ့သဖြင့် မတုတ်(ခ)မသန်းစိန်က ထိုသို့ မပြုလုပ်ရန်ပြောသော်လည်း မရသည့်အတွက် ယောက္ခမ၏နေအိမ်ဘက်သို့ ထွက်သွားခဲ့သည်။

မွန်းလွဲ ၂ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လာပြီး နေအိမ်အောက် ခုတင်ပေါ်တွင် အိပ်ပျော်နေသည့် ခင်ပွန်းဖြစ်သူကို တွေ့ရှိကာ အရိုးအသွား နှစ်ပေခွဲခန့်ရှိ ထင်းခုတ်ဓားဖြင့်ခုတ်ခဲ့ရာ ၎င်း၏ လည်ပင်းနှင့် ဝဲပခုံးတို့တွင် ပြတ်ရှဒဏ်ရာများရရှိပြီး သေဆုံးသွားကြောင်း၊ အဆိုပါ လူသတ်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ခိုးမှုဖြင့်အရေးယူထားသူအား စစ်ဆေးရာမှ အခြားခိုးမှုတစ်ခု ထပ်မံဖော်ထုတ်နိုင်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရက် ၁၀၀ စီမံချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲအကူတပ်ဖွဲ့ခွဲတို့မှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့မရဲစခန်း၌ ခိုးမှုဖြင့် အရေးယူခံထားရသည့် မြောက်ဥက္ကလာပမြို့နယ်နေ ယုန်ပေါက်(ခ)နေလင်းအောင် (၂၃ နှစ်)အား အခြားခိုးမှုများ ကျူးလွန်ထားခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် ရွှေမောင်အိုးလမ်းသွယ်ရှိ နေအိမ်အတွင်းဝင်ရောက်ပြီး စိန်ထည်၊ ရွှေထည်ပစ္စည်းများနှင့် ငွေကျပ် ငါးသိန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၇၀၀၀၀ ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်းအချို့အား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ ယုန်ပေါက်(ခ) နေလင်းအောင်အား ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ယုန်ပေါက် (ခ) နေလင်းအောင်အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်**

**(သတင်းစဉ်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

## တင်ဒါအမှတ် ၁/၂၀၁၆-၂၀၁၇

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ခန္တီးခရိုင်လက်အောက်ရှိ ခရိုင်/မြို့နယ်/မြို့များနှင့် ဆင်သေ-လဟယ်လမ်း အထူးအဖွဲ့တို့မှ တာဝန်ယူဆောင်ရွက်မည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် လမ်း/တံတား တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး ပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား |
|---|---|
| ၁။ | ဘိလပ်မြေ |
| ၂။ | M.S Rod (သံချောင်းလုံးရှယ်စုံ) |
| ၃။ | R/Shingle (မြစ်ကျောက်စရစ်) |
| ၄။ | J/Wood (တောသစ်ခွဲသား) |
| ၅။ | ခွဲကျောက်ရှယ်စုံ |
| ၆။ | ဒီဇယ်ဆီ |
| ၇။ | သဲ |

တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၁၅-၆-၂၀၁၆ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၇-၆-၂၀၁၆ ရက် ညနေ (၄း၃၀)နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၈-၆-၂၀၁၆ ရက် နံနက် (၁၀)နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ခန္တီးခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးနှင့် ဆင်သေ-လဟယ်လမ်းအထူးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး (ဆင်သေ)တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၇၃-၂၄၈၀၁၈၊ ၀၉-၄၅၂၃၃၆၀၀၈**



## တေဇ(၁၇)မိသားစုဝင်များမှဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးညီမွန်း(လ/ထညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ လားရှိုးမြို့)-နော်တင်မွန်းချစ်တို့၏ သမီးဖြစ်သူ နော်ဇွန်ပွင့်ဦး(သုံးထပ်ကွမ်းလူရည်ချွန်)(ရရ-၁၀၀၄)သည် ငါးဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ သူရဦးထင်ကျော်မိုး(ညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကရင်ပြည်နယ်)-ဒေါ်စန်းစန်းဝင်းတို့၏သား မောင်သိန်းထက်ကျော်(နဥန-၂၈)သည် လေးဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးသက်မျိုးအောင်(အငြိမ်းစား)-ဒေါ်ဥမ္မာဝင်းတို့၏သား မောင်ဘုန်းခန့်မျိုး(ဆတဥ-၄၃၄)သည် သုံးဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး သူရလှိုင်ထွန်းဦး(သကမ၂/၃၀၀)-ဒေါ်ခိုင်ဆွေလင်းတို့၏သား မောင်ရဲထက်အောင်(နဥန-၂၇၈)သည် နှစ်ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်းနိုင်(အငြိမ်းစား)-ဒေါ်စိုးစိုးလွင်တို့၏သား မောင်နိုင်ထက်အောင်(ဆဒဂ-၅၅၄)သည် နှစ်ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးခိုင်ထွန်းဆောင်(အငြိမ်းစား) (ညွှန်ကြားရေးမှူး၊ စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီးဌာန၊ မွန်ပြည်နယ်)-ဒေါ်ချိုမာအောင်တို့၏သမီး မကြည်ဖြူခိုင်ထွန်း(မရမ-၁၁၁၇)သည် တစ်ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဗိုလ်မှူးသိန်းဇော်(အငြိမ်းစား)-ဒေါ်ယဉ်မေသန်းတို့၏သား မောင်ဉာဏ်လင်းမြင့်(ဆလမ-၃၆၉)သည် တစ်ဘာသာဂုဏ်ထူးဖြင့် လည်းကောင်း အောင်မြင်ကြသည့် အပြင်တေဇ(၁၇)မိသားစုဝင်များ၏ သားသမီးသုံးဦးသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ချင်းပေါက်အောင်မြင်မှုများ အသီးသီးရရှိသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုး အောင်မြင်မှုများ ဆွတ်ခူးနိုင်ပါရန် ဆန္ဒပြုအပ်ပါသည်။

**တေဇ(၁၇)မိသားစု**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7A/1553 Toyota Hilux RN P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသာခင် ၁၂/လသန(နိုင်)၀၀၃၇၉၇က (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/9375 Toyota Passo KGC 10 Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း ၁၂/ဥကတ(နိုင်)၀၁၁၈၈၄က (ကမ-၃)ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ကသာမြို့နယ် ဆင်ကုန်းကျေးရွာ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**ကသာ ဇွန် ၁၂**

ကသာမြို့ မူးယစ်တပ်ဖွဲ့စု (၆)မှ ဒုရဲမှူး ရန်နိုင်ထွန်း ဦးစီးသောတပ်ဖွဲ့ဝင် ၁၂ ဦး သည် ရက် ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်း(အထူး)စီမံချက်အရ ကသာခရိုင်အတွင်း မူးယစ်ဆေးဝါးများသယ်ဆောင်သောလမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ရှာဖွေခြင်း၊ သတင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက် နံနက် ၅ နာရီတွင် ကသာမြို့နယ် ဆင်ကုန်းကျေးရွာရှိ မူးယစ်ဆေးဝါး သယ်/ရောင်း/ဝယ် သတင်းရရှိသော နေအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ရာ ဘိန်းဖြူ နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိခဲ့ကြောင်း သိရသည်။

အင်းတော်မြို့မရဲစခန်းမှ ထွက်ပြေးတိမ်းရှောင်သူ အောင်ဆန်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မီးဖိုဆောင်၌ ဘိန်းဖြူ ၇ ဂရမ်ကို တွေ့ရှိရသဖြင့် ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ထပ်မံ၍ မူးယစ်ဆေးဝါးရောင်းဝယ်သည်ဟု သတင်းရရှိသော ထွန်းမင်း(ခ) ကိုမင်း၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ပြတင်းပေါက်မှ အထုပ်တစ်ထုပ်ပစ်လိုက်သည်ကို တွေ့ရသဖြင့် ပြန်ကောက်ခိုင်းပြီး ရှာဖွေစစ်ဆေးကြည့်ရာ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၉၈ ပြားကို တွေ့ရှိရသဖြင့် ကသာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးလွင်(ကသာ)**



# ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် တူမီးသေနတ်နှစ်လက်ဖမ်းမိ

**ဗန်းမောက် ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ရွှေကျောင်းကျေးရွာတွင် တရားမဝင်တူမီးသေနတ်နှစ်လက်ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲခန့်တွင် ဗန်းမောက်မြို့ ထွေ/အုပ်မှ ဒုဦးစီး ဦးမျိုးမြင့်နိုင်နှင့်အဖွဲ့သည် ရွှေကျောင်းကျေးရွာနေ မောင်ညွန့်ဆိုသူ၏ နေအိမ်အား လုပ်သေနတ်ရှိကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မောင်ညွန့်အား အသင့်တွေ့ရှိရပြီး ၎င်း၏ရှေ့မှ တရားမဝင်တူမီးလုပ်သေနတ် အလျား ၄ ပေ၊ ၉ လက်မခန့်ရှိ တူမီးသေနတ်တစ်လက်နှင့် ယမ်းထိုးတန်နှင့်တွဲလျက် အလျား ၄ ပေ၊ ၆လက်မခန့်ရှိ တူမီးသေနတ်တစ်လက်တို့ကိုစစ်ဆေးတွေ့ရှိရ၍ ဗန်းမောက်ရဲစခန်းသို့ အကြောင်းကြားရာ ရဲအုပ်မင်းကိုလွင်နှင့်အဖွဲ့သည် မောင်ညွန့်အား ဖမ်းဆီးစစ်ဆေးခြင်းများပြုလုပ်ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ဖုန်းပျောက်သည့်ကိစ္စဖြင့် စကားများရာမှ လူသတ်မှုဖြစ်ပွား

**ကျွန်းလှ ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာတွင် ဇွန် ၁၁ ရက် ညနေ ၃ နာရီက ဖုန်းပျောက်သည့်ကိစ္စဖြင့် စကားများရာမှ လူသတ်မှုဖြစ်ပွား ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျွန်းလှမြို့နယ် မော်ကယ်ကျေးရွာတွင် အောင်ကျော်ထွဋ်နှင့် မျိုးမင်းစိုး(ခ)ကျိုင်းကောင်တို့သည် အရက်အတူသောက်နေစဉ် ဖုန်းပျောက်သည့်ကိစ္စဖြင့်စကားများပြီး အောင်ကျော်ထွဋ်က နေအိမ်ရှေ့၌ အရိုးသွား ရှစ်လက်မခန့်(ဓားရိုးတပ်လျက်) ဓားဦးချွန်ဖြင့်ထိုးရာ မျိုးမင်းစိုးမှာ ဒဏ်ရာရရှိသဖြင့် ဆေးကုသရန် ပေပင်ချောက်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ရာလမ်းတွင် သေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်ထွဋ်အား သဖန်းဆိပ်ရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# လေပြင်းတိုက်ခတ်မှုကြောင့် ချောင်းဆုံမြို့နယ်အတွင်း၌ နေအိမ်အချို့ပျက်စီး

**ချောင်းဆုံ ဇွန် ၁၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ခရိုက်နီးဟုကျေးရွာအုပ်စု ကွင်းကလိန်ကျေးရွာ၌ ဇွန် ၁၁ ရက် နံနက် ၄ နာရီခန့်က လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းတိုက်ခတ်ခြင်းကြောင့် ဝါးဖြင့်ဆောက်လုပ်ထားသော နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့ကာ လူနေသည့် တဲအိမ်ခြောက်လုံး ယိုင်နဲ့သွားခဲ့ကြောင်း သိရသည်။ နေအိမ်များ ယိုင်နဲ့ ပျက်စီးခဲ့သော်လည်း အဆိုပါ နေအိမ်များတွင် နေထိုင်သည့် လူဦးရေ ၃၀ မှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ လေဘေးသင့်သူများ နေထိုင် စားသောက်ရေးအဆင်ပြေစေရန်အတွက် ခရိုက်နီးဟု ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အိမ်နီးချင်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ပြိုကျပျက်စီးသွားသည့် နေအိမ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကာ ရွာသားများနှင့်အတူ ဝိုင်းဝန်းကူညီ ဖယ်ရှား ရှင်းလင်းပေးထားပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ခိုလမ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းမိ

**ခိုလမ် ဇွန် ၁၂**

ခိုလမ်မြို့မရဲစခန်း နယ်မြေစခန်းမှူးရဲအုပ်သိန်းမြင့်ဦးနှင့်ပူးပေါင်းအဖွဲ့သည် ဇွန် ၁၁ ရက် မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးသတင်းအရ ခိုလမ်မြို့ ရပ်ကွက်(၂)ရှိ ရွှေတောင်ကြီးကားဂိတ်တွင် ခရီးသွားရန်ရောက်ရှိနေသူ မနန်းမြလူ(၃၃ နှစ်)နှင့်မနန်းစံစိန် (၃၂ နှစ်)တို့နှစ်ဦးအား မသင်္ကာ၍ ရှာဖွေစစ်ဆေးရာ ၎င်းတို့ယူဆောင်လာသည့် လက်ဆွဲပီနန်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၁၀၀ ပြား အလေးချိန် ၄ ဒသမ ၉၁ ကီလိုခန့်နှင့် နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ခန့် စုစုပေါင်းဆေးပြား ၅၁၀၀၀၊ အလေးချိန် ၅ ဒသမ ၁ ကီလိုခန့် တန်ဖိုးငွေကျပ် ၂၀၄၀၀၀၀၀ ခန့် ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးရာ(အမည်မသိ)ရှမ်းအမျိုးသမီးတစ်ဦး ဇွန် ၁၁ ရက်က မနန်းစံစိန်ထံသို့ ရောက်ရှိလာပြီး အစိမ်းရောင် လက်ဆွဲပီနန်အိတ်တစ်လုံးအား တောင်ကြီးသို့ပို့ပေးရန်၊ တောင်ကြီးသို့ရောက်ရှိပါက လူတစ်ဦးလာယူမည်ဖြစ်၍ ငွေကျပ် ၁၀ သိန်းပေးမည်ဖြစ်ကြောင်း ပြောသဖြင့် မနန်းမြလူနှင့်မနန်းစံစိန်တို့နှစ်ဦး တောင်ကြီးသို့ သွားရောက်ပို့ဆောင်ရန် ရွှေတောင်ကြီးကားဂိတ်အရောက်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ခိုလမ်မြို့မရဲစခန်းမှ ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခိုလမ်(ပြန်/ဆက်)**




## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/4660၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၅၉၈၆၂ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၉/အမရ(နိုင်)၀၀၄၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၈၉၉၀၆ Dayang 90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၉/အမရ(နိုင်)၀၄၅၃၆၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၈ယ/၁၇၀၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသန္တာကျော် ၉/ပဥလ(နိုင်)၀၃၇၆၇၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၃၄၀၄ Jialing 90 MC ယာဉ်လက်ဝယ်ရှိသူ ဦးမောင်အေး ၉/မရတ(နိုင်)၀၅၇၇၄၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ သာဇီအနောက် ဦးပိုင်အမှတ် (၁၂၆ဃ)၊ ဧရိယာ ၀ဒသမ ၀၅၆ဧကရှိ ဦးကြည်တိုး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်မမ(ပါ-၃) ၉/ပမန(နိုင်)၀၁၀၅၇၉ (ဘ) ဦးတင်မောင်မှ ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက်အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်ယာသာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပ ရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၃၀၃၀၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ဒေါ်အေးအေးဝင်း အမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၄၇/၂၀၁၆ (၂၇-၅-၂၀၁၆) ဖြင့် ဝယ်ယူထားသူ ဒေါ်လွင်သူနွယ် ၁၄/ပသန(နိုင်)၀၇၆၀၆၃ (ဘ)ဦးတင်ဖေမှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ထားဝယ်မြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည်ဖြစ်ပါ၍ တရားဝင်မြန်မာနိုင်ငံသားကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တည်နေရာနှင့်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ထားဝယ်မြို့နယ်(၆)ခန်းတွဲ(၂)ထပ်(၂)လုံး

(ခ) ထားဝယ်မြို့နယ်(၁၂)ခန်းတွဲ(၁)ထပ်(၂)လုံး

(ဂ) မြိတ်မြို့နယ်(၆)ခန်းတွဲ(၄)ထပ်(၁)လုံး

၃။ တင်ဒါပုံစံများကို ၁၅-၆-၂၀၁၆ရက် ၀၉း၃၀နာရီတွင် စတင်ရောင်းချပြီး ၁၄-၇-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် နောက်ဆုံးတင်သွင်းရပါမည်။

၄။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်စုံစမ်းရန် ဖုန်း-၀၅၉-၂၃၈၅၆**
**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ဦးခင်မောင်မြင့် (I.C အငြိမ်းစားမြန်မာ့မီးရထား)နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း (23) ရှစ်လွှာနေ ဦးခင်မောင်မြင့် ၁၂/အစန(နိုင်)၀၇၇၁၃၁ နှင့် ကျွန်မ ဒေါ်သန်းသန်းရီ ၁၀/မလမ(နိုင်)၀၃၂၃၉၅ တို့သည် ၄-၃-၂၀၁၅ရက်တွင် လှိုင်မြို့နယ် တရားသူကြီးနှင့် မြန်မာ့မီးရထား အငြိမ်းစားလူကြီးမင်းများရှေ့မှောက်တွင် တရားဝင်လက်ထပ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ဦးခင်မောင်မြင့်သည် ကျွန်မအပေါ် ခင်ပွန်းတစ်ယောက်၏ တာဝန်ဝတ္တရားများ ပျက်ကွက်ခဲ့ပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း။ **(မေးမြန်းစုံစမ်းနိုင်ပါသည်။)**

**ဒေါ်သန်းသန်းရီ ဖုန်း-၀၉-၇၇၆၂၉၅၆၁၀**

## တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် သကတ-၄၊ ပီမိုးနင်းလမ်း၊ မြေကွက်အမှတ် ၁၈၀၅ ဟုခေါ်တွင်သည့် အလျား၄၂ပေ×အနံ၆၂ပေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ နှစ် ၆၀ မြေငှားဂရန်တွင် ဦးအောင်ပိုင်အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံပြောဆိုရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အား ထပ်မံလွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများမပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်ကျော်စိုး | ဒေါ်ဥမ္မာမြင့် |
| B.A(Hist:), M.A(Q)II, H.G.P, D.B.L, | LL.B, D.B.L |
| D.M.L, D.A.Psy, B.D.S 4/2001 | တရားလွှတ်တော်ရှေ့နေ |
| စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေး ဥပဒေအကျိုးဆောင် | |
| အိမ်-အမှတ် ၈၄၄-ခ၊ စာဂ ၁၆ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅ | ရုံး-အမှတ် ၉၉၉၊ သစ္စာလမ်း (ဥပဒေရုံးအနီး) (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |

## တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ လူနေရပ်ကွက်အမှတ် ၁၀၊ ၂၄ လမ်း၊ မြေကွက်အမှတ် ၇၁၅ဟုခေါ်တွင်သည့် အလျားပေ၆၀× အနံပေ၄၀ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ နှစ် ၆၀ မြေငှားဂရန်တွင် ဦးအောင်ပိုင် အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံပြောဆိုရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ပြီး လက်ရောက်ရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်အား ထပ်မံလွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်ကျော်စိုး | ဒေါ်ဥမ္မာမြင့် |
| B.A(Hist:), M.A(Q)II, H.G.P, D.B.L, | LL.B, D.B.L |
| D.M.L, D.A.Psy, B.D.S 4/2001 | (တရားလွှတ်တော်ရှေ့နေ) |
| စီးပွားရေးနှင့်ဥပဒေရေးရာအကြံပေး ဥပဒေအကျိုးဆောင် | |
| အိမ်-အမှတ် ၈၄၄-ခ၊ စာဂ ၁၆ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅ | ရုံး-အမှတ် ၉၉၉၊ သစ္စာလမ်း (ဥပဒေရုံးအနီး) (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |

# ကျွန်တော်နဲ့အောင်မြင်သောပြောင်းလဲမှုစီမံခြင်း



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

ကျွန်တော်ဟာ ပြောင်းလဲမှု၊ စီမံခန့်ခွဲမှုကို ဘာသာရပ်တစ်ရပ်အနေနဲ့ လေ့လာခဲ့ပါတယ်။ အခုလိုအခွင့်အရေးရခဲ့တာဟာလည်း ကုလသမဂ္ဂဝန်ထမ်းကောလိပ်မှာ တာဝန်ယူခဲ့စဉ်က ဖြစ်ပါတယ်။ ဒီတုန်းက အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန် စတင်ဆောင်ရွက်ခဲ့တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းပြုပြင်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေဖို့ သင်ရိုးညွှန်းတမ်းတွေရေးဆွဲပြီး သင်တန်းတွေပို့ချခဲ့ရပါတယ်။ အခုလိုလေ့လာရင်း "ငါ့ရဲ့ဒိန်ခဲကို ဘယ်သူရွှေ့သလဲ" ဆိုတဲ့စာအုပ်ကိုဖတ်ခဲ့တယ်။ ဒီစာအုပ်က တိုတိုလေးပေမယ့် အတော်အဓိပ္ပာယ်ရှိတယ်။ ဝင်္ကပါထဲမှာ ကြွက်နှစ်ကောင်နဲ့လူနှစ်ဦး....။ထူးဆန်းတာက ဒီလူနှစ်ဦးဟာ ကြွက်အရွယ်လောက်သာရှိတယ်တဲ့။ ကြွက်နှစ်ကောင်နဲ့ လူနှစ်ဦးဟာ ဝင်္ကပါထဲသွားရင်း ဒိန်ခဲတွေကိုရှာဖွေတဲ့ ပုံပြင်လေးတစ်ခု ဖြစ်တယ်။ ဝင်္ကပါဆိုတာဟာ လူ့ဘဝကို ရည်ညွှန်းပြီး ဒိန်ခဲကတော့ လူတိုင်းတမ်းတကြတဲ့ အောင်မြင်မှုဖြစ်ပါတယ်။ ဒီပုံပြင်လေးကို အသေးစိတ်မတင်ပြတော့ဘဲ သင်ခန်းစာ (၇)ရပ်ကိုသာ အကျဉ်းချုံးပြီးတင်ပြချင်ပါတယ်။

၁။ ပြောင်းလဲမှုဟာ အစဉ်ဖြစ်နေမှာဖြစ်တယ်။

၂။ ဒါကြောင့် ပြောင်းလဲမှုကို အမြဲကြိုတင်ပြီး ခန့်မှန်းထားရမယ်။

၃။ ပြောင်းလဲမှုကိုလည်း မျက်ခြည်မပြတ်အောင် ဆန်းစစ်နေရမယ်။

၄။ ဖြစ်ပေါ်လာတဲ့ပြောင်းလဲမှုကို အဆင်ပြေလိုက်လျောညီထွေစွာ ရင်ဆိုင်နိုင်ရမယ် ။

၅။ ပြောင်းလဲမှုကိုရဲရဲဝံ့ဝံ့ရင်ဆိုင်ရမယ်။

၆။ ပြောင်းလဲမှုကို ကျေနပ်စွာ ပျော်စရာတစ်ခုအနေနဲ့ လက်ခံရမယ်။

၇။ အမြဲတမ်းပြောင်းလဲမှုကို ရင်ဆိုင်နိုင်အောင်ပြင်ဆင်ထားရမယ်။

ဒီသင်ခန်းစာတွေဟာ အခုလိုပြောင်းလဲမှု အကြီးအကျယ် ရင်ဆိုင်နေကြရတဲ့အချိန်မှာ စဉ်းစားစရာတွေသာ ဖြစ်ပါတယ်။ သတင်းစာ၊ ဂျာနယ်တွေမှာ ဝန်ကြီးဌာနတွေအနေနဲ့ ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ရက်၁၀၀ စီမံချက်တွေ ဖော်ထုတ်နေကြတာကိုဖတ်ရတယ်။ အားရစရာပါပဲ။ ဒါပေမယ့် ပြောင်းလဲမှုဟာ ဖြစ်စဉ်တစ်ရပ်ဖြစ်ပြီး ဖြစ်ရပ်မဟုတ်ဘူးဆိုတာ သတိပြုရလိမ့်မယ်။ ဥပမာအားဖြင့် အင်မတန်လှပတဲ့ လိပ်ပြာတစ်ကောင်ဟာ အလွန်အကျည်းတန်တဲ့ ပိုးတုံးလုံးကတစ်ဆင့်ချက်ချင်းပြောင်းလဲလာတာမဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် တရွေ့ရွေ့ပြောင်းလဲလာခဲ့တာဖြစ်တယ်။ ပြောင်းလဲမှုကို ဖြစ်စဉ်တစ်ရပ်လို သဘောထားလိုက်ရင် အဆင့်(၃)ဆင့်ရှိကြောင်း တွေ့ရပါတယ်။ ဒါတွေကတော့ လက်ရှိအခြေအနေရယ်၊ ပြောင်းလဲတဲ့အနေအထားရယ်၊ အနာဂတ်မျှော်လင့်ချက်တွေရယ် ဖြစ်ပါတယ်။

လက်ရှိအခြေအနေဟာ မျက်မှောက်ခေတ်ရဲ့လှုပ်ရှားမှုတွေဖြစ်တယ်။ အလုပ်တွေလုပ်ကြတဲ့အခါ ကျင့်သုံးတဲ့ အစဉ်အလာတွေ၊ အပြုအမူတွေ၊ နည်းပညာတွေ အဖွဲ့အစည်းတွေဖြစ်တယ်။ ပကတိအနေအထားဟာ အကောင်းဆုံးမဟုတ်ပေမယ့် ဒီအခြေအနေကို ရင်းနှီးမှုရှိတယ်။ နားလည်သဘောပေါက်တယ်။ ဒုတိယအဆင့်က ပြောင်းလဲတဲ့အနေအထား။ မရေရာမှုတွေများတယ်။ မသေချာမှုတွေရှိတယ်။ စိုးရိမ်စိတ်တွေ ပူပန်မှုတွေများတယ်။ ဒါပေမယ့် ဒီအဆင့်ကိုဖြတ်ကျော်မှ မိမိလိုချင်တဲ့ တတိယအဆင့်ကို ကူးပြောင်းနိုင်မှာဖြစ်ပါတယ်။ အနာဂတ်အဆင့်ဟာ လက်ရှိအခြေအနေထက်သာရမယ်။

ပြောင်းလဲမှုကိုစဉ်းစားရာမှာ ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ပတ်သက်သလို အဖွဲ့အစည်းအဆင့်မှာလည်း လိုအပ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ လက်ရှိအခြေအနေက မိမိတမ်းတမျှော်လင့်တဲ့ အနာဂတ်အဆင့်ရောက်ဖို့ အခြေခံငါးရပ်ကို စဉ်းစားရမှာဖြစ်တယ်။ ပထမအခြေခံက လူပုဂ္ဂိုလ်တစ်ဦးချင်းပြောင်းလဲမှုလိုအပ်တာကို သိရမှာဖြစ်တယ်။ ဒုတိယအခြေခံက သိရုံသက်သက်မဟုတ်ဘဲ ပြောင်းလဲမှုမှာပါဝင်ပြီးကူညီပံ့ပိုးဖို့လိုအပ်တယ်။ တတိယအခြေခံကတော့ ပြောင်းလဲမှုနဲ့ပတ်သက်ပြီး လိုအပ်တဲ့အသိပညာတွေ စုဆောင်းထားဖို့လိုအပ်ပါတယ်။ စတုတ္ထအခြေခံကတော့ ပြောင်းလဲမှုကို အကောင်အထည်ဖော်ဖို့ လိုအပ်တဲ့ ကျွမ်းကျင်မှုတွေ အပြုအမူအသစ်တွေ စုဆောင်းကျင့်သုံးရမယ်။ နောက်ဆုံးအခြေခံက ပြောင်းလဲမှုတည်တံ့ခိုင်မြဲစေရန် အစဉ်အားဖြည့်ပေးရမှာဖြစ်ပါတယ်။ ဒီအခြေခံတွေအပေါ် အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုကို တည်ဆောက်သွားရမှာသာဖြစ်ပါတယ်။ တစ်ခုတော့ သတိပြုရမှာဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦး ပြောင်းလဲမှုကို လက်ခံပုံချင်း မတူညီကြပါဘူး။ တချို့က အလွယ်တကူ လက်ခံနိုင်သလို တချို့ကတော့ လက်ခံဖို့ခက်ခဲကြမှာဖြစ်တယ်။

အဖွဲ့အစည်းအဆင့်မှာ အကောင်ထည်ဖော်တဲ့ ပြုပြင်ပြောင်းလဲမှုကို အောင်အောင်မြင်မြင် အကောင်ထည်ဖော်နိုင်ဖို့ အဆင့်သုံးဆင့်ကို ဖြတ်ကျော်ရမှာဖြစ်ပါတယ်။ ပထမအဆင့်ကတော့ ပြုပြင်ပြောင်းလဲမှုအတွက် မိမိအဖွဲ့အစည်းကို အဆင်သင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ခြင်း၊ ဒုတိယအဆင့်မှာတော့ ဒီပြုပြင်ပြောင်းလဲမှုကို ထိရောက်စွာ စီမံခန့်ခွဲခြင်းနဲ့ တတိယအဆင့်မှာတော့ ပြုပြင်ပြောင်းလဲမှုအခွန့်ရှည်ရန် အားပေးအားမြှောက်ခြင်းတွေသာ ဖြစ်ပါတယ်။ ပြောင်းလဲမှုကို ပြောပြောချင်းတွဲဖက်ပါလာတဲ့စကားလုံးက ဆန့်ကျင်မှုပဲဖြစ်တယ်။ ပြောင်းလဲမှုကို လူတိုင်းလက်ခံကြမှာ မဟုတ်ပါဘူး။ မကျေနပ်တာသက်သက်၊ ကျေနပ်တာသက်သက်မဟုတ်ဘဲ ဆန့်ကျင်ရတဲ့ အကြောင်းရင်းတွေရှိနိုင်ပါတယ်။ ဒီအကြောင်းအချက်တွေသိနိုင်အောင် ကြိုးစားရမှာသာဖြစ်တယ်။ ဒီလိုဆောင်ရွက်နိုင်မှသာ အောင်မြင်တဲ့ပြုပြင်ပြောင်းလဲမှုရနိုင်မှာဖြစ်ပါတယ်။ ပြောင်းလဲမှုလိုအပ်ချက်မသိတာမို့ ဆန့်ကျင်မှုရှိနိုင်ပါတယ်။ ပြောင်းလဲမှုကြောင့် လက်ရှိအနေအထားထိခိုက်မှာစိုးလို့လည်းဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကိုယ့်ဘက်ကမှန်တယ်ဆိုတာ တစ်ခုတည်းနဲ့ ကျေနပ်နေဖို့ မဖြစ်ပါဘူး။ ပြောင်းလဲမှုကို အောင်မြင်ဖို့အတွက် ပါဝင်ပတ်သက်သူအားလုံးရဲ့လက်ခံမှု၊ သဘောတူမှုရဖို့ လိုအပ်ပါတယ်။

ဒါကြောင့်လည်း အောင်မြင်တဲ့ပြောင်းလဲမှုရဖို့ ပြောင်းလဲမှုစီမံခန့်ခွဲတဲ့ပညာကို သဘောပေါက်နားလည်ဖို့ လိုအပ်ပါတယ်။ အမှန်တော့ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်နိုင်ဖို့ အဆင့်ရှစ်ဆင့်ကို ဖြတ်ကျော်ရမှာဖြစ်တယ်။ ဒီအဆင့် (၈)ဆင့်ကို အပိုင်း(၂)ပိုင်းခွဲခြားပြီး သတ်မှတ်နိုင်မှာဖြစ်တယ်။ ပထမအဆင့်လေးဆင့်က ပြောင်းလဲမှုဖြစ်ပေါ်စေဖို့ လိုအပ်တဲ့အခြေခံတွေ ဖန်တီးခြင်းဖြစ်တယ်။ ပထမ အဆင့်ကတော့ ပြောင်းလဲမှုလိုအပ်တာ။ ပြောင်းလဲမှုဟာ အရေးကြီးသလို အရေးပေါ်တစ်ရပ်ဖြစ်တာကို သိအောင်လုပ်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆေးလိပ်ဖြတ်ချင်တဲ့သူ ဆေးလိပ်တွေဆက်သောက်ရင် အဆုတ်ရောဂါဝေဒနာ ခံစားရမှာ မုချသိပြီး မဖြတ်ရင် ရင်ဆိုင်ရမယ့် အန္တရာယ်ကိုစိုးရိမ်ပြီး ဆေးလိပ်ဖြတ်တာ ဖြစ်ပါတယ်။ ဒုတိယအဆင့်က အောင်မြင်တဲ့ပြုပြင်ပြောင်းလဲမှုရရှိအောင် တစ်ဦးတစ်ယောက်တည်း ဆောင်ရွက်ဖန်တီးလို့မရပါဘူး။ မဟာမိတ်တွေ ဖွဲ့ရမယ်။ မိမိနဲ့ စိတ်တူသဘောတူရှိသူတွေကို စည်းရုံးပြီး အောင်မြင်အောင်လုပ်ရမှာဖြစ်တယ်။ တတိယအဆင့်ကတော့ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ပေါ်ပေါက်လာမယ့် အနာဂတ်အခြေအနေနဲ့ ပတ်သက်ပြီး ကြည်လင်ပြတ်သားတဲ့ ရူပါရုံဖော်ထုတ် ရမှာဖြစ်တယ်။ ပြောင်းလဲမှုနဲ့ ပတ်သက်တဲ့ ရည်ရွယ်ချက်၊ ဦးတည်ချက်တွေကို ဖော်ထုတ်သတ်မှတ်ရမှာသာ ဖြစ်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ဒီရူပါရုံကို ပါဝင်ပတ်သက်သူတွေအားလုံးသိရှိအောင် ဆက်သွယ်ဆက်ဆံဖို့ လိုအပ်ပါတယ်။ ရရှိနိုင်မယ့် အနာဂတ်အနေအထားကို အများသိအောင်ကြိုးစားရမှာသာဖြစ်ပါတယ်။

**အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုရစေဖို့ အတိတ်ကဖြစ်ရပ်တွေ အာရုံစိုက်မယ့် အစား အနာဂတ်ကိုဖန်တီးပေးဖို့ အရေးကြီးလှုပါတယ်။ ကျွန်တော်တို့နိုင်ငံ တိုးတက် ဖွံ့ဖြိုးဖို့ အပြောင်းအလဲဟာ အရေးကြီးလှုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အရေး ကြီးဆုံးကတော့ စိတ်ထားတွေပြောင်းလဲဖို့ ဖြစ်ပါတယ်။ လူတိုင်းပြောနေတဲ့ (mind-set change) စိတ်ထားစိတ်ဓာတ်တွေ ပြောင်းဖို့ပဲဖြစ်တယ်**

အခုလိုအဆင့်လေးဆင့်ကျော်ဖြတ်ပြီးချိန်မှာ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး အလေ့အကျင့်အသစ်တွေကို စတင်ကျင့်သုံးရမှာဖြစ်တယ်။ ဒါကြောင့် အဆင့်(၅)အနေနဲ့ ပြောင်းလဲမှုတွေ အကောင်အထည်ဖော်နိုင်ဖို့ လုပ်ပိုင်ခွင့်တွေ ပေးရမှာဖြစ်တယ်။ အဆင့်(၆)ကတော့ ပြုပြင်ပြောင်းလဲမှုတွေ အရှိန်မပျက်စေဖို့ quick wins လို့ခေါ်တဲ့ လွယ်လွယ်ရနိုင်မယ့် အောင်မြင်မှုတွေကို ဖော်ထုတ်ပေးဖို့ လိုအပ်ပါတယ်။ အသီးတွေကို ခူးတဲ့နေရာမှာ လက်လှမ်းမီတဲ့အသီးတွေကို ခူးတဲ့သဘောဖြစ်ပါတယ်။ နောက်ဆုံးကတော့ ရလာတဲ့ပြောင်းလဲမှုအရှိန်ကို မလျော့ကျစေရန် ထိန်းသိမ်းသွားရမှာဖြစ်ပါတယ်။

ဒါကြောင့် အဆင့်(၇)မှာ စိတ်မလျှော့ဖို့၊ စိတ်ဓာတ်မကျဖို့ အရေးကြီးပါတယ်။ ပြောင်းလဲမှုကိုဆောင်ရွက်ရင်း တစ်ဆက်တည်း စိန်ခေါ်မှုတွေကို ရင်ဆိုင်ရမှာ မုချမလွဲပါ။ ဒါပေမယ့် ဇွဲရှိဖို့ အရေးကြီးတယ်။ မဖြစ်မနေဇောက်ချလုပ်နိုင်ဖို့ လိုအပ်ပါတယ်။ နောက်ဆုံးအဆင့်(၈)ကတော့ ပြောင်းလဲမှုကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးစားရမှာသာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယနေ့ကြုံတွေ့နေရတဲ့ ပြုပြင်ပြောင်းလဲမှုတွေဟာ အင်မတန်မှသိမ်မွေ့ပါတယ်။ လေးနက်ပါတယ်။ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုရစေဖို့ အတိတ်ကဖြစ်ရပ်တွေ အာရုံစိုက်မယ့်အစား အနာဂတ်ကို ဖန်တီးပေးဖို့ အရေးကြီးလှုပါတယ်။ ကျွန်တော်တို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးဖို့ အပြောင်းအလဲဟာ အရေးကြီးလှုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အရေးကြီးဆုံးကတော့ စိတ်ထားတွေပြောင်းလဲဖို့ဖြစ်ပါတယ်။ လူတိုင်းပြောနေတဲ့ (mind-set change) စိတ်ထားစိတ်ဓာတ်တွေ ပြောင်းဖို့ပဲဖြစ်တယ်။

ပြောင်းလဲမှုကိုအောင်မြင်စေဖို့ စိတ်ထားတွေဟာ ဖွင့်ထားဖို့ လိုအပ်ပါတယ်။ လူတစ်ယောက်ရဲ့စိတ်ဟာ လေထီးနဲ့တူပါတယ်။ လေထီးဟာ ပွင့်မှအလုပ်လုပ်သလို လူ့ရဲ့စိတ်ကလည်း အမြဲတမ်းဖွင့်ထားရမယ်။ ဆိုလိုတာက သင်ယူခံယူချင်စိတ်ရှိတဲ့ ပညာဆည်းပူးမှုပဲဖြစ်ပါတယ်။ အသိပညာကိုအခြေခံပြီး ကျွန်တော်တို့ ရွေ့ရတော့မှာဖြစ်တယ်။ အနာဂတ်ကာလဟာ နည်းပညာကို အခြေခံတဲ့၊ ပညာကိုအခြေခံတဲ့ အနေထားဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးဟာ ပဓာနကျပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရအသစ်ဟာ ပညာရေးပြုပြင်ပြောင်းလဲမှုကို အာရုံပြုလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုတွေကိုဖော်ထုတ်ရာမှာ အတိတ်ကာလက ဖြတ်သန်းခဲ့တဲ့အတွေ့အကြုံတွေကို သင်ခန်းစာယူဖို့လိုအပ်ပါတယ်။ လွတ်လပ်ရေးရပြီးချိန်ကာလမှာ ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးအဆင့်အတန်းဟာ အာရှတစ်ခွင်မှာ တင့်တယ်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ဟာ ထင်ရှားခဲ့တဲ့ ပညာရေးအဖွဲ့အစည်းတခုဖြစ်ခဲ့တယ်။ စင်ကာပူခေါင်းဆောင်က ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ချင်တဲ့ဆန္ဒမပြည့်ဝခဲ့ဘူးလို့ သိခဲ့ရတယ်။ နောက်ပိုင်းမှာတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း၊ နိုင်ငံရေးချဉ်းကပ်မှုနဲ့ မဖြေရှင်းဘဲ ပညာရေးအဖြေတွေ ထုတ်ခဲ့တယ်။ ပညာရေးကျဆင်းလာတာက တစ်ချိန်က နာမည်ကြီးလှတဲ့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နဲ့ မော်လမြိုင်တက္ကသိုလ်ကို အစားထိုးပြီး အင်္ဂလိပ်အခေါ်အဝေါ် Instituteတွေနဲ့ အစားထိုးခဲ့တယ်။ ဒါကတော့ ဆိုရှယ်လစ်ပုံစံအဖွဲ့အစည်းတွေ။ နောက်ပိုင်းမှာတော့ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ပုံစံယူပြီး ဒေသကောလိပ်တွေထောင်ပြန်တယ်။ အဆိုးဆုံးကတော့ တက္ကသိုလ်ကြီးတွေကိုပိတ်ပြီး ဝေးလံခေါင်းပါးတဲ့နေရာတွေမှာ တက္ကသိုလ်အမည်တပ်နဲ့ အဖွဲ့အစည်းတွေတည်ထောင်ခဲ့ခြင်းဖြစ်တယ်။ ဒီလုပ်ရပ်တွေအားလုံးဟာ နိုင်ငံရေးပြဿနာတွေက ပေးတဲ့ ပညာရေးဆောင်ရွက်ချက်တွေဖြစ်တယ်။ ဒီအထဲမှာ အဝေးသင်ပညာရေးကို ဖော်ထုတ်ခဲ့ပြန်တယ်။ အမှန်တော့ နိုင်ငံတကာမှာ အဝေးသင်ပညာရေးစနစ်တွေရှိကြပါတယ်။ နာမည်အကြီးဆုံးက ဗြိတိန်နိုင်ငံက Open University ဖြစ်တယ်။ ဒါပေမယ့် ဒီအဝေးသင်တွေက ပညာရေးဦးတည်ချက်ရှိတဲ့ အဖွဲ့အစည်းတွေဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ တည်ထောင်ခဲ့တဲ့ အဝေးသင်က ကျောင်းသားတွေ စုမှာစိုးရိမ်လို့ တစ်နှစ်မှာ ၁၀ ရက် အနီးကပ်သင်တန်းတွေပေးပြီး စာမေးပွဲစစ်တဲ့စနစ်ကို တီထွင်ခဲ့ပြန်တယ်။ ဘွဲ့လက်မှတ်တွေကို စိတ်ကြိုက်ထုတ်ပေးသလို ဖြစ်ခဲ့ပြန်တယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုတွေကိုလုပ်ဖို့ ကြိုးစားခဲ့ပေမယ့် အခြေခံစေတနာတွေကြောင့် ကျောင်းသားတွေနဲ့ အချင်းများခဲ့တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ ပတ်သက်လာရင်၊ ကျောင်းသားသမဂ္ဂနဲ့ ပတ်သက်လာရင် အပြင်အယူအဆက အစွန်းရောက်ခဲ့ပါတယ်။ သမဂ္ဂဆိုတဲ့အသုံးအနှုန်းကို မနှစ်သက်ကြတာတွေ့ရတယ်။ သမဂ္ဂဖွဲ့စည်းမှုဟာ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တဲ့အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ကြတယ်။ ကျောင်းသားတွေ နိုင်ငံရေးမလုပ်ရဘူးဆိုတဲ့ အတွေးအခေါ်တွေက လွှမ်းမိုးခဲ့တယ်။ ဒီလိုတွေ မြင်ကြတာက ကိုယ့်နိုင်ငံရဲ့သမိုင်းကို မေ့ပျောက်တာဖြစ်တယ်။ နိုင်ငံရဲ့ လွတ်လပ်ရေးလှုပ်ရှားမှုတွေကို ကျောင်းသားတွေက ဦးစီးခဲ့ပြီး ကျောင်းသားသမဂ္ဂတွေက အဓိကကျတဲ့အခန်းမှာ ပါဝင်ခဲ့ကြတယ်။ နိုင်ငံ့ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့နိုင်ငံရေး လှုပ်ရှားမှုတွေဟာ ကျောင်းသားသမဂ္ဂဘဝက စတင်ခဲ့တာကို မေ့နေကြတယ်ထင်ပါရဲ့။

ကျွန်တော်က လေးပွင့်ဆိုင်ဆွေးနွေးပွဲမှာ သဘာပတိအနေနဲ့ ဒေါက်တာကျော်သူနဲ့အတူတွဲဖက်ပြီး တာဝန်ယူခဲ့ပါတယ်။ ရှုထောင့်အမျိုးမျိုးနဲ့ တင်ပြခဲ့ကြတာတွေကို ကြားသိခဲ့ရပါတယ်။ လူကြီးတွေရဲ့ စိုးရိမ်မှုကို နားလည်သလို ကလေးတွေရဲ့ ဆန္ဒတွေကိုလည်း သဘောပေါက်ပါတယ်။ အတတ်နိုင်ဆုံး(Win -Win)အခြေအနေရအောင် ကြိုးစားခဲ့ပါတယ်။ အားလုံးသဘောတူညီမှုရပြီး လက်မှတ်ရေးထိုးမှုတွေကို မြင်တွေ့ခဲ့ရပါတယ်။ ဒါပေမယ့် နောက်ဆုံးမှာတော့ ဝမ်းနည်းစရာကောင်းတဲ့ ဖြစ်ရပ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်လာရင် စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အဆင့်ရှစ်ဆင့်ကို ပြန်ပြီးသတိပေးချင်ပါတယ်။ ပညာရေးစနစ်ကို မပြောင်းလို့မဖြစ်ဘူး။ အရေးကြီးသလို အရေးပေါ်တစ်ရပ်အနေနဲ့ စဉ်းစားအလေးပေးရမှာဖြစ်တယ်။ ပညာရေးစနစ်ကို မပြောင်းလို့မဖြစ်တော့ဘူးလို့ လက်ခံဖို့လိုအပ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့တော့ ပြုပြင်ပြောင်းလဲတဲ့အခါ ပညာရေးဝန်ကြီးဌာနတစ်ခုတည်းမဟုတ်ဘဲ ပညာရေးစနစ်တစ်ခုလုံးရဲ့ပါဝင်ပတ်သက်သူတွေကို စည်းရုံးဖို့လိုအပ်ပါတယ်။ ပညာရေးဝန်ထမ်းတွေသာမက ကျောင်းသားမိဘတွေကိုလည်း ပါဝင်စေဖို့လိုအပ်ပါတယ်။ အလုပ်ရှင်တွေကိုလည်း စည်းရုံးရမှာဖြစ်တယ်။ အထူးသဖြင့် အလေးထားရမယ့်သူကတော့ ကျောင်းသား၊ ကျောင်းသူတွေ ဖြစ်တယ်။ သူတို့ရဲ့တမ်းတမှုတွေ၊ သူတို့ရဲ့ လိုအပ်ချက်တွေကို သိနားလည်အောင် ကြိုးစားစေချင်ပါတယ်။ တတိယအဆင့်မှာတော့ ပညာရေးစနစ်နဲ့ပတ်သက်တဲ့ ရူပါရုံကို ဖော်ထုတ်ဖို့အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးအဆင့်အတန်းကို ဘယ်လိုမျှော်မှန်းသလဲ။ ငါးနှစ်၊ ဆယ်နှစ်အတွင်း ဘယ်ပုံစံမျိုးနဲ့ တိုးတက်ဖွံ့ဖြိုးစေသလဲဆိုတာကို ဖော်ထုတ်သွားရမှာဖြစ်တယ်။ ဒေသအဆင့်၊ ကမ္ဘာ့အဆင့်မီအောင် မျှော်မှန်းရမှာဖြစ်တယ်။ အဆင့်အတန်းမီမမီဆိုတာက သတ်မှတ်ချက်ပေတံတွေရှိနေပြီမို့ ဒီပေတံတွေ အတိုင်းမီနိုင်အောင် ကြိုးစားရုံပဲဖြစ်ပါတယ်။ ပညာရေးစနစ်ရဲ့ရူပါရုံကို လူတိုင်းသိနားလည်အောင် ဆက်သွယ်ဆက်ဆံရမှာဖြစ်တယ်။ အခုလိုလုပ်နိုင်မှ အများရဲ့ပါဝင်ပတ်သက်မှုကိုရနိုင်မှာသာ ဖြစ်ပါတယ်။

အဆင့်(၅)မှာတော့ ပညာရေးပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေကို လုပ်ကိုင်ခွင့်ပေးရမှာ ဖြစ်တယ်။ တစ်ချိန်တုန်းက နိုင်ငံခြားပညာသင်လွှတ်မှုနဲ့ ပတ်သက်ပြီး ပါမောက္ခဌာနမှူးက ဆုံးဖြတ်ခွင့်ရှိခဲ့တယ်။ နောက်ပိုင်း ဒီရွေးချယ်မှုကို ဝန်ကြီးလုပ်တဲ့သူကိုယ်တိုင် ဝင်ရောက်လုပ်ခဲ့တယ်။ အမှန်တော့ အဆင့်ဆင့်တာဝန်ပေးပြီး တာဝန်ခံစေသင့်တယ်။ ဗဟိုချုပ်ကိုင်မှုတွေ ဖြေလျှော့ပြီး အဆင့်ဆင့်တာဝန်ခွဲဝေပေးစေသင့်ပါတယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်ရာမှာ ချက်ချင်းရနိုင်မယ့် ရလဒ်တွေရအောင် ဖန်တီးသင့်ပါတယ်။ ရက် ၁၀၀ အတွင်း ပညာရေးစနစ်ကြီး အခြေခံက စပြင်နိုင်အောင် လုပ်နိုင်တာတွေအများကြီး ရှိပါတယ်။

ပညာရေးပြုပြင်ပြောင်းလဲမှုဟာ မလွယ်ကူလှပါဘူး။ ခေတ်အဆက်ဆက် ပျက်စီးယိုယွင်းခဲ့တာကို နေ့ချင်းညချင်း ပြင်ဖို့မလွယ်လှပါဘူး။ ဒါပေမယ့် စေတနာမှန်မှန်နဲ့သာ ဆောင်ရွက်ရင် ဖြစ်နိုင်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့သာ ဖြေရှင်းပြီး ပညာအဖြေတွေကို မသုံးသင့်ပါဘူး။ အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့၊ ခိုင်မြဲတဲ့ ဇွဲသတ္တိရှိဖို့လိုအပ်ပါတယ်။ ကျောင်းသားတွေကို ရန်သူအဖြစ်သဘောမထားဘဲ သူတို့နဲ့အတူအဖြေရှာသင့်ပါတယ်။ နောက်ဆုံးအဆင့်ကတော့ ပညာရေးပြုပြင်ပြောင်းလဲမှုကို အမြစ်စွဲအောင် အားထုတ်ရမှာဖြစ်တယ်။

မျက်မှောက်ခေတ်ကာလမှာ ပညာရေးဟာ စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်တာကို အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ပုဂ္ဂလိက တက္ကသိုလ်ပညာရေးဥပဒေဟာလည်း အလွန်အရေးကြီးလှုပါတယ်။ တက္ကသိုလ်၊ ကောလိပ်တွေနဲ့ပတ်သက်လာရင် လွတ်လပ်တဲ့အဖွဲ့အစည်းတွေအဖြစ် အသွင်ပြောင်းဖို့ လိုအပ်ပါတယ်။ ပါမောက္ခချုပ်တွေကို လွတ်လွတ်လပ်လပ်လှုပ်ရှားခွင့်ပေးပြီး အုပ်ချုပ်ရေးတာဝန်တွေ လျှော့ပြီး ပညာရေးတာဝန်တွေကို အာရုံစိုက်စေချင်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အရေးကြီးတဲ့တာဝန်တစ်ရပ်က ပညာရေးအဖွဲ့အစည်းတွေရဲ့ အရည်အသွေးထိန်းချုပ်မှုဖြစ်ပါတယ်။ အခုဆိုရင် စီးပွားရေးကို အခြေခံပြီး လုပ်စားတဲ့ ပညာရေးအဖွဲ့အစည်းတွေ အမြောက်အမြားပေါ်ပေါက်နေတာ တွေ့ရပါတယ်။ သူတို့ပေးတဲ့ ဘွဲ့၊ ဒီဂရီတွေဟာ ဘယ်အထိယုံကြည်ရသလဲ၊ စိတ်ချရသလဲဆိုတာကို စီစဉ် ပေးဖို့လိုအပ်ပါတယ်။ ကြိုက်သလိုကြော်ငြာပြီး ဘွဲ့အတုတွေကို ရောင်းစားနေကြတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေရဲ့အန္တရာယ်ကိုလည်း သတိပြုရမှာဖြစ်ပါတယ်။

ပညာစနစ်ရဲ့အခြေခံဟာ သိက္ခာသမာဓိပဲဖြစ်ပါတယ်။ စစ်မှန်တဲ့ တန်ဖိုးရှိတဲ့ ပညာရေးအရည်အသွေးတွေကို ဖော်ထုတ်ပေးဖို့သာဖြစ်တယ်။ တစ်ချိန်က ကျွန်တော်တို့နိုင်ငံမှာရှိခဲ့တဲ့ အခြေခံအလယ်တန်း၊ အထက်တန်းနဲ့ တက္ကသိုလ်ပညာရေး အဆင့်အတန်းတွေကို ပြန်လည်ဖော်ထုတ်သွားရမှာ ဖြစ်ပါတယ်။ လုပ်နိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

# သံယောဇဉ်အိမ်ကလေး ခိုင်မြဲရအောင်

**တိုက်မောင်း**

အိမ်ဆိုသည်မှာ စကားလုံးဝေါဟာရ လွန်စွာနည်းပါးသော်လည်း ဖွင့်ဆိုနိုင်သလောက် အဓိပ္ပာယ်ရှိသည့် စကားလုံးတစ်လုံးဆိုတာကို ဘယ်သူမှ ငြင်းဆန်နိုင်မယ်မထင်ပါဘူး။ အိမ်တွင်နေထိုင်နေရသည့်လူတိုင်းအတွက် လုံခြုံမှု၊ ပျော်ရွှင်မှုနှင့် စိတ်ချမ်းသာမှုတို့ကို ပေးစွမ်းနိုင်ပြီး အဝေးရောက်နေသူများအဖို့ဆိုရင်ဖြင့်လည်း လွမ်းဆွတ်တမ်းတစိတ်၊ သတိရစိတ်တို့ကို တစ်ပြိုင်တည်းပေးစွမ်းနိုင်သည့် အရာလည်းဖြစ်ပါတယ်။ မိသားစုရှိသောသူများကလည်း မိသားစုသိုက်သိုက်ဝန်းဝန်းနေထိုင်ကြရသည့် အိမ်ကနေအဝေးတစ်နေရာကိုသွားရောက်ရသည့် အခါများမှာတော့ “အချိန်တန်လျှင် အိမ်ပြန်ရမယ်”ဆိုတဲ့စကားလေးဟာ ကိုယ့်ကိုယ်ကို အားပေးနှစ်သိမ့်ရာလည်းရောက်ပါတယ်။

မိမိတို့ မွေးဖွားရာဇာတိမြေက အိမ်၊ ဒါမှမဟုတ် ရေကြည်ရာ မြက်နုရာရှာဖွေရင်း အခြေချနေထိုင်ရာ မြို့ရွာ ဝန်ထမ်းများဆိုလည်း နိုင်ငံတော်ကနေထိုင်ဖို့ ချထားပေးတဲ့အိမ် သို့မဟုတ် တိုက်ခန်းတွေဟာ မိမိတို့တစ်သက်တာမှာ နားခိုရာနေရာတစ်ခုပါပဲ။ အဲဒီလို မိသားစုသိုက်သိုက်ဝန်းဝန်းနဲ့ နေထိုင်နေတဲ့အိမ်ကနေ အဝေးတစ်နေရာကို အကြောင်းအမျိုးမျိုးကြောင့် သွားရောက်နေကြရသူများအဖို့ နေအိမ်လွမ်းစိတ်ဖြစ်လာတတ်တာ သဘာဝကျပါတယ်။

အခုလိုလုပ်ငန်းခွင်ထဲမရောက်ခင် လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်ဆီကို ပြန်သွားကြည့်မယ်ဆိုရင် ရထားဥသြသံတွေကနားထဲမှာ ကြားယောင်နေတုန်းပါပဲ။ အညာမြေ အမေ့ရွာကနေ ရန်ကုန်တက္ကသိုလ်ကြီးမှာ ပညာရင်နို့သောက်စို့ခဲ့တဲ့ အချိန်ကာလတွေကပေါ့။ ရန်ကုန်မြို့ကြီးဟာ ကားတွေတဝီဝီနဲ့ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးနေပေမယ့် ရေနံဆီမီးခွက်နဲ့ စာကျက်ခဲ့ရတဲ့ငယ်ဘဝကို အောက်မေ့သတိရနေမိတယ်။ မြို့ကြီးပြကြီးမှာ သူငယ်ချင်းအသစ်တွေနဲ့ ကော်ဖီတို့၊ ကိတ်မုန့်တို့ စားနေရပေမယ့် အမေ့လက်ရာ ပဲပြုတ်ဆီဆမ်းနဲ့ ထမင်းကြမ်းခဲကို တမ်းတနေဆဲပါပဲ။ အချိန်တန် ကျောင်းပိတ်လို့ ဇာတိချက်ကြွေမွေးရပ်မြေကို ပြန်ရတော့မယ်ဆိုတော့ ပျော်ရွှင်တဲ့စိတ်ဟာ ထိန်းလို့မရခဲ့ဘူး။ အဲဒီတုန်းက အခုလို Air Con နဲ့ Express ကားကြီးတွေ မရှိသေးတော့ ရထားကိုပဲ အားကိုးခဲ့ရတယ်။ ရထားကြီးပေါ်မှာ အခုခေတ်လို နည်းပညာမြင့်မားတဲ့ တယ်လီဖုန်းတွေ မပေါ်သေးတော့ ကက်ဆက်တိပ်ခွေထည့်လို့ရတဲ့ ကက်ဆက်အသေးတစ်လုံးနဲ့ နားကြပ်ကိုတပ်ပြီး အဆိုတော်ထူးအိမ်သင်ရဲ့ “အမေ့အိမ်” သီချင်းကို နားထောင်ရတဲ့အရသာဟာ အိမ်အပြန်လမ်းကိုပိုပြီး လွမ်းမောစေခဲ့ပါတယ်။

တကယ်တော့ အိမ်ဆိုတာ မိသားစုတစ်ခုရဲ့ဆုံဆည်းရာ နားခိုရာအေးရိပ်မွန်တစ်ခုပါပဲ။ အဘိုးနဲ့အဘွား၊ အဖေနဲ့အမေ၊ အစ်ကိုနဲ့အစ်မ၊ ညီလေးနဲ့ညီမလေးစသဖြင့် သံယောဇဉ်နှောင်ကြိုးတွေနဲ့ ချည်နှောင်ထားတဲ့ လှောင်အိမ်လေး တစ်ခုဆိုလည်းမမှားပါဘူး။ ပညာတွေလည်းစုံ၊ လက်တွဲဖော်တွေနဲ့လည်း ဆုံစည်းလာတဲ့အခါကျတော့ ဒီလှောင်အိမ်ကိုပစ်ခွာပြီး အဝေးတစ်နေရာဆီကို ကိုယ်စီကိုယ်စီနဲ့ ပျံသန်းသွားခဲ့ကြတာပါပဲ။

သားနဲ့သမီး၊ ချစ်ဇနီးရယ် ပျော်ရွှင်စရာကောင်းတဲ့ အိမ်ထောင်လေးတစ်ခု ထူထောင်ပြီးတဲ့အခါကျတော့ ဟိုး--အဝေးကအမေ့အိမ်ကလေးဟာ တဖြည်းဖြည်းမှေးမှိန်လာခဲ့ရတယ်။ လွန်ခဲ့တဲ့ကာလတွေကို ပြန်မျှော်ကြည့်ရင် အမေ့ဆီကို တစ်လတစ်ကြိမ် စာလေးတစ်စောင်တောင် မှန်မှန်ရေးမိခဲ့ရဲ့လား။ အမေနဲ့အဖေနေလို့မှ ကောင်းကြရဲ့လားဆိုပြီး ဖုန်းလေးမှ ဆက်ခဲ့မိရဲ့လား။ အလုပ်အကိုင်ကြောင့်ပဲဖြစ်ဖြစ်၊ ပညာသင်ကြားနေတဲ့ ကာလပဲဖြစ်ဖြစ် အဝေးတစ်နေရာစီခွဲခွာနေကြရတဲ့ မိဘနဲ့သားသမီး၊ ယောကျ်ားနဲ့ဇနီး၊ ညီအစ်ကိုမောင်နှမတွေဟာ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ ဒုနဲ့ဒေးရှိနေမှာပါပဲ။ အဲဒီလို ဝေးကွာနေတဲ့ကာလမှာ ကိုယ့်ရဲ့မိသားစုကို အဝေးကနေ နွေးထွေးမှုတွေပေးကြရမှာပါ။ ဆက်သွယ်ရေးကွန်ရက်တွေတိုးတက်နေပြီမို့ တစ်နေ့တစ်ခါလောက်တော့ ဖုန်းလေးနဲ့ပဲဖြစ်ဖြစ် သာကြောင်း မာကြောင်း မေးမြန်းကြရင် တစ်ခုလို့ ထင်မြင်မိပါတယ်။

မိုင်တွေများစွာဝေးနေပေမယ့် အဖေတစ်ယောက်ရဲ့ အားပေးတဲ့စကားတစ်ခွန်းဟာ သားတစ်ယောက်အတွက် ခွန်အားတွေဖြစ်စေမှာပါ။ ခွဲခွာနေရတဲ့အချိန်မှာ ခင်ပွန်းတစ်ယောက်ရဲ့ ဂရုတစိုက်နဲ့ ဖုန်းဆက်တဲ့အသံဟာ ဇနီးတစ်ယောက်အဖို့ ငယ်ငယ်တုန်းကလို ရင်ခုန်သံတွေမမြန်စေတော့ပေမယ့် ကျေနပ်နှစ်သိမ့်မှုတစ်ခုတော့ရစေမှာ အမှန်ပါပဲ။ အနေဝေးနေတဲ့အခါ မပီကလာပီကလာနဲ့ သမီးတစ်ယောက်ရဲ့ တီတီတာတာစကားသံဟာ ဖခင်ဖြစ်သူရဲ့ ရွှေဘဝင်ကို ကြည်လင်အေးမြစေတာပါပဲ။ ဒီလိုမမြင်ရတဲ့ကြိုးတွေနဲ့ ချည်နှောင်ရစ်ပတ်ထားတဲ့ မိသားစုဝင်တွေအချင်းချင်းဟာ ဘယ်လောက်ပဲ ရေမြေတွေခြားစေတော့ နွေးထွေးပြီး သာယာချမ်းမြေ့တဲ့ အိမ်ကလေးတစ်ခုကို ပိုင်ဆိုင်နေတာပါပဲ။

တကယ်တော့ လူသားတွေဟာ အောင်မြင်ခြင်း ပန်းတိုင်ဆီကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ နိစ္စဓူဝရုန်းကန်လှုပ်ရှားနေကြရတာပါပဲ။ ပညာရှာသင့်တဲ့အရွယ်မှာ ပညာတတ်ဖို့ကြိုးစားရတယ်။ စီးပွားရေးပြည့်စုံဖို့ ရင်းနှီးမြှုပ်နှံစွန့်စားရတယ်။ ညဏ

အိမ်မှာရှိတုန်းက ဇနီးဖြစ်သူရဲ့ ဖွယ်ဖွယ်ရာရာ ချက်ကျွေးခဲ့တာကိုသတိရပြီး တန်ဖိုးထားတမ်းတနေတတ်တာမျိုးပေ့ါ။ တစ်ယောက်တည်းနေရလို့ အဝတ်တွေကိုယ်တိုင်လျှော်ဖွတ်ပြီး မီးပူတိုက်ရတဲ့အခါကျတော့မှ အိမ်ကအစ်မတွေ ညီမတွေရဲ့စေတနာကို သိလာရတာမျိုးတွေ ခံစားနေရတတ်ပါတယ်။

အလားတူပါပဲ။ ကျွန်တော်တို့ဆီမှာ ဒီနေ့အသုံးဝင်နေသေးတဲ့ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ အရာတွေကို အတော်များများအသုံးပြုဖို့ မေ့လျော့နေကြတာတွေ့ရပါတယ်။ မျက်လုံးတွေကောင်းနေတုန်း စာပေတွေဖတ်ရှုဖို့ အချို့က သတိမရကြဘူး။ နားတွေကြားရတုန်း မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေကို နာယူထားကြပြီး ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် ခါးတွေလည်းကိုင်း နားတွေထိုင်းတဲ့ဘဝ ရောက်တဲ့အခါကျတော့ နောင်တမရကြရတော့ဘူးပေ့ါ။ ခြေထောက်တွေသန်မာနေတုန်းမနက်တစ်ခေါက် ညနေတစ်ခေါက် လမ်းလျှောက်ထွက်မယ်ဆိုရင် အညောင်းလည်းပြေကျန်းမာရေးအတွက်လည်းအထောက်အကူပြုတာမို့ နေ့စဉ်ပြုလုပ်ကြဖို့ မသင့်ပေဘူးလား။ ဇရာတွေဖိစီးစိတ်တွေ ကယောက်ကယက်ဖြစ်လာတဲ့အခါ၊ သားမှန်းမသိသမီးလည်း မမှတ်မိ၊ ဘဝနေဝင်ချိန်ရောက်တဲ့အခါနီးကျမှ အဖေအမေဆီကို အမောတကောအပြေးလာပြီး ဟိုဟာလေးစားပါလား၊ ဒီဟာလေးရော ခံတွင်းမတွေ့တော့ဘူးလားလို့ မေးနေမယ့်အစား (မလုပ်ရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး) ကျန်းမာတုန်း၊

**မျက်လုံးတွေကောင်းနေတုန်း စာပေတွေဖတ်ရှုဖို့ အချို့က သတိမရကြဘူး။ နားတွေကြားရတုန်း မြတ်ဗုဒ္ဓရဲ့ တရားဓမ္မတွေကို နာယူထားကြပြီး ကျင့်ကြံအားထုတ်ကြမယ်ဆိုရင် ခါးတွေလည်းကိုင်း နားတွေထိုင်းတဲ့ဘဝ ရောက်တဲ့အခါကျတော့ နောင်တမရကြရတော့ဘူးပေ့ါ။**

ဖြင့် တာဝန်ကျေလုပ်ပါပြီ။

ဒီနေရာမှာ အလျဉ်းသင့်လို့ အနီးကပ်နေခဲ့ဖူးတဲ့ အထက်အရာရှိကြီးတစ်ယောက်ရဲ့ ကောင်းမွန်ပြီး အတုယူသင့်တဲ့ အကျင့်လေးတစ်ခုကိုပြောပြလိုပါတယ်။ သူဟာ ဌာနကြီးတစ်ခုရဲ့ တာဝန်အရှိဆုံး လူတစ်ယောက်ပါ။ ရုံးအလုပ်၊ အစည်းအဝေး၊ နိုင်ငံခြားညှိသည်တွေနဲ့ အမြဲမပြတ်တွေ့ဆုံနေရတာပါ။ ဒါပေမယ့် သူဟာအိမ်ကနေ ရုံးသွားတဲ့အချိန်၊ ဒါမှမဟုတ် ရုံးပြန်တဲ့အချိန် ကားပေါ်ကနေ မြို့ကြီးတစ်မြို့မှာကျန်ခဲ့တဲ့ သူရဲ့မိသားစုဝင်အားလုံးထံကို နေ့တဓူဝ ဖုန်းနဲ့ဆက်သွယ်နေတာကို ဝမ်းသာစွာတွေ့မြင်ခဲ့ဖူးပါတယ်။

“အမေကြီးနေကောင်းရဲ့လား”

“ သားမောင်အောင်စိန် မင်းအလုပ်တွေရော အဆင်ပြေရဲ့လား”

“မောင်စည်ရေ ဘယ်ရောက်နေလဲ၊ ကားကို ဂရုစိုက်မောင်းနော် သား”

“သမီးငယ် ဆိုင်ရော အရောင်းအဝယ်ကောင်းရဲ့လား” စသဖြင့်ပေ့ါလေ။

ဒီလိုကောင်းမြတ်တဲ့ အလေ့အကျင့်လေးတွေဟာ မိသားစုနဲ့ ဝေးကွာနေတဲ့ သူတိုင်းအတွက် အတုယူသင့်တဲ့ သာဓကစွမ်းအား၊ ကာယစွမ်းအားတွေကို စိုက်ထုတ်သုံးစွဲရတယ်။ ငွေရေးကြေးရေးနဲ့ ပစ္စည်းဥစ္စာတွေဟာ လူတွေရဲ့ လောဘကို အတော်များများ ပျော်ရွှင်ကျေနပ်စေတာမှန်ပေမယ့် အရာအားလုံးကိုတော့ ပြီးပြည့်စုံအောင် ဖန်တီးမပေးနိုင်ဘူးဆိုတာ လူမှုပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့အဖြစ်အပျက်တွေက သက်သေပြလျက်ရှိပါတယ်။ မိသားစုကို ကျွန်တော်တို့ အဝေးကနေ နေ့စဉ် ငွေရေးကြေးရေးမပံ့ပိုးပေးနိုင်ပါဘူး။ ဘာတွေပို့ပေးနိုင်သလဲ။ နွေးထွေးမှု၊ ဂရုစိုက်မှု၊ သိတတ်မှု၊ အားပေးမှုစတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ စကားလုံးတွေပေးနိုင်တယ်။ တယ်လီဖုန်းနဲ့ ပြောမလား။ ကမ္ဘာကြီးရဲ့ဘယ်နေရာကိုပဲ ရောက်နေရောက်နေအင်တာနက်ကနေ ဆက်သွယ်ပြောဆိုလို့ရနေပါပြီ။ နည်းပညာရဲ့စွမ်းပကားဟာ ဝေးနေတဲ့လူတွေကို နီးလာစေပါပြီ။ ဆန္ဒရှိဖို့ပဲလိုတာပါ။

တစ်ခါတစ်ရံမှာ ကျွန်တော်တို့ဟာ ကိုယ့်ရဲ့အနီးအနားမှာရှိနေတဲ့အရာတွေကို မေ့လျော့နေတတ်ကြပြီး တန်ဖိုးထားရကောင်းမှန်းမသိခဲ့ကြပါဘူး။ အဲ့လိုနီးနေတဲ့အချိန်မှာ မေ့လျော့နေပြီး အဝေးရောက်မှ သတိရမိတဲ့အရာတွေထဲမှာ ကျွန်တော်တို့နေထိုင်ခဲ့တဲ့အိမ်လည်း အပါအဝင်ဖြစ်ပါတယ်။ ဥပမာ- အဝေးရောက်မှ တပည့်တွေချက်တဲ့ဟင်းက စားမကောင်းတဲ့အခါ စားနိုင်တုန်း ကျွေးမွေးပြုစုစောင့်ရှောက်သွားကြမယ်ဆိုရင် သားအလိမ္မာ၊ သမီးအလိမ္မာတွေအဖြစ်နဲ့ ဂုဏ်ယူနိုင်ကြမှာပါ။

အချို့က ပြောကြတယ်။ “လှေကားသုံးထစ်ဆင်းရင် လူပျိုဖြစ်ပြီ ”တဲ့။ အဲဒီစကားဟာ ပျော်စေပျက်စေပြောတာဖြစ်ပေမယ့် တကယ်စေ့စေ့တွေးကြည့်ရင် ကိုယ့်ရဲ့အိမ်မှာကျန်ခဲ့တဲ့ မိသားစုကိုလျစ်လျူရှုချင်သူတွေအဖို့ မီးလောင်ရာ လေပင့်တဲ့စကားတစ်ခုပါပဲ။ အဝေးရောက်နေသူများအဖို့“ပျော်ရာမှာမနေရ တော်ရာမှာနေရ”ဆိုတဲ့ ဖြေသိမ့်စရာစကားရှိသလို “ပျော်ပျော်နေသေခဲ”ဆိုတဲ့စကားကို အမှတ်အယူမှားပြီး တွေ့တဲ့နေရာမှာပျော်ပါးသောက်စားသုံးဖြုန်းပြီး အဝေးမှာကျန်ရစ်တဲ့ မိသားစုမှာတော့ စားစရာမရှိ၊ ဝတ်စရာက ဗလာနတ္ထိဖြစ်နေမယ်ဆိုရင် တရားပ့ါမလား။ စဉ်းစားဆင်ခြင်သတိပြုမိကြဖို့လိုပါတယ်။ အဝေးကအိမ်ကလေးကိုဖြစ်ဖြစ်၊ ဝေးကွာနေတဲ့ဇနီးမယား(လင်ယောကျ်ား)၊ သမီးနဲ့သားကိုပဲဖြစ်ဖြစ် အနီးအနားမှာရှိနေတယ်လို့ သတိရတဲ့စိတ်ကလေးနဲ့ အရာရာကို ထိန်းသိမ်းနေထိုင်သွားကြရင်းဖြင့် လူချင်းဝေးနေသော်လည်း စိတ်ချင်းမဝေးသည့် သာယာတဲ့ မိသားစုကလေးကို လူတိုင်းကိုယ်စီဖန်တီးနိုင်ကြပါစေကြောင်း တိုက်တွန်းလိုက်ပါရစေ။

## ဟားခါး-ဂန့်ဂေါကားလမ်းပေါ်မှ ပျက်စီးနေသောလမ်းပိုင်းများ ပြုပြင်နေစဉ်အတွင်း လမ်းပိတ်ဆို့မှုမဖြစ်ပေါ်စေရေး ကွင်းဆင်းကြည့်ရှု

**ဟားခါး ဇွန် ၁၂**

မိုးတွင်းရာသီကာလ ရောက်ရှိလာသည်နှင့်အမျှ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဟားခါး-ဂန့်ဂေါကားလမ်း၏ အချို့လမ်းပိုင်းနေရာများတွင် လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး ပြန်လည်ပြုပြင်လျက်ရှိရာ ပြုပြင်နေစဉ်အတွင်း ခရီးသည်တင် မော်တော်ယာဉ်လိုင်းကားများ၊ ကုန်တင်ကားများနှင့် ခရီးသွားပြည်သူများ ခရီးကြန့်ကြာမှုမရှိဘဲ လုံခြုံချောမွေ့စွာ ပုံမှန်ဆက်သွယ်ကူးသန်းသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက ဇွန် ၁၀ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဟားခါးခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဟားခါး-ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ်(၆/၀)၊ (၈/၀)၊ (၁၈/၀)နှင့် (၄၆/၀)နေရာများ၌ မြေပြိုခြင်း၊ နုန်းမြေစီးဆင်းခြင်းများ ဖြစ်ပွားကာ ကားလမ်းပိတ်ဆို့နေမှုများနှင့် ပိတ်ဆို့သည့်နေရာများတွင် စက်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲကျင်းပ

**ကျောက်ထု ဇွန် ၁၂**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကို ကျောက်ထုမြို့ အောင်နိုင်သူ ပညာရိပ်မွန်၌ ဇွန် ၁၀ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ကျောက်ထုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးအေးလင်းက ငရဲပန်းကို နတ်ပန်းမထင်လေနဲ့ ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရန် ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်ကာ သုတရသစာအုပ်မျိုးစုံ ၁၅၀ ကို ငှားရမ်းပေးခဲ့သည်။ ထို့နောက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အသိပညာပေး ဓာတ်ပုံပြပွဲကို ဆက်လက်ပြုလုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **(၁၀၁)**



# ဆားပစ်ကြိုးများနေရာတွင် ကေဘယ်ကြိုးဖြင့် လဲလှယ်မှု တာမွေမြို့နယ်၌ စံနမူနာအဖြစ် စတင်ဆောင်ရွက်နေ

**ရန်ကုန် ဇွန် ၁၂**

နေအိမ်တိုက်ခန်းများအတွက် လျှပ်စစ်မီးကို ဓာတ်တိုင်မှ သွယ်တန်းချိတ်ဆက်ရာတွင် တစ်ခန်းအတွက် ဆားပစ်ကြိုးတစ်ကြိုး သွယ်တန်းသည့်စနစ်အစား တိုက်တစ်တိုက်လုံးအတွက် ကေဘယ်ကြိုးတစ်ချောင်းတည်း သွယ်တန်းသည့်စနစ်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက်၌ စံနမူနာအဖြစ် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျောက်မြောင်းကြီး စံပြရပ်ကွက် သီတာလမ်းနှင့် ကျောက်မြောင်းလမ်းထောင့်ရှိ လျှပ်စစ်ဓာတ်မီးတိုင်တွင် နေအိမ်များမှ လာရောက်သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ ရှုပ်ထွေးများပြားလျက်ရှိသည်ကို စံပြနမူနာအနေဖြင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က အကုန်အကျခံကာ 4 PVC Cabel များဖြင့် ဇွန် ၁၀ ရက်က အစားထိုးလဲလှယ်ပေးနေခြင်းဖြစ်ကြောင်း တာမွေမြို့နယ် လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းထံမှ သိရသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒါရိုက်တာအဖွဲ့ဝင်(၁) ဦးထွန်းထွန်းဆွေက "ဒီလုပ်ငန်းက ရက် ၁၀၀ စီမံချက်ထဲမှာလည်း အကျုံးဝင်အောင် ခရိုင်ထဲမှာမှ တာမွေမြို့နယ်ကိုရွေးပြီး ဒီကျောက်မြောင်းကြီးစံပြရပ်ကွက်ကို ခရိုင်အင်ဂျင်နီယာမှူးကြီး ဦးသန်းထွန်းအေးနဲ့တိုင်ပင်ပြီး လုပ်ကိုင်စေတာပါ။ ရည်ရွယ်ချက်ကတော့ တိုက်ခန်းတွေမှာ အခန်းပေါင်း ၁၆ ခန်းရှိမယ်ဆိုရင် ၁၆ ကြိုးသွယ်ရမယ့်အစား ကေဘယ် တစ်ကြိုးတည်းသွယ်တန်းတဲ့စနစ်နဲ့ တိုက်ခန်းတိုင်းမှာ မာတီဆားပစ်ဘောက်တွေ တပ်ဆင် အသုံးပြုရမှာပါ"ဟု ရှင်းပြသည်။

"ကျောက်မြောင်းလမ်းနဲ့ သီတာလမ်းထောင့် လျှပ်စစ်ဓာတ်မီးတိုင်က နေပြီး ဆားပစ်ကြိုးသွယ်တန်းထားတဲ့ တိုက်ခန်းတွေကို စံပြအနေနဲ့ ဌာနက အကုန်အကျခံပြီးလုပ်ပေးတယ်လို့ သိရပါတယ်။ တခြားတိုက်ခန်းတွေက လုပ်ချင်ရင်တော့ စုပေါင်းပြီး ကိုယ့်စရိတ်နဲ့ကိုယ်လုပ်ရမှာပါ။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ဓာတ်မီးတိုင်မှာ လျှပ်စစ်သွယ်တန်းထားတာမရှိတော့ ပြတ်ကျပြီး ဓာတ်လိုက်မှုအန္တရာယ် ကင်းဝေးမယ်။ ဓာတ်အားသုံးစွဲသူ ပြည်သူတွေအတွက်လည်း ဓာတ်အားအပြည့်အဝရရှိစေပြီး မီးကြိုးတစ်ခုနဲ့တစ်ခု ထိမိပြီး ရှော့ခ်ဖြစ်မှာလည်း မပူရတော့ဘူး။ ဓာတ်ကြိုးတွေ လျော့အိကျလို့ မော်တော်ယာဉ်တွေနဲ့ငြိသွားမှာလည်း မရှိတော့တဲ့အတွက် အင်မတန်ကောင်းမွန်တဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်"ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် သီတာလမ်းနေ ရပ်မိရပ်ဖ ဦးညွန့်ရီတို့က သုံးသပ်ပြောဆိုသည်။

ရှုပ်ထွေးနေသော ဆားပစ်လိုင်းကြိုးများကို ရှင်းလင်းကာ 4 PVC Cabel တပ်ဆင်ခြင်း ဆောင်ရွက်လိုပါက ထိုက်သင့်သည့် ကုန်ကျစရိတ်ရှိမည်ဖြစ်ကြောင်း၊ မြို့နယ်လျှပ်စစ်ဌာနအနေဖြင့် နည်းပညာအကူအညီနှင့် လုပ်အားများ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကေဘယ်ကြိုးအရှည်အတိုင်းအတာနှင့် ဆားပစ်ဘောက်များ၊ ဆက်စပ်ပစ္စည်းများအတွက် ကုန်ကျစရိတ်များကိုမူ တိုက်ခန်းများတွင် နေထိုင်သော ပြည်သူများက ကျခံရမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**



## မိုးသီးနှံစိုက်ပျိုးစရိတ် သိန်းနှစ်ထောင်ကျော် ထုတ်ချေးပြီး

**ပခုက္ကူ ဇွန် ၁၂**

ပခုက္ကူမြို့နယ်အတွင်းမှ တောင်သူဦးကြီးများအား ၂၀၁၆ ခုနှစ် မိုးရာသီသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို ပခုက္ကူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေ ၁၇ ရက်မှ စတင်ထုတ်ချေးပေးခဲ့ရာ ဇွန် ၉ ရက်အထိ ကျပ်သိန်းပေါင်းနှစ်ထောင်ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကာ ကျန်ချေးငွေများကိုလည်း ဆက်လက်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ အစုအဖွဲ့ ၄၀၃ ဖွဲ့မှ အဖွဲ့ဝင် ၁၁၆၅ ဦး၏ စပါး ၂၅၆ ဧက၊ မြေပဲ ၁၆၄ ဧက၊ နှမ်း ၁၄၃ ဧက၊ ပဲတီစိမ်း ၄၈၄၂ ဧကနှင့် ပဲစင်းငုံ ၃၆၅၃ ဧက စုစုပေါင်း ၉၀၅၈ ဧကအတွက် ချေးငွေများ ထုတ်ပေးပြီးဖြစ်ကာ ထုတ်ပေးပြီးသည့် ပမာဏမှာ ကျပ် ၂၁၄၄ ဒသမ ၄ သိန်းဖြစ်ကြောင်း၊ အတိုးနှုန်းအနေဖြင့် ယမန်နှစ်က တစ်နှစ်လျှင် ငါးရာခိုင်နှုန်းဖြစ်ပြီး ယခုနှစ်တွင် တစ်နှစ် ရှစ်ရာခိုင်နှုန်းဖြစ်ကြောင်း ပခုက္ကူမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးကြည့်မြင့်က ပြောကြားသည်။

စပါးတစ်ဧကလျှင် ကျပ်တစ်သိန်းခွဲထုတ်ချေးပြီး အခြားသီးနှံများကို တစ်ဧက ကျပ်နှစ်သောင်းသာ ထုတ်ချေးသဖြင့် ပဲ၊ နှမ်းနှင့် အခြားသီးနှံစိုက်ပျိုးသည့် တောင်သူများအနေဖြင့် စိုက်စရိတ်သာရပြီး မြေဆီနှင့် မျိုးစေ့ဖိုးမရကြောင်း ပခုက္ကူမြို့နယ် ဖောင်းကွဲကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

**(ခရိုင် ပြန်/ဆက်)**

## မန္တလေး-လားရှိုး ကားလမ်း၌ ယာဉ်ပိတ်ဆို့မှု ဖြစ်ပွား

**နောင်ချို ဇွန် ၁၂**

နောင်ချိုမြို့နယ် မန္တလေး-လားရှိုး ပြည်ထောင်စုကားလမ်းမကြီးပေါ် နီလာကွေ့(အန္တရာယ်ကွေ့ကြီး)၌ မေ ၉ ရက် ညနေ ၃ နာရီခွဲခန့်က ယာဉ်ကြီးတစ်စီး စက်ချွတ်ယွင်းရာမှ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ည ၈ နာရီခန့်တွင် ပြန်လည်ရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးဘက်မှ လားရှိုးဘက်သို့မောင်းနှင်လာသည့် ဓာတ်ဆီတင် ၂၂ ဘီးယာဉ်တစ်စီးသည် အဆိုပါ လမ်းကွေ့နေရာတွင် အခြားယာဉ်တစ်စီးကို ရှောင်တိမ်းရာမှ စက်ချွတ်ယွင်းကာ ရပ်တန့်သွားခဲ့ရာမှ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါယာဉ်ပိတ်ဆို့မှုမှုစ၍ မန္တလေး-လားရှိုး ကားလမ်းတစ်လျှောက်တွင်လည်းကောင်း၊ နောင်ချိုမြို့တွင်းတွင်လည်းကောင်း၊ ဂုတ်တွင်းတံတားအရှေ့ဘက် ကျောက်မဲမြို့နယ်ဘက်တွင်လည်းကောင်း မန္တလေးအဆင်း လားရှိုးအတက် ယာဉ်များ အစီးရေ ၂၀၀ ကျော်ခန့် ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်ပိတ်ဆို့မှု ဖြစ်ပွားရာသို့ နောင်ချိုမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်ညို၊ ကျောက်မဲခရိုင်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးချစ်စိန်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ နောင်ချိုမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လမ်းရှင်းလင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များကို လာရောက်ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် အတက်၊ အဆင်းယာဉ်များ ည ၈ နာရီခန့်တွင် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရက် ၁၀၀ စီမံချက်ဖြင့် ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်

**ပေါင်းတလည် ဇွန် ၁၂**

ရက် ၁၀၀ စီမံချက်ဖြင့် မိုးဦးကာလကျရောက်လာပြီဖြစ်သဖြင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပေါင်းတလည်မြို့ လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှုနယ်မြေရှိ ၄၀၀ ဗို့ဓာတ်အားလိုင်းမှ ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို မြို့လျှပ်စစ်မှူး ဦးမြင့်ဝေဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇွန်လပထမပတ်တွင် လုပ်ငန်းများ အားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် အကျိုးသက်ရောက်မှုအနေဖြင့် အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းဝေးစေပြီး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရ သည်။

**မြင့်နိုင်**





လှိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာနက ရက် ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတစ်ရပ်အဖြစ် ဇွန် ၁၀ ရက်က လှိုင်လင်မြို့မှ နမ့်စန်မြို့အသွား ကားလမ်းဘေးရှိ စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်ပုံကို ဌာနဝန်ထမ်းများ ရှင်းလင်းဆောင်ရွက်စဉ်။
(ခရိုင် ပြန်/ဆက်)

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဟောပြောပွဲကျင်းပ

**ဘုရားကြီး ဇွန် ၁၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမြို့ အထကကျောင်း ရတနာသီရိခန်းမ၌ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စာရေးဆရာမ ဒေါ်ဝတ်ရည်ခင်က မူးယစ်ဆေးဝါးကင်းစင်တို့ဘဝတွင် အစဉ်ကြိုးပမ်းစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မူးယစ်တပ်ဖွဲ့(၃၆)ပဲခူးမှ ရဲအုပ်ထွန်းအောင်သိန်းက မူးယစ်ဆေးဝါးနှင့် ယနေ့လူငယ် ခေါင်းစဉ်ဖြင့် လည်းကောင်း မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဒေါ်ခင်စံပယ်က ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှဌေးက စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဆွေက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့ကြပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များလည်း ပြသခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဖွင့်

**ရွှေဘို ဇွန် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းမှ ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းအဖြစ် ၁၉ ရက်ကြာ အိတ်ထိုး၊ ဇာထိုးနှင့် ဖိနပ်ထိုးသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဇွန် ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြင့်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ သင်တန်းသို့ ရွှေဘိုမြို့ပေါ်နှင့် ကျေးရွာများမှ သင်တန်းသား ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**စိုးသီဟ (ပြန်/ဆက်)**

# ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးရန်ဆွေးနွေး

**မန္တလေး ဇွန် ၁၂**

မန္တလေးမြို့တွင် (၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပရန်နှင့် ဖမ်းဆီးရမိထားသော မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပွဲပြုလုပ်၍ ဖျက်ဆီးရန်အတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအတွင်းရေးမှူးနှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးတို့က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနား ကျင်းပရန်နှင့် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို အောင်မြင်စွာပြုလုပ်နိုင်ရန်အတွက် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများက ကော်မတီအလိုက် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲကို အောင်မြေသာစံမြို့နယ်ရှိ ရွှေမန်းတောင်အားကစားကွင်း၌ ဇွန် ၂၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း RIR တော်ဝင် 33KV တော်ဝင်ခွဲရုံအဝင်ရှိ တိမ်းစောင်းနေသော ဓာတ်တိုင်နှစ်တိုင်ကို ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားပြတ်တောက်မှု မဖြစ်ပွားစေရေးအတွက် မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများ ဇွန် ၁၀ ရက်က ပြုပြင်နေစဉ်။
(မြို့နယ် ပြန်/ဆက်)

# စာသင်ကျောင်းများအနီးတွင် လူကူးမျဉ်းကျားများ ရေးဆွဲပေးရန်လိုအပ်နေ



**စစ်ကိုင်း ဇွန် ၁၂**

စစ်ကိုင်းမြို့မြို့ပေါ်ကျောင်းများတွင် ကျောင်းသား ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် စစ်ကိုင်းမြို့အမှတ်(၁၀၅) ယာဉ်ထိန်းတပ်စုမှူးရုံးမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက နေ့စဉ် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် လမ်းကူးပေးခြင်း၊ လမ်းရှင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့တွင် အထက(၁)၊ အမက(၁) နှင့် ချင်းစု အလကကျောင်းခွဲများမှာ နေ့စဉ် ယာဉ်ကျောရှုပ်ထွေးသည့်လမ်းများပေါ်တွင်ရှိကာ ယခင်က ကျောင်းအနီးတွင် လမ်းညွှန်ဆိုင်းဘုတ်များ ထားပေးသော်လည်း ယနေ့အချိန်တွင် ဆိုင်းဘုတ်များမရှိတော့ကြောင်း သိရသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များမှာမြို့ပေါ်ကျောင်းအနီး လူရှုပ်ထွေးရာနေရာများသာ ကူညီလမ်းရှင်းပေးနိုင်သော်လည်း အလှမ်းဝေးသည့်နေရာများတွင် ယာဉ်ထိန်းအင်အားမမျှတသည့်အတွက် မရှင်းပေးနိုင်သည့်နေရာများလည်း ရှိသည်။ ထို့ကြောင့် မြို့ပေါ်ကျောင်းအများစု၏ ဝင်ပေါက်ထွက်ပေါက်များတွင် လူကူးမျဉ်းကျားများထားပေးရန် လိုအပ်နေသည်။ **ခိုင်ဇေယျ**

# ဌာနဆိုင်ရာများပူးပေါင်း၍ ရက် ၁၀၀ စီမံချက် ဟောပြောပွဲကျင်းပ

**မူဆယ် ဇွန် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအကြောင်းအရာများ ဟောပြောပွဲကို အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုဆောင်ခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးအောင်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လမ်းအမှတ်အသားများ၊ အချက်ပြမှုပုံစံ၊ ဆိုင်ကယ်စီးလျှင် လိုက်နာရန်စည်းကမ်းများ၊ စက်ဘီးစီးသူနှင့် ခြေကျင်လျှောက်သူများ လိုက်နာရန်စည်းကမ်းများ၊ ဖြစ်ပွားခဲ့ဖူးသော ယာဉ်တိုက်မှုဖြစ်စဉ်များအကြောင်း စသည်တို့ကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဒုတိယရဲမှူးကျော်ကျော်ထွန်းက ယာဉ်အန္တရာယ်ကင်းရှင်းရေး အချက်ပြနည်းပုံစံများကို သရုပ်ပြရှင်းလင်းခဲ့ကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးဆိုင်ရာများကို ဆက်လက်ဟောပြောခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**



# ရက် ၁၀၀ သစ္စာစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**မလှိုင် ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီ မလှိုင်မြို့နယ်အတွင်းရှိ အထကနှင့် အလက ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရက် ၁၀၀ သစ္စာစီမံချက်အရ ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မလှိုင် အထကကျောင်း ရောဝတီခန်းမဆောင်၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲတွင် မလှိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်းလုပ်ငန်းစဉ်(၆)ရပ်မှ သစ္စာစီမံချက်အကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာငြိမ်းက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများနှင့် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အထက်တန်း ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးချစ်မင်းသိန်းက မြို့နယ်ပညာရေးမှူး ဦးစောဝင်းထံ ပေးအပ်ခဲ့ပြီး အလယ်တန်း ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဝန်ကြီးဌာန တာဝန်ရှိသူက ကျောင်းသားများထံ ပေးအပ်ခဲ့ကာ အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းထုတ်ပေးမှုတွင် အထက်တန်းကျောင်း သုံးကျောင်းနှင့် အလယ်တန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄၅၉ ဦးအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ရေကြည် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများ၏ သားသမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ရေကြည်ခန်းမ၌ ဇွန် ၁၀ ရက်က ကျင်းပခဲ့သည်။

ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နိုင်က အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးများပေးအပ်ရာ အဝေးသင်တက္ကသိုလ် တက်ရောက်နေသူ ကျောင်းသား ကျောင်းသူ ခုနစ်ဦးအား တစ်ဦးလျှင် ကျပ်လေးသောင်းစီ၊ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူ ၁၅ ဦးအတွက် တစ်ဦးလျှင် ကျပ်သုံးသောင်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ကိုးဦးအတွက် တစ်ဦးလျှင် ကျပ်နှစ်သောင်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၇ ဦးအတွက် တစ်ဦးလျှင် ကျပ်တစ်သောင်းခွဲစီနှင့် စာရေးကိရိယာများ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၈ ဦးအတွက် ထောက်ပံ့ကြေးငွေ ကျပ် ၁၃ သိန်းကျော်ကို ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

## သတင်းတိုများ

### ကွမ်းစားသုံးခြင်းနှင့်စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှု ကျဆင်းရေးပညာပေး

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ကွမ်းတံတွေးထွေးမှုများ လျော့နည်းကျဆင်းလာရေးအတွက် ကွမ်းရောင်းချသူများအား တွေ့ဆုံရှင်းလင်း ပညာပေးဟောပြောပွဲကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနရုံး၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် မြို့နယ်ဆရာဝန်ကြီး ဦးမျိုးကျော်အောင်တို့က စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးခြင်းကြောင့် မြို့သန့်ရှင်းသာယာလှပရေးကို ထိခိုက်နိုင်ပုံနှင့် ကွမ်းစားခြင်းကြောင့် ဖြစ်ပွားနိုင်သော ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ကွမ်းရောင်းချသူများအား အသိပညာပေး ဆွေးနွေးခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ရက်၁၀၀စီမံချက်အရဆောင်ရွက်သောလမ်းလုပ်ငန်းနှင့်ရေရရှိရေးလုပ်ငန်းများ ယခုလအတွင်းပြီးစီးမည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းနှင့်မိုင်းပျဉ်းမြို့နယ်များတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်သူ့အတွက် ရက် ၁၀၀ စီမံချက်အရ လမ်းလုပ်ငန်းများနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းလုပ်ငန်းများအဖြစ် မိုင်းယန်းမြို့နယ် ယန်းကျန်ကျေးရွာ၌ အရှည် ၃ ဒသမ ၇၉ ဖာလုံရှိ ကျောက်ချောလမ်းခင်းခြင်း၊ မိုင်းလွေကျေးရွာ၌ အရှည် ၃ ဒသမ ၆၄ ဖာလုံရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း၊ မိုင်းပျဉ်းမြို့နယ်အတွင်း၌ အရှည် ၄ ဖာလုံရှိ မိုင်းမန်း-ပန်ဟိုင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယခုလအတွင်း လုပ်ငန်းအားလုံး ပြီးစီးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကို ပို၍အဆင်ပြေစေမည်ဖြစ်ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းအဖြစ် မိုင်းပျဉ်းမြို့နယ် ဝမ်ဖျန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်နေပြီး အဆိုပါရေသွယ်လုပ်ငန်းမှာလည်း အပြီးသတ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်နိုင်(ကျိုင်းတုံ)**

# ဘယ်လ်ဂျီယံနဲ့ ပွဲကျပ်ကို အီတလီ ဘယ်လိုဖြတ်ကျော်မလဲ

**မိုးမြင့်လင်းလက်**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနေပြီဖြစ်တဲ့ ယူရို ၂၀၁၆ ဘောလုံးပြိုင်ပွဲကတော့ ပြိုင်ပွဲဝင်အသင်းတိုင်း အကြိတ်အနယ်ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ အုပ်စုပွဲစဉ်တွေကို ဇွန် ၁၄ ရက်မှာ ဆက်လက်ယှဉ်ပြိုင်တဲ့အခါ အုပ်စု(င)က ဘယ်လ်ဂျီယံနဲ့ အီတလီ၊ အုပ်စု(င)က ဩစတြီးယားနဲ့ ဟန်ဂေရီတို့ရဲ့ ပွဲစဉ်တွေက ပရိသတ်အကြိုက် ပွဲတွေဖြစ်ပေမယ့် မမျှော်လင့်တဲ့ရလဒ်တွေ ထွက်ပေါ်ဖို့လည်း ရှိနေပါတယ်။ ဒါကြောင့် အုပ်စု(င)မှာ နာမည်ကြီး အီတလီတို့ရဲ့ ခြေစွမ်းက တိုးတက်လာမလား ကြည့်ရမှာဖြစ်သလို အုပ်စု(စ)ရဲ့ဩစတြီးယားတို့ကလည်း ဘယ်လောက်အထိ ခရီးပေါက်နိုင်မလဲဆိုတာ အကဲခတ်ခွင့်ရဦးမှာဖြစ်ပါတယ်။

**ဘယ်လ်ဂျီယံနှင့် အီတလီ**

လက်ရှိမှာ ကမ္ဘာ့အဆင့် ဒုတိယနေရာမှာရှိနေတဲ့ ဘယ်လ်ဂျီယံကို အီတလီတို့ ကစားရခက်ပါလိမ့်မယ်။ နည်းပြမက်စီမော့စ်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့အသင်းဖြစ်သလို ခြေစွမ်းပိုင်းမှာ စိုးရိမ်စိတ်များနေတာကလွဲပြီး ကောင်းမွန်တဲ့ အနေအထားကို ပိုင်ဆိုင်ထားပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းကိုကြည့်ရင် ယူရိုခြေစစ်ပွဲ ၁၀ ပွဲ ကစားခဲ့ရာမှာ ခုနစ်ပွဲနိုင်ပြီး နှစ်ပွဲသရေကျကာ တစ်ပွဲရှုံးထားတဲ့ မှတ်တမ်းကောင်းရှိပါတယ်။ တိုက်စစ်၊ ခံစစ်ရော ကွင်းလယ်မှာပါ ကစားသမားကောင်းတွေရှိနေတဲ့အပြင် အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားတတ်တဲ့ ဘယ်လ်ဂျီယံအသင်းဟာ ဒီနှစ်မှာ သမိုင်းမှတ်တမ်းသစ်ရေးထိုးနိုင်ရေး ပွဲတိုင်းရလဒ်ကောင်းအောင် ကြိုးစားတော့မှာဖြစ်ပါတယ်။ ယူရိုပြိုင်ပွဲကို လေးကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးပြီး အမြင့်ဆုံးမှတ်တမ်းအဖြစ် ဒုတိယတစ်ကြိမ်ရရှိခဲ့တာမို့ လျှော့တွက်မိရင်တော့ အီတလီတို့ မမျှော်လင့်တဲ့ရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ ဘယ်လ်ဂျီယံအသင်းနည်းပြ စတင်ဖြစ်လာတဲ့ မက်စီလ်မော့စ်ဟာ ဒီနှစ်ယူရိုဖလားကို ရယူနိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းရဲ့အားသာချက်က အသင်းလိုက်စုဖွဲ့မှုအားကောင်းသလို အမှားအယွင်းလည်း နည်းကြတာမို့ အီတလီတို့ ခြေကုန်ထုတ်မှရမယ့်အနေအထားပါပဲ။ နည်းပြကွန်တီရဲ့ အီတလီတို့ကတော့ ဒီနှစ် ယူရို ၂၀၁၆ ခြေစစ်ပွဲမှာ ဖြတ်သန်းလာခဲ့မှုကိုကြည့်ရင် နိုင်ပွဲ ခုနစ်ပွဲ၊ သရေပွဲ သုံးပွဲဖြစ်ခဲ့ပေမယ့် ရှုံးပွဲမရှိခဲ့ပါဘူး။ ယူရိုပြိုင်ပွဲ ရှစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ဖူးတဲ့ အီတလီတို့ ၁၉၆၈ ခုနှစ်က ချန်ပီယံတစ်ကြိမ်နဲ့ ဒုတိယတစ်ကြိမ် ရရှိခဲ့ဖူးတဲ့ မှတ်တမ်းကောင်းရှိထားပါတယ်။ ချန်ပီယံဆုနဲ့ ဝေးကွာနေတဲ့ အီတလီတို့ကတော့ အခု ၂၀၁၆ ယူရိုပြိုင်ပွဲမှာတော့ ယူရိုဖလားရယူနိုင်ရေး ရည်မှန်းချက်ထားနေတာမို့ ဘယ်လ်ဂျီယံကို အခွင့်အရေးပေးမှာ မဟုတ်ပါဘူး။ ပြီးခဲ့တဲ့ ယူရို ၂၀၁၂ မှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့တဲ့ အီတလီဟာ ဒီနှစ်မှာ အောင်ပွဲခံရေး ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ခြေစမ်းပွဲမှာတော့ ဘယ်လ်ဂျီယံကို ရှုံးခဲ့တဲ့ ခါးသည်းတဲ့ရလဒ်ကို ဒီပွဲမှာ ပြန်လည်ချေဖျက်ပါလိမ့်မယ်။ အီတလီရဲ့အားနည်းချက်က ကွင်းလယ်ပိုင်းဖြစ်သလို ခံစစ်ပိုင်းကလည်း အမှားအယွင်းလုပ်တတ်တာကို သတိပြုမှ ရပါလိမ့်မယ်။ ဒီပွဲမှာ ဘယ်လ်ဂျီယံရဲ့ ခြေစွမ်းတက်နေမှုက အီတလီကို မျှော်လင့်ချက်ပျက်ပြား စေနိုင်ပါတယ်။




**ဩစတြေးလျနှင့် ဟန်ဂေရီ**

ပေါ်တူဂီ၊ အိုက်စလန်၊ ဩစတြီးယားနဲ့ ဟန်ဂေရီတို့ ပါဝင်တဲ့ အုပ်စု(စ)မှာတော့ ဩစတြီးယားတို့က နောက်တစ်ဆင့်တက်လှမ်းနိုင်တဲ့အသင်းအဖြစ် ရေပန်းစားနေပါတယ်။ လက်ရှိကမ္ဘာ့အဆင့် ၁၀ မှာ ရပ်တည်နေတဲ့ ဩစတြီးယားအသင်းကို ဆွစ်ဇာလန်နိုင်ငံသားနည်းပြ မာဆလ်ခိုလာက တာဝန်ယူကြီးကြပ်နေတာဖြစ်ပါတယ်။ ယူရိုသမိုင်းမှာတော့ ၂၀၁၂ ခုနှစ်က တစ်ကြိမ်သာ ပါဝင်ဆင်နွှဲခဲ့ဖူးပြီး အုပ်စုအဆင့်ကပဲ ပြိုင်ပွဲက ထွက်ခဲ့ပါတယ်။ ဒါကလည်း ၂၀၀၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့လို့ဖြစ်ပေမယ့် အခု ယူရို ၂၀၁၆ မှာတော့ ဩစတြီးယားတို့က ခြေစစ်ပွဲ ၁၀ ပွဲ ကစားခဲ့ရာမှာ ကိုးပွဲနိုင်ပြီး တစ်ပွဲသရေဖြစ်ခဲ့တာကြောင့် ခြေစွမ်းက လျှော့တွက်လို့မရပါဘူး။ ဩစတြီးယားအသင်းမှာ တိုဗစ်၊ ယန်ကို၊ အလာဘာ၊ ဒရာဂိုဗစ်တို့က အားထားရသူတွေဖြစ်ပြီး ရလဒ်ကောင်းရအောင် ဆောင်ကြဉ်းနိုင်သူတွေဖြစ်ပါတယ်။ နည်းပြ ဘန်းစတော့ခ်ရဲ့ ဟန်ဂေရီအသင်းကတော့ ယူရိုသမိုင်းမှာ နှစ်ကြိမ်ဝင်ပြိုင်ခဲ့ဖူးပြီး အမြင့်ဆုံး တတိယတစ်ကြိမ်ရရှိခဲ့ဖူးပါတယ်။ ယူရိုပြိုင်ပွဲနဲ့ နှစ်ပေါင်း ၄၀ လောက် အဆက်ပြတ်သွားတဲ့ ဟန်ဂေရီအသင်းအတွက် ဒီနှစ် ယူရို ၂၀၁၆ ခြေစစ်ပွဲမှာတော့ ခြောက်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲ ရှုံးခဲ့တဲ့မှတ်တမ်းရှိထားပါတယ်။ ဟန်ဂေရီအသင်းမှာ ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေ များများမရှိပေမယ့် အသင်းလိုက် ကစားအားကောင်းတဲ့ အချက်က ဩစတြီးယားကို အခက်ခဲဖြစ်စေနိုင်ပါတယ်။ ဒါပေမယ့် တစ်ဦးချင်းရော၊ အသင်းလိုက်ပါ အားသာမှုရှိတဲ့ ဩစတြီးယားတို့ပဲ နိုင်ပွဲရသွားနိုင်ပါတယ်။ ။

## ယူရို ၂၀၁၆ မှာ ကွင်းလယ်ကစားသမားအဖြစ်သာ ကစားခွင့်ရမယ့် တိုက်စစ်မှူး ရွန်းနေ

အင်္ဂလန် ဝါရင့် တိုက်စစ်မှူး ရွန်းနေဟာ ပြင်သစ်နိုင်ငံမှာ ကျင်းပနေတဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ကွင်းလယ်ကစားသမားအဖြစ်သာ ကစားခွင့်ရမယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က ဆိုပါတယ်။ အင်္ဂလန်အသင်းဟာ မာဆေးမြို့မှာ ရုရှားနဲ့ စတင်ကစားတဲ့ပွဲကစလို့ ကွင်းလယ် ဖန်တီးရှင်အဖြစ် ရွန်းနေကို ထည့်ကစားဖို့ စီစဉ်ခဲ့တာပါ။ ဒါဟာလည်း နည်းပြ ရွိုင်းဟော့ဆင်ရဲ့ဗျူဟာသစ်လို့ ဆိုပါတယ်။ ဒီနည်းဗျူဟာသစ်ဟာ အင်္ဂလန်အသင်းကို ဂိုးသွင်းခွင့်တွေပိုပြီး ဖန်တီးပေးနိုင်မယ့် အခွင့်အရေးဖြစ်တယ်လို့ နည်းပြ ရွိုင်းဟော့ဆင်က အခိုင်အမာ ယုံကြည်ထားပါတယ်။ ဒါဟာ ဥရောပချန်ပီယံပြိုင်ပွဲမှာ တိုက်စစ်မှူးကနေ ကွင်းလယ်ကစားသမားအဖြစ် ကစားစေခဲ့တဲ့ ပထမဆုံး ကစားသမားလည်းဖြစ်ပါတယ်။ မူလက ရွန်းနေကို အထောင်တိုက်စစ်မှူးအဖြစ် စီစဉ်ထားတဲ့ အစီအစဉ်ကို ဖျက်လိုက်ပါတယ်။ ဟယ်ရီကိန်း၊ ဗာဒီနဲ့ ရွန်းနေတို့ရဲ့ တိုက်စစ်အတွဲကို စီစဉ်ထားရာမှ ရွန်းနေကို ကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲလိုက်တာပါ။ ရွန်းနေဟာ ယခင်ကလည်း မန်ယူမှာ ကွင်းလယ်ကစားသမားအဖြစ် ကစားခဲ့ဖူးတဲ့ ကစားသမားဖြစ်ပါတယ်။ သူဟာ အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၁၁ ပွဲ ကစားခဲ့တဲ့ ကစားသမားလည်း ဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ဇွန် ၁၆ ရက်မှာ ဝေလအသင်းနဲ့ အုပ်စုတွေ့ပြီးတော့ ဇွန် ၂၀ ရက်မှာ ဆလိုဗားကီးယားနဲ့ ကစားရမှာဖြစ်ပါတယ်။



## ပရီမီယာလိဂ်ကို ကျောခိုင်းဖို့ရှိနေတဲ့ ကစားသမားများ

ကိုလိုတိုရေး၊ ဗစ်တာဗားဒက်နဲ့ အဒီဘာရောတို့ဟာ ပရီမီယာလိဂ်ကလပ်တွေကနေ ကျောခိုင်းဖို့ ရှိနေတဲ့ ထိပ်တန်းကစားသမားတွေပါ။ အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ တိုရေးဟာ ပြီးခဲ့တဲ့လ ယူရိုပါလိဂ်မှာ ရှုံးပြီးကတည်းက လီဗာပူးက ထွက်ဖို့ ပြင်ဆင်နေတာပါ။ သူဟာ လီဗာပူးမှာ သုံးနှစ်ကြာ ကစားခဲ့ပြီးတဲ့နောက် အသင်းမှ ထွက်ခွာဖို့ ရှိနေတာပါ။ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂိုးသမား ဗားဒက်ဟာလည်း မန်ယူကနေ ထွက်ခွာဖို့ ရှိနေပါ တယ်။ သူဟာ လွန်ခဲ့တဲ့ ၁၈ လအတွင်းမှာ နှစ်ပွဲသာ ကစားခဲ့ရပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိတဲ့ အဒီဘာရောကလည်း ဇန်နဝါရီလက ခရစ္စတယ်ပဲလေ့စ်နဲ့ စာချုပ်ပြီး ထွက်ခွာဖို့ ပြင်ဆင်နေပါတယ်။ မန်စီးတီးကတော့ အသက် ၃၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နောက်တန်းကစားသမား ဒီမီချီလစ်ကို ထွက်ခွာခွင့်ပြုလိုက်ပါပြီ။ ဒီအတောအတွင်းမှာ ကွင်းလယ်ကစားသမား အာတီတာ၊ ဖလာမီနီနဲ့ရှိ ဆစ္စကီးတို့ဟာလည်း လာမယ့်ရာသီမှာ အာဆင်နယ်ကို ပြန်လာမှာ မဟုတ်တော့ဘူးလို့ ဆိုပါတယ်။









## အီဘရာဟီမိုဗစ်နေရာ အစားထိုးဖို့ နေမာကို ပစ်မှတ်ထားနေတဲ့ ပီအက်စ်ဂျီ

ပီအက်စ်ဂျီအသင်းနဲ့အတူ ဖလားတွေ ဆွတ်ခူးခဲ့တဲ့ အီဘရာဟီမိုဗစ်ဟာ ပရီမီယာလိဂ်ကို ရောက်ဖို့ သေချာနေပါတယ်။ သူ့နေရာမှာ အစားထိုးဖို့ ဘာစီလိုနာ တိုက်စစ်မှူး နေမာကို ပီအက်စ်ဂျီက ခေါ်ယူသွားဖို့ ရှိနေပါတယ်။ ပီအက်စ်ဂျီက နေမာကို ခေါ်ယူဖို့ မျှော်လင့်ထားတာပါ။ ပြင်သစ်ချန်ပီယံ ပီအက်စ်ဂျီက နေမာကို မန်ယူကျော်ပြီး ပေါင် ၁၅၃ သန်းအထိ ပေးခေါ်ဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ပီအက်စ်ဂျီအသင်းမှာ လေးနှစ်ကြာ ကစားခဲ့တဲ့ အီဘရာဟီမိုဗစ်ဟာ အသင်းသစ်ရှာဖွေနေတာပါ။ မန်ယူကို ရောက်ဖို့တော့ ရေပန်းစားနေတာပါ။ သူ့နေရာမှာ အစားထိုးနိုင်ဖို့ နေမာကို အရခေါ်ယူသွားဖို့ ပြင်ဆင်နေတာပါ။ တကယ်လို့သာ ပီအက်စ်ဂျီက ဒီပြောင်းရွှေ့ကြေးနဲ့ နေမာကို ခေါ်ဖြစ်မယ်ဆိုရင်တော့ နေမာဟာ ကမ္ဘာ့ပြောင်းရွှေ့ကြေး အမြင့်ဆုံး ကစားသမားဖြစ်လာမှာဖြစ်ပါတယ်။ နေမာဟာ ပြီးခဲ့တဲ့ ရာသီက ၃၄ ပွဲမှာ ၂၄ ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် မကြာသေးမီက ဘာစီလိုနာက ပေါက်ကြားတဲ့သတင်းတွေအရ နေမာဟာ တစ်ပတ်ကို ပေါင် ၇၇၀၀၀ ပဲ ရတယ်လို့ ဆိုပါတယ်။

❑ ကောင်းမြတ်သူ-စုစည်းသည် ❑



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်

# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **မန္တလေးရုံးခွဲရှိ အောက်ဖော်ပြပါ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များအတွက်**

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ရုံးချုပ်(နေပြည်တော်) | 33/11KV (10 KVA) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ 11/0.4KV (315KVA) Transformer 11 Nos တပ်ဆင်ခြင်း |
| ၂ | မန္တလေးတက္ကသိုလ် | ပြင်ပရေရရှိရေးလုပ်ငန်း၊ (၄၀)ဆံ့ ဆရာ/မ အိပ်ဆောင် (၃)ထပ် (၂)လုံး ဆောက်လုပ်ခြင်း၊ မိုးလုံလေလုံအားကစားရုံ(အဟောင်း) အကြီးစားမွမ်းမံ ပြင်ဆင်ခြင်း၊ (၂၅၀)ဆံ့ ကျောင်းသူ အိပ်ဆောင် (၄)ထပ် (၁)လုံး ဆောက်လုပ်ခြင်း၊ မိုးလုံလေလုံအားကစားရုံ(အသစ်) (၁)လုံးဆောက်လုပ်ခြင်း၊ |
| ၃ | တောင်ကြီးတက္ကသိုလ် | အုတ်တိုင်ပုံဖြင့် Chain Link ကာရံခြင်း၊ (၃)ထပ်စာသင်ဆောင် (၁)လုံး၊(၈၀)ဆံ့ ဆရာမများဆောင် (၂) ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ |
| ၄ | စစ်ကိုင်းပညာရေး တက္ကသိုလ် | (၁၆၀)ဆံ့ ကျောင်းသား/သူအိပ်ဆောင် (၃)ထပ် (၂)လုံး၊ (၃)ထပ်စာသင်ဆောင် (၁)လုံး၊ (၈)ခန်းတွဲဆရာ/မများဆောင် (၁)ထပ်(၁)လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ |
| ၅ | မကွေးတက္ကသိုလ် | ဒုတိယပါမောက္ခချုပ်နေအိမ် (၁)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ (၃)ထပ်စာသင်ဆောင် (၄)ဆောင်အတွက် ပတ်လမ်းကွန်ကရစ်ခင်းခြင်း၊ |
| ၆ | မုံရွာ တက္ကသိုလ် | သိပ္ပံသုတေသနဆောင် Chain Link ကာရံခြင်း၊ |
| ၇ | မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ် | ကျောင်းသား/သူအိပ်ဆောင် (၃)ထပ် (၁)လုံး၊ (၃၂)ဦးဆံ့ ဆရာမများဆောင် (၂)ခန်းတွဲ (၄)ထပ် (၁)လုံး၊ (၄)ခန်းတွဲ (၄)ထပ်အမှုထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၈ | မြစ်ကြီးနားတက္ကသိုလ် | ၄' ကျောက်ခွေရေတွင်း (၆၀') တူးဖော်ခြင်း၊ ၂၄' အမြင့် သံရေစင် (၂၄၀၀ ဂါလန်ဆံ့)၊ ၄၀၀၀ဂါလန် Ground Tank(၁၉'×၁၃'×၈') (1.5HP) Submarsible pump (၂)လုံးနှင့် ရေလိုင်းမီးလိုင်းအပါအဝင် |
| ၉ | မုံရွာစီးပွားရေး တက္ကသိုလ် | (၁၆၀)ဆံ့ ကျောင်းသား/ကျောင်းသူ အိပ်ဆောင်များအား Chain Link ကာရံခြင်း၊ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၁၀ | ရတနာပုံတက္ကသိုလ် | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ ပါမောက္ခချုပ်နေအိမ်ဝင်းအား သံပန်းဝင်းထရံကာရံခြင်း၊ ကျောင်းသား/သူအိပ်ဆောင် (၃)ထပ် (၁)လုံး၊ (၄)ခန်းတွဲ (၄)ထပ် အမှုထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၁၁ | မိတ္ထီလာတက္ကသိုလ် | (၄၀၀)ဆံ့ ကျောင်းသား/သူအိပ်ဆောင် (၄)ထပ် (၁)လုံး၊ (၂)ခန်းတွဲ (၂)ထပ် ပါမောက္ခနေအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ |
| ၁၂ | ပခုက္ကူတက္ကသိုလ် | ကျောင်းပတ်လမ်းအား (9') ကျောက်ကြီးစီ၍ လမ်းခင်းခြင်း၊ ဆေးပေးခန်းဆောက်လုပ်ခြင်း၊ |
| ၁၃ | မိတ္ထီလာစီးပွားရေး တက္ကသိုလ် | အရာရှိနေအိမ် (၁)ထပ်(၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း၊ |
| ၁၄ | ကျောက်ဆည် တက္ကသိုလ် | ဒုတိယပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံး၊ (၁၆၀)ဦးဆံ့ ကျောင်းသား အိပ်ဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ |
| ၁၅ | ပင်လုံတက္ကသိုလ် | (၁၆၀)ဆံ့ ကျောင်းသား/သူ အိပ်ဆောင် (၂)ထပ် (၁)လုံး၊ လေးခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ (၂)လုံး၊ (၄)ခန်းတွဲ (၂)ထပ်အရာရှိနေအိမ် (၁)လုံး၊ (၄)ခန်းတွဲ (၄) ထပ်အမှုထမ်းနေအိမ် (၁)လုံး ဆောက်လုပ်ခြင်း |
| ၁၆ | ကလေးတက္ကသိုလ် | ဒုတိယပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံး၊ (၄၀)ဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံး၊ (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ်ရာ(၂)လုံး၊ (၂) ခန်းတွဲ (၂)ထပ် ဝန်ထမ်းနေအိမ် (၃)လုံး (၂)ခန်းတွဲ(၁)ထပ်ဝန်ထမ်းနေအိမ် (၃)လုံး ဆောက်လုပ်ခြင်း |
| ၁၇ | လှိုင်ကော်တက္ကသိုလ် | ဒုတိယပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံး၊ အရာရှိနေအိမ် (၁)ထပ် (၂)လုံးချင်း၊ (၄၀)ဆံ့ဆရာများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ ဘွဲ့နှင်းသဘင် ဘေးပတ်လည် ကားပတ်လမ်းနှင့်ကားရပ်နားရန် နေရာများ ကွန်ကရစ်ခင်းခြင်း၊ |
| ၁၈ | လားရှိုးတက္ကသိုလ် | (၃)ထပ်ဓာတ်ခွဲခန်းဆောင် (၁)လုံး၊ (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ (၁)လုံး ဆောက်လုပ်ခြင်း |
| ၁၉ | ကျိုင်းတုံတက္ကသိုလ် | ဆရာများဆောင် (၂)ထပ် (၁)လုံး၊ (၂)ခန်းတွဲ (၁)ထပ်အရာရှိနေအိမ် (၃)လုံး၊ (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်ရာ (၂)လုံး ဆောက်လုပ်ခြင်း |
| ၂၀ | ဗန်းမော်တက္ကသိုလ် | (၄)ခန်းတွဲ (၁)ထပ် ဝန်ထမ်းနေအိမ် (၁)လုံး၊ အရာထမ်းအိမ်ရာ (၃)လုံး ဆောက်လုပ်ခြင်း ကျောင်းသူဆောင် (၁)၏ စားဖိုဆောင် သွားလမ်းအား (၁း၂း၄) ကွန်ကရစ်လမ်းခင်းခြင်း၊ ကျောင်းသားဆောင်နှင့် ထမင်းစားဆောင်ကြား (၁း၂း၄) ကွန်ကရစ်ခင်းခြင်း၊ |
| ၂၁ | ရွှေဘိုတက္ကသိုလ် | (၃)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ (၁)လုံး၊ (၁၆၀)ဆံ့ကျောင်းသား/သူအိပ်ဆောင် (၂)ထပ် (၁)လုံး၊ (၂၄)ဦးဆံ့ ဆရာမဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ (၆")ရေတွင်း (၈၀၀') တူးဖော်ခြင်း၊ |
| ၂၂ | စစ်ကိုင်းတက္ကသိုလ် | (၂)ထပ်စာသင်ဆောင် (၂)လုံး၊ (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်ရာ (၂) လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း |
| ၂၃ | မြင်းခြံဒီဂရီကောလိပ် | ဆရာ/ဆရာမများဆောင် (၂)ထပ် (၁)လုံး၊ ခြံစည်းရိုးကာရံခြင်း၊ (၄)ခန်းတွဲ (၂)ထပ်အရာရှိ နေအိမ်(၁)လုံး ဆောက်လုပ်ခြင်း |
| ၂၄ | မိုးညှင်း ဒီဂရီကောလိပ် | (၂၀)ဆံ့ ဆရာ/ဆရာမဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ ချိန်းလင့်ခြံစည်းရိုးကာရံခြင်း၊ |
| ၂၅ | မန္တလာဒီဂရီ ကောလိပ် | (၁၆၀)ဆံ့ကျောင်းသား/သူ အိပ်ဆောင် (၃)ထပ် (၁)လုံး၊ (၄၈)ဦးဆံ့ ဆရာ/မများ ဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း |

(ခ) **ရန်ကုန်ရုံးခွဲရှိ အောက်ဖော်ပြပါ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များအတွက်**

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ရန်ကုန်ရုံးခွဲ | နှစ်ထပ်ဘောလုံးကွင်းပွဲကြည့်စင်နှစ်လုံး ဆောက်လုပ်ခြင်း၊ ကမာရွတ်တက္ကသိုလ်နယ်မြေနှင့် လှိုင်တက္ကသိုလ်နယ်မြေတွင် ၁၀" Ø အဝီစိတွင်း နှစ်တွင်းတူးဖော်ခြင်း |
| ၂ | ရန်ကုန်တက္ကသိုလ် | သုံးထပ်ပြည်ပဧည့်ပါမောက္ခ(အရာရှိကြီးအဆင့်)များတည်းခိုဆောင်တစ်လုံး၊ ခြောက်ခန်းတွဲ ငါးထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း၊ တိုးကြောင်လေးစခန်းချိန်းလင့်ခြံစည်းရိုးကာရံခြင်း၊ |
| ၃ | ရန်ကုန်စီးပွားရေး တက္ကသိုလ် | ဇလက်မအုတ်ရေနုတ်မြောင်းများပြုလုပ်ခြင်း၊ ကွန်ကရစ်လမ်းပြုလုပ်ရန် အောက်ခံအမာခံလမ်းပြုလုပ်ခြင်း၊ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာ နှစ်ထပ်နှစ်လုံး ဆောက်လုပ်ခြင်း၊ ပြင်ပမီး 250 KVA Transformer သုံးလုံးတပ်ဆင်ခြင်း၊ နှစ်ထပ်ကျောင်းသား အိပ်ဆောင် တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၄ | ရန်ကုန်ပညာရေး တက္ကသိုလ် | စာသင်ခန်း (၉၆)ခန်းပါ ငါးထပ်စာသင်ဆောင်သစ်တစ်လုံး၊ (၃၆၀)ဆံ့ကျောင်းသူ ငါးထပ် အိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၅ | မော်လမြိုင်တက္ကသိုလ် | (၁၂)ခန်းပါနှစ်ထပ်စီမံအရာထမ်းအဆင့် နေအိမ်တစ်လုံး၊ ရှစ်ခန်းတွဲသုံးထပ်ဝန်ထမ်းနေအိမ်နှစ်လုံး ဆောက်လုပ်ခြင်း၊ ဂါလန် ၆၀၀၀ဆံ့ သံရေစင်တစ်လုံး၊ |
| ၆ | ဒဂုံတက္ကသိုလ် | သုံးထပ်စာသင်ဆောင်တစ်လုံး၊ ရှစ်ခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ သုံးလုံး၊ နှစ်ထပ် (၂၀)ဆံ့ ဆရာမများဆောင်တစ်လုံး၊ နှစ်ထပ် (၂၀)ဆံ့ ဆရာများဆောင် တစ်လုံး ဆောက်လုပ်ခြင်း၊ Chain Link ခြံစည်းရိုးကာရံခြင်း၊ လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း၊ |
| ၇ | ပုသိမ်တက္ကသိုလ် | အထူးပြုသုတေသနစခန်း နှစ်ထပ်တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၈ | စစ်တွေတက္ကသိုလ် | ကျောင်းသား/သူ အိပ်ဆောင်နှစ်လုံး၊ အရာထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် သုံးလုံး၊ အမှုထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ နယ်မြေသစ် အုတ်ခြံစည်းရိုးကာရံခြင်း၊ လျှပ်စစ်မီးတိုင်သွယ်တန်းခြင်း၊ သံရေစင်၊ ရေတိုင်ကီ Over Head Tank (၈၀၀)ဂါလန် နှစ်လုံးတည်ဆောက်ခြင်း၊ |
| ၉ | တောင်ငူတက္ကသိုလ် | သုံးထပ်ကျောင်းသား ကျောင်းသူများအိပ်ဆောင်တစ်လုံး ဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း၊ Chain Link ခြံစည်းရိုးကာရံခြင်း၊ |
| ၁၀ | ပြည်တက္ကသိုလ် | နှစ်ထပ်ပါမောက္ခချုပ်နေအိမ်တစ်လုံး၊ သုံးထပ်စာသင်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၁၁ | ထားဝယ်တက္ကသိုလ် | ရေပေးဝေရေးဇုန်အမှတ်(၃) ဆောင်ရွက်ခြင်း၊ နှစ်ထပ် ကျောင်းသား (၁၃၀)ဆံ့ အိပ်ဆောင်တစ်လုံးဆောက်လုပ်ခြင်း၊ ၃၀' အမြင့်(ဂါလန် ၃၀၀၀)ဆံ့ ကွန်ကရစ်ရေစင်နှစ်လုံး၊ မြေအောက်ရေကန် (ဂါလန် ၃၀၀၀၀)ဆံ့ နှစ်လုံးတည်ဆောက်ခြင်း၊ |
| ၁၂ | ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် | ဘွဲ့နှင်းသဘင်ခန်းမတွင်း Audio System တပ်ဆင်ခြင်း၊ ဘွဲ့နှင်းသဘင်ခန်းမတွင်း Sound Proof တပ်ဆင်ခြင်း၊ နှစ်ထပ် ကျောင်းသား (၁၀၀)ဆံ့ အိပ်ဆောင်တစ်လုံး၊ ရှစ်ခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း၊ |
| ၁၃ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် | ဘွဲ့နှင်းသဘင်ခန်းမတွင်း Audio System တပ်ဆင်ခြင်း၊ ဘွဲ့နှင်းသဘင်ခန်းမတွင်း Sound Proof တပ်ဆင်ခြင်း၊ 33/0.4KV, 500KVA, Transformer နှစ်လုံးအတွက် ဆက်စပ်ပစ္စည်းများဆက်သွယ် တပ်ဆင်ခြင်း၊ ချိန်းလင့်ခြံစည်းရိုး ကာရံခြင်း၊ အုတ်ခြံစည်းရိုးကာရံခြင်း၊ သုံးထပ်စာသင်ဆောင်တစ်လုံး လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း၊ |
| ၁၄ | ဟသ္တာတတက္ကသိုလ် | ပလက်ဖောင်းနှင့် ရေမြောင်းကြားမြေထိန်းနံရံကျောက်စီ ကာရံပေးခြင်း၊ ရှစ်ခန်းတွဲ သုံးထပ်ဆရာ ဆရာမများ ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း |
| ၁၅ | မအူပင်တက္ကသိုလ် | နှစ်ထပ်ကျောင်းသားအိပ်ဆောင် တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၁၆ | ဘားအံတက္ကသိုလ် | ရှစ်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ခြင်း၊ တိုးချဲ့နယ်မြေ Chain Link ကာရံခြင်း |
| ၁၇ | မြိတ်တက္ကသိုလ် | လေးခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာတစ်လုံးဆောက်လုပ်ခြင်း၊ ပြင်ပရေရရှိရေးလုပ်ငန်း (၅)နေရာ၊ |
| ၁၈ | ပဲခူးတက္ကသိုလ် | သုံးထပ်လက်တွေ့ခန်းအဆောက်အအုံ တစ်လုံးဆောက်လုပ်ခြင်း၊ |
| ၁၉ | တောင်ကုတ်ကောလိပ် | သုံးထပ်စာသင်ဆောင်တစ်လုံး၊ နှစ်ခန်းတွဲကထိကအိမ်ရာတစ်ထပ်သုံးလုံး၊ ရှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်ထပ်တစ်လုံး ဆောက်လုပ်ခြင်း၊ Box Culvert ငါးစင်း၊ ရေပိုလွှဲ၊ ရေထုတ်မြောင်း ကျောက်စီနံရံ တည်ဆောက်ခြင်း၊ 315 KVA Transformer ပြင်ပ OVERHEAD LINE တည်ဆောက်ခြင်း၊ ကျောင်းသား/သူ ထမင်းစားဆောင် တစ်ထပ်နှစ်လုံးဆောက်လုပ်ခြင်း၊ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၆-၂၀၁၆ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၁၂-၇-၂၀၁၆ရက်၊ ၁၆း၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရုံးခွဲများရှိ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကိုပေးသွင်းပြီး၊ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်းတင်သွင်းရမည်ဖြစ်ပါသည်။

၄။ (က) **မန္တလေးရုံးခွဲရှိ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များအတွက်** အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ လမ်း ၈၀၊ (၃၄×၃၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၂-၆၀၃၇၁ ၀၂-၆၀၃၇၇၊ ၀၂-၆၀၃၇၈(လိုင်းခွဲ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)နှင့် ၀၂-၃၉၅၁၁ (လိုင်းခွဲ ၁၁၇၊ ၁၁၉၊ ၁၂၀၊ ၁၂၁)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(ခ) **ရန်ကုန်ရုံးခွဲရှိ တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များအတွက်** အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသောအချက်များကို သိရှိလိုပါက ဖုန်း-၀၁-၅၀၂၂၅၇၊ ၀၁-၅၃၉၄၃၇၊ ၀၁-၅၀၄၇၅၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၅။ ကြော်ငြာအပြည့်အစုံ၊ အိတ်ဖွင့်တင်ဒါတင်သွင်းသူများလိုက်နာရမည့် စည်းကမ်းချက်များ၊ အိတ်ဖွင့်တင်ဒါပုံစံဈေးနှုန်း၊ အိတ်ဖွင့်တင်ဒါအာမခံကြေးတို့ကို www.moe.gov.mm နှင့် www.myanmar-education.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒက္ခိဏခရိုင်တရားရုံးတော်၌
### ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဦးဉာဏ်ထွန်းအောင် နှင့် ဦးနေလ
**တရားလို** **တရားပြိုင်**

ဦးနေလ အမှတ်(ဒ-၃၀၆၄၉၊ ဒ-၃၀၆၅၀)၊ ရတီလမ်း၊ ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဉာဏ်ထွန်းအောင်က အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဥပစာမှနှင်ထုတ်ဖယ်ရှားထွက်ခွာသွားစေရန် စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန်လ ၂၈ရက် (၁၃၇၈ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားပြိုင်က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် ဇွန် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး**

---

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
### ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅၇ နှင့်ဆက်နွှယ်သည့်
### ၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၂၉

ဒေါ်စိုးရည် နှင့် ၁။ ဒေါ်စိန်စိန်
၂။ ဒေါ်မျိုးမျိုးသန့်
၃။ ဦးဗိုလ်ထွန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၂)သစ်စက်ဝင်း၊ အခန်း ၄နေ (၁) တရားရှုံး ဒေါ်စိန်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၈၂၉/ခနေ (၃)တရားရှုံး ဦးဗိုလ်ထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၃၅၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်း တစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် ဇွန် ၁၅ ရက် (၁၃၇၈ခုနှစ် နယုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၆ခုနှစ် မေ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထိန်မင်း)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ မြင်းနားကျေးရွာ(ဘ)ဦးအောင်စိုး ၉/ရမသ(နိုင်)၀၅၈၇၉၄ ၏သမီး မဇင်မာခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၁၉၉၁ ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်စွာမင်း ၁၀/မဒန(နိုင်)၀၀၄၆၉၅ ၏ Passport No မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2B/6235 Toyota Dyna BU85 /Van(4x2)® ယာဉ်လက်ဝယ်ရှိသူ Europe & Asia Commercial Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/3966 Multi Purpose Vebicle (SMPV-O) M/B (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းသိန်း(ခ)မျိုးမြင့်အောင် ၉/နထက(နိုင်)၀၇၇၅၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ်၁၁၉၉၊မြေကွက်တည်နေရာအမှတ် ၁၁၉၉၊ ဇွဲကပင်လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်ဝင်း) ISN-၁၁၂၄၈၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်း(ဖခင်)နှင့်ဒေါ်ခင်သိန်း(မိခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သား/သမီးများဖြစ်သော ဦးလှိုင်ဝင်း ၁၂/ဒဂမ(နိုင်)၀၁၀၂၀၁ နှင့် ဒေါ်ခင်ခင်ဝင်း ၁၂/ဥကမ(နိုင်)၁၆၇၇၃၂၊ ဒေါ်ယဉ်ယဉ်ဝင်း ၁၂/ဒဂမ(နိုင်)၀၀၄၃၅၁တို့ သုံးဦးအနက် ဒေါ်ယဉ်ယဉ်ဝင်းကိုယ်စား GP ၁၁၁၈၈/၂၆-၁၀-၁၅ရသူဦးလှိုင်ဝင်းနှင့် ဒေါ်ခင်ခင်ဝင်းတို့မှသား/သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ မိခင်/ဖခင်သေစာရင်းနှင့်ဘေးပတ်ဝန်းကျင် ကျမ်းကျိန်လွှာတို့ နှစ်စောင်ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့်စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**


2016 June လ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက်...
သာမန်တက္ကသိုလ် သွားကြမှာလား?
သို့မဟုတ် Metro IT သင်တန်းကျောင်းတက်ပြီး ဘဝလမ်းကြောင်း ရွေးချယ်ကြမှာလား?
METRO
IT & Japanese Language Centre
ဂျပန်နိုင်ငံမှ IT ပညာရပ်များကို လေ့လာသင်ယူနိုင်မည့် သင်တန်းကျောင်းကို မြန်မာနိုင်ငံ၌ 2015 November တွင် စတင်ဖွင့်လှစ်ခဲ့ပြီး 2016 July တွင် တန်းခွဲသစ်ကို ထပ်မံဖွင့်လှစ်ပါတော့မည်။
သင်ကြားမည့် ဘာသာရပ်များမှာ
၁။ SYSTEM CREATOR ဘာသာရပ်
၂။ PC DESIGN CREATOR ဘာသာရပ်
၃။ IT OFFICE MANAGEMENT ဘာသာရပ်
IT ဘာသာရပ်ကို သင်ကြားမည့် ကျောင်းသားကျောင်းသူများအတွက် ဂျပန်ဘာသာရပ်ကိုလည်း တွဲဖက်သင်ကြားပေးပါမည်။
ENROLL NOW!!!!!
ဆက်သွယ်ရန် - 3rd Floor, Kyaw Business Tower Condo, ပန်းဆိုးတန်းလမ်း ၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖုန်း - 01-372610, 09-262007800, 09-976334160
Mail - mminfo@metro-myanmar.com Facebook - metrogroupmyanmar
Web - www.metro-myanmar.com/mic
GREAT CHANCE SEMINAR
JUNE 18(SAT) 19(SUN) 1:00-3:00 pm
METRO IT & JAPANESE LANGUAGE CENTRE တွင် SEMINAR များရှိပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်း၍ အခမဲ့ တက်ရောက်ဆွေးနွေးနိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူနေသော လူနာများအတွက်လိုအပ်သည့် အောက်ဖော်ပြပါတို့ကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု**
(က) ဆေးဝါးများ
(ခ) ဓာတ်ခွဲခန်းသုံးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များ
(ဃ) ဆေးပစ္စည်းများ

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၉-၇-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများ အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

# လေလံတင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရှိ အသုံးပြုပြီးသော စက်ပစ္စည်းအဟောင်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံတင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် တင်ဒါစည်းကမ်းချက်များနှင့် ဈေးနှုန်းတင်သွင်းလွှာပုံစံများကို ဖြည့်တင်းရေးဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ၂၂-၆-၂၀၁၆ရက်ထိ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ သိရှိလိုသည့်အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၁၀၃၁၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်**

---

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနတွင် အသုံးပြုရန်လိုအပ်သော ရုံးသုံးစက်ကိရိယာ(၈)မျိုးနှင့် ရုံးသုံးပရိဘောဂ (၁၀)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၃-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

---

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် သန့်ရှင်းသောသွေးကောင်းသွေးသန့်များရရှိရေးအတွက် လိုအပ်သောဆေးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန်ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့် ဆေးရုံသုံးစက်ကိရိယာပစ္စည်းများစာရင်း အသေးစိတ်ကို ဒုတိယညွှန်ကြားရေးမှူး(ဆေးနှင့်ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၇-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀ နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၁-၃၇၁၂၈၄၊ ၀၁-၃၇၂၃၆၂

**ဗဟိုဆေးသိုလှောင်ရေးဌာန၊ ကုသရေးဦးစီးဌာန**

---

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၊ မင်းဘူးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ မင်းဘူးမြို့ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လူနာများအား ကုသပေးရန်လိုအပ်သော (FDA)အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ၊ ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၄-၆-၂၀၁၆ ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၇-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး**
**မင်းဘူးမြို့**
**ဖုန်း-၀၆၅-၂၁၀၃၇**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၈ ခုနှစ် နယုန်လဆန်း ၈ ရက်**
**၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်**

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၊ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ၂၀၁၆ခုနှစ် ဇွန် ၂၄ ရက်မှ ဇူလိုင် ၆ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ **ခွင့်ပြုမိန့်**ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ **လိုင်စင်**ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များ၊ **ကျောက်မျက်ရတနာကုမ္ပဏီ မှတ်ပုံတင်**ရရှိပြီးသူများ၊ **မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို** သတ်မှတ်ချက်များနှင့်အညီ ရတနာပြပွဲသို့ **တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး** မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ **ကျောက်မျက်ရတနာပြပွဲသို့တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။**

၄။ **၂၀၁၆ ခုနှစ် ဇွန် ၁၃ ရက်မှစတင်၍** မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားသော စီမံရေးရာ လုပ်ငန်းကော်မတီရုံးတွင် **ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ပြပွဲတက်ရောက် ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ** ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၅။ **၂၀၁၆ ခုနှစ် ဇွန် ၁ ရက်မှစတင်၍** ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၊ ပြပွဲဝင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပိုမိုအဆင်ပြေစေရေးအတွက် ပြပွဲဝင်ခွင့်ပုံစံများကို www.mining.gov.mm နှင့် www.mge.gov.mm တို့မှတစ်ဆင့် **Download** ရယူ၍ ကြိုတင်ဖြည့်စွက်မှတ်ပုံတင်နိုင်ပါသည်။ On-Line မှတစ်ဆင့် လျှောက်ထားလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website **www.mge.gov.mm, On-Line Pre-Registration System တွင် ကြိုတင်မှတ်ပုံတင်၍** ပြပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၆ ခုနှစ် (၅၃)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်) ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

---

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**
**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့**
**တနင်္သာရီတိုင်းဒေသကြီး**

၁။ ကျန်းမာရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး ထားဝယ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများနှင့် ဓာတ်ခွဲ ဓာတ်မှန်ခန်းသုံး ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**-၁၅-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၈-၇-၂၀၁၆ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၃၄၈၊ ၀၅၉-၂၂၁၆၉**

---

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန (မွေးရေကျေးလက်)**
**ဝန်ကြီးရုံးသက်သာချောင်ချိရေးကော်မတီပိုင် မော်တော်ယာဉ်ဟောင်းများ**
**လေလံတင်ရောင်းချရန်ကြော်ငြာခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(မွေးရေကျေးလက်)၊ ပြည်ထောင်စုဝန်ကြီးရုံး သက်သာချောင်ချိရေးကော်မတီ Micro Bus (Toyota Hiace)(GLH-125) တစ်စီး၊ Light Truck (Mazda Titan) (WEL 4C) နှစ်စီးနှင့် Mini Bus (Nissan Civilian) (MGN 40)နှစ်စီး၊ စုစုပေါင်း မော်တော်ယာဉ် ငါးစီးအား ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ လေလံတင်ရောင်းချမည့်မော်တော်ယာဉ် ငါးစီး၏ အချက်အလက်များအား လေလံလျှောက်လွှာ၊ စည်းကမ်းချက်ပုံစံတွင် ပူးတွဲဖော်ပြထားရှိပြီး လေလံလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများအား ၁၅-၆-၂၀၁၆ ရက်မှ ၂၄-၆-၂၀၁၆ရက်ထိ ရုံးဖွင့်ချိန် ၀၉း၃၀နာရီမှ ၁၅း၃၀နာရီအတွင်း ရုံးအမှတ်(၃၆)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်တွင် ရောင်းချပါမည်။

၃။ လေလံတင်ရောင်းချခြင်းအား ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၂၈-၆-၂၀၁၆ရက် ၁၃း၀၀နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၀၅၃၊ ၀၆၇-၄၀၈၂၇၀၊ ၀၆၇-၄၀၈၂၁၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်**- ၁၅-၆-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၇-၂၀၁၆ရက် - ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**စိတ်ကျန်းမာရေးဆေးရုံကြီး**
**မန္တလေးမြို့**
**ဖုန်း-၀၉-၉၇၅၂၇၂၀၃၉၊ ၀၉-၂၅၉၄၇၆၁၈၅**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသနေသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** -၁၃-၆-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၁၂-၇-၂၀၁၆ ရက်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ စစ်တွေမြို့၊**
**ဖုန်း-၀၄၃-၂၁၀၇၁၊ ၂၃၅၁၂၊ ၀၉-၂၆၄၆၂၂၂၃၀**

---

**ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါ ဟိုတယ်ဧည့်ဝန်ဆောင်မှု သင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်ပါမည်**

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| ၁။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၂။ | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း (အဆင့် ၂) (Senior Travel Consultant and Sales Services) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း (အဆင့် ၁) အောင်မြင်ပြီးသူများ၊<br>- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့် အောင်မြင်ပြီးသူများ (သို့) ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| ၃။ | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့် ၁) | - တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| ၄။ | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၅။ | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေး သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၆။ | အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်း (အဆင့် ၁) | - တက္ကသိုလ်ဝင်တန်း |
| ၇။ | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေးသင်တန်း (အဆင့် ၁) | - ဤသင်တန်းဌာနမှအခြေခံ(အဆင့် ၁) အစားအစာထုတ်လုပ်ရေးသင်တန်း တက်ရောက်ပြီးသူ(သို့)တက္ကသိုလ်ဝင်တန်းအဆင့်ရှိစိတ်ပါဝင်စားသူများ။ |
| ၈။ | ဟိုတယ်ဆိုင်ရာ ကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စာရင်းကိုင်၊ (စီမံ/ဘဏ္ဍာ) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့)ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာအခြေခံကျွမ်းကျင်သူ။ |
| ၉။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) အိပ်ခန်းထိန်းမှူး(အခန်းဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့် (၁)သင်တန်းတစ်ခုအောင်မြင်ပြီးသူ (သို့) တစ်နှစ်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |
| ၁၀။ | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့် ၂) စားသောက်ခန်းမှူး (အစားအစာဌာနကြီး) | - တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏ အဆင့် (၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ (သို့)တစ်နှစ် လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

**သင်တန်းကာလ** ၁၁-၇-၂၀၁၆ ရက်မှ ၂-၉-၂၀၁၆ ရက်
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး၊ ဓာတ်ပုံ (၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံစာ ပူးတွဲတင်ရမည်။
**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၄၈၃၆**

---

# သက်ဆိုင်သူနှင့်အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ တော်ရွက်ရပ်ကွက်၊ အမှတ် တရ-၆၆ နေ ဒေါ်ဂျာမိုင် ၁၃/မဆတ(နိုင်)၀၃၆၈၇၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဂျာမိုင်၏ခင်ပွန်း ဦးကျော်အေးထွန်း ၁၂/ပဇတ(နိုင်)၀၂၉၄၈၉ သည် ယခုအခါ အခြားမြို့များ၌ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ ဦးကျော်အေးထွန်းနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ ငွေကြေးကိစ္စရပ်များ၊ လူမှုရေး၊ ငွေကြေးကိစ္စရပ်များသည် ဦးကျော်အေးထွန်းနှင့်သာ သက်ဆိုင်ပါသဖြင့် ဖြေရှင်းဆောင်ရွက်ရန်ကိစ္စအရပ်ရပ်တို့အား ဦးကျော်အေးထွန်းနှင့်သာ ဖြေရှင်းဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းမေခင်**
**LL.B,D.M.L**
**စဉ်-၂၁၂၂၃**

---

**ဖခင်အမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(၄)၊ တက္ကသိုလ်ဝင်တန်း($B_7$)မှ မဝင့်ယုယထွေးနှင့် အလက(ရှမ်းရွာ)ပဉ္စမတန်းမှ မောင်ရဲရင့်ထက်မြက်တို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဥ ဖြစ်ပါသည်။

**မိဘအမည်မှန်**
မြစ်ကြီးနားမြို့၊ အထက(ခွဲ)၊ နောင်နန်း-၅၊ တက္ကသိုလ်ဝင်တန်း(B)မှ မဒွဲလိန်နှင့် မထွယ်ဂျာတို့၏ မိဘအမည်မှန်မှာ ဦးလမာနော် နှင့် ဒေါ်နန်ဆန် ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
မြောက်ဦးမြို့၊ ပညာနန်းရိပ်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မမြတ်လေးသူ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဘု ၁၁/မဥန(နိုင်)၀၀၉၀၉၇ ဖြစ်ပါကြောင်း။
**ဦးသိန်းဘု**

**အမည်မှန်**
မြောက်ဦးမြို့နယ်၊ ကျောက်ကျပ်ကျေးရွာနေ ဦးမောင်စံမင်း ၁၁/မဥန(နိုင်)၀၁၈၁၈၆ ၏သမီး သရက်တပင်အထကခွဲမှ မမိုးလှအေး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမြဝင်းစိုး ဖြစ်ပါကြောင်း။ **မမြဝင်းစိုး**

**အမည်ဖြည့်စွက်**
မြောက်ဦးမြို့နယ်၊ ကျောက်ကျပ်ကျေးရွာနေ ဦးမောင်စံမင်း ၁၁/မဥန(နိုင်)၀၁၈၁၈၆ ၏သမီး ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ မစောစောညွန့်အား မစိုးစိုးညွန့်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
**မစိုးစိုးညွန့်**

**ဖခင်အမည်မှန်**
မင်းပြားမြို့နယ် အထက-ပန်းမြောင်း နဝမတန်းမှ မခိုင်သန္တာစိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၁၁/မပန(နိုင်)၀၈၂၉၈၅ ဖြစ်ပါကြောင်း။
**ဦးခင်မောင်ဝင်း**

**ဖခင်အမည်မှန်**
မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အထက(၈)တက္ကသိုလ်ဝင်တန်း(ခ)မှ မနိုင်အေးငြိမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးခိုင်ဇော်လင်း ၅/ဘတလ(နိုင်)၀၄၇၈၂၄ ဖြစ်ပါကြောင်း။
**ဦးခိုင်ဇော်လင်း**

**မွေးသက္ကရာဇ်အမှန်**
သီပေါမြို့၊ ပန်းတိမ်မြောက်ရပ်ကွက်၊ ဦးမြတ်သိန်း - ဒေါ်နုနု တို့၏သမီး အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) မူ/လွှန်(၁)မှ ကျောင်းဝင်အမှတ်(၀၆၅၄) မခိုင်ဝေဦး၏ မွေးသက္ကရာဇ်မှာ ၂၆-၁၁-၂၀၀၁ ဖြစ်ပါကြောင်း။

**အမည်ပြောင်း**
ဦးသူတာဗဟာဒူး ၉/မကန(နိုင်) ၁၂၄၇၅၁ ၏သား တာချီလိတ်မြို့၊ ပုန်းထွန်း အထက(ခွဲ) ပထမတန်း(A)မှ မောင်ဆန်နီ(ခ)ကူရှားလ်အား မောင်ဟိန်းဇော်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဟိန်းဇော်ထွန်း**

**ဖခင် အမည်မှန်**
တောင်ဥက္ကလာပမြို့နယ်၊ အ.ထ.က(၄)၊ အထက်တန်းကျောင်း၊ သတ္တမတန်းမှ မဆုစံဝင်း၏ ဖခင်အမည်မှန်မှာ ဦးအိုက်ကတ် (၁၃/ လရန (နိုင်)၀၄၈၆၅၅) ဖြစ်ပါကြောင်း။
**ဦးအိုက်ကတ်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးကျော်ဟိန်း၏သား ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ဇီးဖြူကုန်း အထကမှ မောင်ဖွဲ့အောင်(ခ)မောင်ဖွဲ့ထက်အောင် ၅/ကနန(နိုင်)၁၀၈၃၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**
ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ဇီးဖြူကုန်း အထက တက္ကသိုလ်ဝင်တန်းမှ မသူသူ၏ ဖခင်အမည်မှန်မှာ ဦးချစ်စန်းကို ဖြစ်ပါသည်။
**ဦးချစ်စန်းကို**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**
ယာဉ်အမှတ် ၆ဃ/၄၃၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



အူရီဒူး Facebook Plus
ooredoo
Facebook ၃ ကျပ် / MB
အူရီဒူး အချင်းချင်း အခမဲ့
အခြား ကွန်ရက်များသို့ ၂၀ ကျပ် / မိနစ်
အခမဲ့ ရယူဖို့ *4444# သို့ခေါ်ဆို၍ (သို့) 4444 သို့ FB ဟု SMS ပေးပို့ပါ
စည်းမျဉ်းစည်းကမ်းသေးစိတ်ကို ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။




SAMSUNG Galaxy On7
ဖျော်ဖြေမှုရသပေါင်းစုံကိုခံစားလိုက်ပါ
မေတ္တာလက်ဆောင်
16GB Micro SD Card
• ပါးလွှာသွယ်လျသောဒီဇိုင်း
• Home Button ခလုတ်ကို နှစ်ချက်နှိပ်ရုံဖြင့် ဓာတ်ပုံတန်းရိုက်နိုင်မည့် Quick Launch
• ဘက်ထရီအားအနည်းဆုံးအချိန်မှာပင် အချိန်အတော်ကြာ ဆက်ပြီး အသုံးပြုနိုင်မယ့် ultra-power saving mode
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG



# မိုးအဆက်မပြတ်ရွာ၍ မြန်အောင်၌ လမ်းတံတားများပျက်စီး

**မြန်အောင် ဇွန် ၁၂**

မြန်အောင်မြို့နယ်အတွင်း မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး လမ်းတံတားများပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ဇွန် ၁၁ ရက်က အစယ်ကျေးရွာအုပ်စု မဲဇင်းကျေးရွာ မဲဇင်းတံတားအရှေ့ဘက် ချဉ်းကပ်လမ်း ပေ ၂၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့ပြီး သဲဘိုကျေးရွာအုပ်စု ထိန်သေးကုန်းကျေးရွာ ကဇွန်းရိုးတံတား၊ ဖင်လှန်ရိုးတံတား၊ အုတ်လှိုင်တံတားနှင့် ရေသိုးချောင်းတံတားတို့ ရေမျောပါပျက်စီးခဲ့ကြောင်းသိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ◆

# ယူရို ၂၀၁၆ ပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ် အင်္ဂလန်နှင့်ရုရှား တစ်ဂိုးစီသရေရလဒ်ဖြင့်ပြီးဆုံး

ယူရို ၂၀၁၆ ပြိုင်ပွဲအုပ်စု(ခ)ပွဲစဉ် အင်္ဂလန်နှင့်ရုရှားတို့ ဇွန် ၁၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အင်္ဂလန်နှင့်ရုရှားပွဲတွင်အင်္ဂလန်သည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် လယ်လာနာ၊ ဟယ်ရီကိန်း၊ စတားလင်းတို့ပွဲထွက်ခဲ့သည်။ ရုရှားအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် တိုက်စစ်မှူးဒီဇူဘာကိုအထောင်ထား၍ပွဲထွက်လာသည်။ အင်္ဂလန်အသင်းသည် ပွဲချိန်ပြည့် တိုက်စစ်မြှင့်ခဲ့ပြီး ရုရှားသည် ခံစစ်အသားပေးကစားခဲ့၍ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမရရှိခဲ့ပေ။ ဒုတိယပိုင်း ၇၃ မိနစ်တွင် အင်္ဂလန်အသင်း ၁၈ ကိုက်အစပ်တွင်ပြစ်ဒဏ်ဘောရရှိရာ ကွင်းလယ်ကစားသမား အီရစ်ဒီယာက တိုက်ရိုက်သွင်းယူခဲ့သည်။ ခံစစ်မာကျောသော ရုရှားအသင်းသည် ပေးဂိုးပေးလိုက်ရသဖြင့် ခံစစ်အသွင်မှ ပွဲပြီးခါနီးတွင်တိုက်စစ်မြှင့်ခဲ့ပြီး နာကျင်အချိန်ပိုတွင် ဖြတ်တင်ဘောမှ တစ်ဆင့် အသင်းခေါင်းဆောင်ဘီရီဇွတ်စကီးက ခေါင်းတိုက်သွင်းယူခဲ့၍ ရုရှားတို့ ချေပဂိုးရရှိခဲ့သည်။ မထင်မှတ်ထားသောအချိန်ပိုင်းတွင် သွင်းယူခဲ့သောဂိုးကြောင့် အင်္ဂလန်တို့ သရေရလဒ်ဖြင့်သာကျေနပ်ခဲ့ရသည်။ ယင်းပွဲတွင် အင်္ဂလန်ကဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိပြီး ငါးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ ရုရှားသည်ခြောက်ကြိမ်သာ အခွင့်အရေးရပြီးနှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ ယခုပွဲသရေရလဒ်ကြောင့် အင်္ဂလန်တို့အနေဖြင့်ယူရိုပြိုင်ပွဲ အဖွင့်ပွဲစဉ်များတွင် အနိုင်မရသည့်အစဉ်အလာကို ဆက်လက်ထိန်းနိုင်ခဲ့သည်။ *စာမျက်နှာ ၁၄ ကော်လံ ၁* ○

## မိုးကြိုးနိုင်

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်တောင်ပိုင်းတို့တွင်နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ဘူးသီးတောင်၌ မိုးသည်းထန်စွာရွာသွန်း၊ လမ်းတံတားများပျက်စီး

စာမျက်နှာ-၈

## အမေရိကန်အဆိုတော်တစ်ဦး အမှတ်တရလက်မှတ်ရေးထိုးစဉ် ပစ်သတ်ခံရ

စာမျက်နှာ-၁၀

## ဗီကာကြောင့် ဘရာဇီးအိုလံပစ်ပွဲ အလှမ်းဝေးရတော့မည်လား

စာမျက်နှာ-၁၁

# နန်နင်း-အာဆီယံ နိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲ မြန်မာလှေလှော်အဖွဲ့ ရွှေတံဆိပ်နှစ်ခုရရှိ

**သတင်း-ဓာတ်ပုံ-ချစ်ကိုကို**

**ရန်ကုန် ဇွန် ၁၂**

တရုတ်နိုင်ငံတွင် ဇွန် ၁၁ ရက်က ကျင်းပခဲ့သည့် နန်နင်း-အာဆီယံ နိုင်ငံတကာ နဂါးလှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် အောင်ပွဲရမြန်မာလှေလှော်အဖွဲ့သည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံလှေလှော် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းနှင့် အမှုဆောင်များ၊ အား/ကာသိပ္ပံ(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။




ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် အောင်ပွဲရမြန်မာလှေလှော်အဖွဲ့ကို တွေ့ရစဉ်

နန်နင်း-အာဆီယံနိုင်ငံတကာနဂါးလှေလှော်ပြိုင်ပွဲကို ဇွန် ၁၁ ရက် တစ်ရက်တည်းသာ ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့သည် ဝင်ရောက်ယှဉ်ပြိုင်သည့်ပြိုင်ပွဲနှစ်ခုစလုံး၌ အောင်မြင်မှုရရှိခဲ့သည်။ မြန်မာလှေလှော်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အမျိုးသား မီတာ ၂၀၀၊ ၁၂ တက်လှော်ပြိုင်ပွဲတွင် တစ်ခု၊ အမျိုးသားမီတာ ၅၀၀၊ ၁၂တက်လှော်ပြိုင်ပွဲတွင် တစ်ခုတို့ ရယူပေးနိုင်ခဲ့ပြီး ထိုင်းအသင်းသည် ငွေတံဆိပ်ဆုများသာ ရယူနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲကိုအာဆီယံအသင်းများနှင့် တရုတ်ကလပ်အသင်းစုစုပေါင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်အား အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက်ပိုင်း ပထမဆုံးယှဉ်ပြိုင်သည့် နိုင်ငံတကာပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အောင်ပွဲရမြန်မာလှေလှော်အဖွဲ့တွင် အုပ်ချုပ်၊ နည်းပြအဖွဲ့ဝင်သုံးဦး၊ ကစားသမား ၁၄ ဦး ပြန်လည်လိုက်ပါလာသည်။

